# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၂ |
| ၂ | တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၄ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ ကို မှတ်တမ်းတင်ခြင်း | ၆ |
| ၅ | ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီအဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူခြင်း | ၇ |
| ၆ | ဖောက်လုပ်ပြီး ကျေးရွာချင်းဆက်လမ်းများအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တင်ဒါအောင်ပြီး ကုမ္ပဏီများမှ စာချုပ်ပါအတိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းရှိ/မရှိ ကို မည်သည့်အဖွဲ့အစည်းက တာဝန်ယူကြီးကြပ်၍ အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | ထီးချိုင့်မြို့နယ် ဂရိတ်ဝေါလ်-ဝေမာသကြားစက် ကြံသယ်ကားများနှင့် စက်ရုံအကြား ကြံသယ်ယူခ ဈေးနှုန်းအား မည်သို့ညှိနှိုင်းသတ်မှတ်ပေးမည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသော ကြံသယ်ကားများအား မည်သို့အရေးယူမည်နှင့် မန္တလေး-ဗန်းမော် ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ်(108.28 Km)နှင့် (117 Km)အကြား လမ်းပိုင်းအား ပြင်ဆင်ထိန်းသိမ်းစရိတ်တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၈ | ကနီမြို့နယ်ရှိ မင်းအို-အိုင်တောင်-နတ်တောင်-နွားခြံကုန်းလမ်းအား လမ်းတာချဲ့နိုင်ရန်နှင့် လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၉ | မင်းဘူး(စကု)မြို့အတွင်း နှစ်စဉ်ဖြစ်ပေါ်နေသော မြေနုကျွန်းခွဲဝေ ချထားရေး ကိစ္စများကို စိုက်ပျိုးချိန် အမီ ဥပဒေနှင့်အညီ အမြန်ဆုံးချထားနိုင်ရေး | ၃၀ |

| | | |
|---|---|---|
| | မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၀ | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကျောင်းသားများ လက်တွေ့ သင်ကြားနိုင်ရန် Commercial Farms အကောင်အထည်ဖော်ခြင်း ရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၈ |
| ၁၁ | စေတုတ္တရာမြို့နယ်ရှိ မုန်းတမံရေဝပ်ဧရိယာတွင် နစ်မြုပ်ခဲ့သော ကျေးရွာ ၁၃ ရွာမှ ဒေသခံပြည်သူ များအတွက် CSR လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးခဲ့ခြင်း ရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၄၅ |
| ၁၂ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမားများအတွက် တောင်သူ လယ်သမားနေ့အဖြစ် မတ်လ ၂ ရက်နေ့ကို သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးရန်နှင့် ဗြိတိသျှ နယ်ချဲ့အစိုးရအား ဆရာစံဦးဆောင်ပြီး တောင်သူလယ်သမားများကိုယ်တိုင် စတင်တော်လှန်ခဲ့သည့် ဒီဇင်ဘာလ (၂၂)ရက်နေ့ကို ပြောင်းလဲသတ်မှတ်အတည်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း | ၅၁ |
| ၁၃ | ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံရှိ တောင်သူ လယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျ ကျစ်လျစ်ခိုင်မာစွာ လုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်ရန်နှင့် တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာန တစ်ခုအား ပြည်ထောင်စု အဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၅၉ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၁၁၀ |

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

## (၇-၁၁-၂၀၁၉) (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီအဖွဲ့ဝင် အစားထိုးပြင်ဆင် ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်း တို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **ဖောက်လုပ်ပြီး ကျေးရွာချင်းဆက် လမ်းများအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တင်ဒါအောင်ပြီး ကုမ္ပဏီများမှ**

**စာချုပ်ပါအတိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို မည်သည့်အဖွဲ့အစည်းက တာဝန်ယူကြီးကြပ်၍ အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ် ဂရိတ်ဝေါ-ဝေမာ သကြားစက် ကြံသယ်ကားများနှင့် စက်ရုံအကြား၊ ကြံသယ်ယူခစျေးနှုန်း အား မည်သို့ညှိနှိုင်းသတ်မှတ်ပေးမည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော ကြံသယ်ကားများအား မည်သို့အရေးယူမည်နှင့် မန္တလေး-ဗန်းမော် ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် (108.28 Km)နှင့် (117 Km)အကြား လမ်းပိုင်းအား ပြင်ဆင်ထိန်းသိမ်းစရိတ်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်ရှိ မင်းအို-အိုင်တောင်-နတ်တောင်-နွားခြံကုန်းလမ်းအား လမ်းတာချဲ့နိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု)မြို့အတွင်း နှစ်စဉ် ဖြစ်ပေါ်နေသော မြေနုကျွန်းခွဲဝေချထားရေးကိစ္စများကို စိုက်ပျိုးချိန် အမီ ဥပဒေနှင့်အညီ အမြန်ဆုံး ချထားနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကျောင်းသားများ လက်တွေ့ သင်ကြားနိုင်ရန် Commercial Farms အကောင်အထည်ဖော်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်ရှိ မုန်းတမံရေဝပ်ရေရိယာတွင် နစ်မြုပ်ခဲ့သော ကျေးရွာ (၁၃) ရွာမှ ဒေသခံပြည်သူများအတွက် CSR လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးခဲ့ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်းရှိ တောင်သူလယ်သမားများအတွက် တောင်သူလယ်သမားနေ့အဖြစ် မတ်လ (၂) ရက်နေ့ကို သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးရန်နှင့် ဗြိတိသျှ နယ်ချဲ့အစိုးရအား ဆရာစံ ဦးဆောင်ပြီး တောင်သူလယ်သမားများကိုယ်တိုင် စတင်တော်လှန်ခဲ့သည့် ဒီဇင်ဘာလ(၂၂) ရက်နေ့ကို ပြောင်းလဲသတ်မှတ် အတည်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်က တင်သွင်းသည့် **“မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျ ကျစ်လစ်ခိုင်မာစွာ လုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် တောင်သူလယ်သမား မိသားစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနတစ်ခုအား ပြည်ထောင်စုအဆင့်တွင် ထပ်မံတိုးချဲ့ ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

(ခ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၊

(ဂ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၊

(ဃ) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၊

(င) ဦးအေးမောင်၊ ဘောလခဲ မဲဆန္ဒနယ်၊

(စ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၊

(ဆ) ဦးအောင်ကြည်သိန်း၊ ချောင်းဆုံ မဲဆန္ဒနယ်၊

(ဇ) ဗိုလ်မှူးဇော်ဇော်မိုး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဈ) ဗိုလ်မှူးစံဝင်းခိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ဋ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(ဌ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဍ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဎ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**တတိယနေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်**

**(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် ရက်စွဲပါကြေညာချက်အမှတ်(၂၀၂/၂၀၁၉)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲထားတာ ရှိပါ တယ်။ ဒါကြောင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ် ရေးထိုးရမှာဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့် ကိုယ်စားလှယ်သည် မိမိစားပွဲပေါ်ရှိ ကတိသစ္စာ ပြုလွှာကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန် ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က လိုက်ဆိုဖို့ဖြစ်ပါတယ်။ ကွက်လပ်နေရာမှာ မိမိရဲ့အမည်ကို ထည့်သွင်း

ရွတ်ဆိုရန်ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ကတိသစ္စာပြုရန် အသင့်ဖြစ်စေလိုပါတယ်။

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် တစ်ဦးက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ်ဗိုလ်မှူးချုပ်တင်ဆန်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက် မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သည် ဥက္ကဋ္ဌ၏ရှေ့မှောက် တွင် ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသား၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေး အပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံရန်ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြု ပြီးသည့်ကိုယ်စားလှယ်သည် မိမိအတွက်သတ်မှတ်ထားသည့်နေရာသို့ ပြန်လည် နေရာယူရန်ဖြစ် ပါတယ်။

[ကတိသစ္စာပြုသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အမည် စာရင်းအား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။]

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။**  ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၉၆ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။**  ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။**  ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။**  ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်

အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၉ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၂) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၅) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၆) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၂ ရက်၊

(၇) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်၊

(၈) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၉) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၁ ရက်၊

(၁၀) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၁) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၂ ရက်၊

(၁၂) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဋ္ဌေး ခွင့် ၂ ရက်၊

(၁၃) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၁၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၁၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၁၆) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၁ ရက်၊

(၁၇) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၁၈) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်နှင့်

(၁၉) မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီအဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကဖွဲ့စည်းထားသောကော်မတီများတွင် ကော်မတီအဖွဲ့ဝင်အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီမှအဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး(ဗိုလ်တထောင်မဲဆန္ဒနယ်)အစား ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)အားလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)အစား ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို(ဒေါပုံမဲဆန္ဒနယ်)အား လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)အား ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ပြီးဖြစ်၍ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်မှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ကော်မတီအဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကိုအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

မူကြမ်း

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဖောက်လုပ်ပြီး ကျေးရွာချင်းဆက်လမ်းများအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တင်ဒါအောင်ပြီး ကုမ္ပဏီများမှ စာချုပ်ပါအတိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းရှိ/မရှိကို မည်သည့်အဖွဲ့အစည်းက တာဝန်ယူကြီးကြပ်၍ အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောက်လုပ်ပြီး ကျေးရွာချင်းဆက်လမ်းများကို ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် တင်ဒါအောင်ပြီးကုမ္ပဏီများမှဆောင်ရွက်ခဲ့သော လုပ်ငန်းများအား စာချုပ်ပါပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမရှိသည်များကို မည်သည့်အဖွဲ့အစည်းက တာဝန်ယူကြီးကြပ်ပြီး မည်ကဲ့သို့အရေးယူဆောင်ရွက်ပေးနေသည်ကိုသိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အစိုးရသစ်ရဲ့လက်ထက်မှာ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ် ကဏ္ဍများနှင့်အတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကိုလည်း ပိုမိုဖွံ့ဖြိုးအောင်

ကြိုးစားဆောင်ရွက် နေတာကို တွေ့ရှိရပါတယ်။ ချင်းပြည်နယ်အပါအဝင် အထူးသဖြင့် တိုင်းရင်းသားဒေသများမှာလည်း ကျေးရွာချင်းဆက်လမ်းများကို ပိုမိုဖောက်လုပ်ပေးနေတာတဲ့ ဟာကိုလည်း တွေ့ရှိရတဲ့အတွက် တိုင်းရင်းသားပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ဒါပေမဲ့ တချို့ကုမ္ပဏီများဟာ ကျွန်တော်တို့သတ်မှတ် ထားတဲ့ စာချုပ်ပါစည်းကမ်းအတိုင်း ပြုပြင်ထိန်းသိမ်းမှုများမလုပ်နေတာကိုတွေ့ရှိရသလို ပြင်ဆင်ထိန်းသိမ်းတဲ့စာချုပ်နှစ်ကုန်တဲ့အချိန် မှာလည်း ပြင်ဆင်စရိတ်တွေချပေးခြင်းမရှိတဲ့အတွက် လမ်းများဟာ စာရွက်ပေါ်မှာ ပေါက်ပြီးတော့ တချို့လမ်းတွေဟာ မြေပြင်ပေါ်မှာလမ်းများ ပိတ်ဆို့နေတာကို တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ဒီအချက်လေးကို ကျွန်တော်တို့ချင်းပြည်နယ်နဲ့ ဥပမာပေးပြီးတော့ ပြောနိုင်ရန်အတွက် ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ချင်းပြည်နယ်ဟာဆိုရင် တောင်ကုန်းတောင်တန်းထူထပ်တဲ့အတွက် ခရီးသွားလာရေးလွန်စွာမှခက်ခဲပါတယ်။ လမ်းများ ဖောက်လုပ်ပြီးပြီဆိုရင်လည်း မိုးတွင်းမှာပြန်ပြိုကျတဲ့အဖြစ်အပျက်တွေ နှစ်စဉ်ရှိပါတယ်ခင်ဗျား။ ဒါကတော့ ဖောက်လုပ်ပြီးလမ်းများဟာ မြေပြိုပြီးလမ်းပိတ်ဆို့နေတဲ့ပုံပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါလည်းဖောက်လုပ်ပြီးလမ်းများဟာ ပြင်ဆင်ထိန်းသိမ်းစရိတ်တွေမရှိတဲ့အတွက် ဒီလိုပဲ သွားလာရေးတွေ နှစ်စဉ်နှစ်တိုင်း အဲဒီလိုပဲ သွားလာရေးခက်ခဲမှုများရှိပါတယ်ခင်ဗျား။ ဒါ ကလည်း ဒီလိုပါပဲ ခင်ဗျား။ ဖောက်လုပ်ပြီးလမ်းတွေဟာ ပြင်ဆင်ထိန်းသိမ်ရေးစရိတ်မရှိတဲ့အတွက် ကျေးရွာသွားတဲ့ အချိန်မှာ ဒီလို အခက်အခဲလေးတွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်က တစ်ခေါက်ပဲသွားတာပါ။ ကျေးရွာသူကျေးရွာသားများက မိုးတွင်းတစ်တွင်းလုံး ယနေ့အချိန်ထိ နေ့စဉ်နှင့်အမျှသွားလာနေရတဲ့ ဒုက္ခတွေခံစားနေရပါတယ်။

ဒါလည်း မြေပြိုပိတ်ဆို့မှုကြောင့် လမ်းပိတ်ဆို့မှုတွေကို ရှင်းလင်းနေတဲ့ပုံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဖောက်လုပ်ပြီးလမ်းတွေကို ပြင်ဆင်ထိန်းသိမ်းရေးစရိတ်တွေချပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၂၁ ပေအကျယ် ဖောက်လုပ်ခဲ့တဲ့ ကားလမ်းကြီးဖြစ်ပါတယ်။ ဖောက်လုပ်ပြီးမှာပဲ မြေပြိုတဲ့အတွက် ပြည်သူတွေက ဆိုင်ကယ်လေးသွားဖို့ရာအတွက် ကိုယ်ထူကိုယ်ထရှင်းပြီးတော့ သွားလာနေရတဲ့ပုံလေးဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဖောက်လုပ်ခဲ့တဲ့ ၂၁ ပေအကျယ်လမ်း ဖြစ်ပါတယ်။ အဓိကကတော့ ဖို့မြေတွေနဲ့ အဓိကဖောက်လုပ်ထားပြီးတော့ ၂၁ ပေတိုင်းတာတယ်။ မိုးတွင်းလည်းရောက်ရောဖို့မြေတွေက အောက်ကိုပြိုကျသွားပြီးတော့ လမ်းသားအမှန် အဲဒီလောက် လေးပဲ ကျန်တော့တယ်ဆိုတာ ကျွန်တော်ပေကြိုးမပါတာနဲ့ အဲဒါဖော်ပြထားခြင်းဖြစ်ပါတယ် ခင်ဗျား။

ဒါကတော့ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာပဲ ဖောက်လုပ်ထားတဲ့လမ်းအကျယ် ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီက တစ်ခါမှ မြေပြိုရင်လာရှင်းခြင်းမရှိဘူး။ အခုလည်း ကျေးရွာဒေသခံ ပြည်သူတွေက ဆိုင်ကယ်လမ်းလေး ကိုယ်ထူကိုယ်ထရှင်းလင်းပြီးမှ သွားလာနေရတဲ့ပုံဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ ပေ ၃၀ အကျယ် ဖောက်လုပ်ထားတဲ့ ကားလမ်းမကြီးဖြစ်ပါတယ်။ ဖောက်လုပ်ပြီး မိုးကျလာတာနဲ့တစ်ပြိုင်နက်တည်း ဖို့မြေတွေနဲ့ ပေ ၃၀ ပြည့်ပါတယ်ဆိုပြီး တိုင်းထားလိုက်တော့ ဒီဖို့မြေတွေက အောက်ကိုဆွဲချသွားပြီးတော့ လမ်းသားအမှန်ကျန်နေတဲ့ ပုံလေးပြထားခြင်းဖြစ်ပါတယ်။ ဒါကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှာချုပ်ဆိုထားတဲ့ ပြင်ဆင် ထိန်းသိမ်းရေးဆောင်ရွက်ရမည့် စာချုပ်ပါစည်းကမ်း ဖြစ်ပါတယ်။ လုပ်ငန်းလွှဲပြောင်း/လက်ခံ ဆောင်ရွက်ပြီးသည်မှစ၍ နောက်နှစ်နှစ်အတွင်း ပျက်စီးယိုယွင်းမှုများရှိပါက လုပ်ငန်းလက်ခံသူမှ မိမိစရိတ်ဖြင့်ပြုပြင်ပေးရမည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဆိုရင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နဲ့

ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ တကယ်လို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကဖောက်ခဲ့တဲ့ ကုမ္ပဏီတွေဆိုရင် ဒီ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ထိ ရှင်းလင်းရမယ့်တာဝန်တွေရှိပါတယ်။

ဒါကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနက ပြင်ဆင်ထိန်းသိမ်းရေးရတာပါ။ ဖောက်လုပ်ပြီးနောက် တစ်နှစ်အတွင်းပျက်စီးခဲ့တဲ့ အဆိုပါလမ်းပျက်စီးမှုတွေကို ကုမ္ပဏီကနေအသုံးစရိတ်ဖြင့် ပြန်လည်ရှင်းလင်းရမယ်လို့ပါပါတယ်။ အဲဒီလိုရှင်းလင်းတဲ့ အခါမှာလည်း မိုးတွင်းကာလ တောင်ပြိုမြေရှင်းလင်းခြင်း၊ လမ်းဘေးရေမြောင်းပိတ်ဆို့မှု ရှင်းလင်းခြင်းကို ၄င်းနှစ် အောက်တိုဘာလအတွင်း အပြီးဆောင်ရွက်ရမည်လို့ဖော်ပြထားပါတယ်။ ဒါပေမဲ့ အခု တချို့ကုမ္ပဏီ များကရှင်းပြီးတော့ ကုမ္ပဏီတော်တော်များများဟာ ဒီအခုအောက်တိုဘာလတောင်ကျော်ပါပြီ။ သူ့ရဲ့ စက်ယာဉ်ယန္တရားတောင်မမြင်ဘဲနဲ့ လာရောက်ပြုပြင်ထိန်းသိမ်းမှုများမရှိသည်ကို တွေ့ရှိရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့အစိုးရသစ်လက်ထက်မှာ အဓိကပြောင်းလဲခဲ့ပါတယ်။ ယခင်တုန်းက ဆိုရင် လမ်းဖောက်ပြီးတာနဲ့ လမ်းအပ်ပြီးရင် ပြင်ဆင်ထိန်းသိမ်းရေးစရိတ်ဆိုတာမရှိပါဘူး။ အစိုးရ သစ်လက်ထက်မှာကျတော့ ချင်းပြည်နယ်ရဲ့ ပြင်ဆင်ထိန်းသိမ်းရေးနှစ်ကို နှစ်နှစ်၊ တစ်နှစ်ပေးတယ်။ ဒါပေမဲ့ အရင်တုန်းက ဆိုရင် ဖောက်ပြီးသားလမ်းကို ပြန်လှည့်မကြည့်ဘူး။ အခုကျတော့ လှည့်မကြည့်တာမဟုတ်ဘူး။ ရှေ့ပဲသွားကြည့်တော့တယ်။ ရှေ့လာမယ့်ဆောက်လုပ်ရေးတင်ဒါပွဲကို ကြည့်ပြီးတော့ နောက်ကိုမကြည့်တော့ဘဲနဲ့ ရှေ့ကြည့်နေတဲ့ပုံစံမျိုးတွေဖြစ်နေတဲ့အတွက် အထက် ဖော်ပြပါမေးခွန်းကို ကျွန်တော်တို့ရဲ့လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် မေးမြန်းထားတဲ့ ဖောက်လုပ်ပြီး ကျေးရွာချင်းဆက်လမ်းများအား ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် တင်ဒါအောင်ပြီးကုမ္ပဏီများမှဆောင်ရွက်ခဲ့သောလုပ်ငန်းများအား စာချုပ်ပါအတိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမရှိသည်များကို မည်သည့်အဖွဲ့အစည်းက တာဝန်ယူ ကြီးကြပ်ပြီး မည်ကဲ့သို့အရေးယူဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနနှင့် ချင်းပြည်နယ် အစိုးရအဖွဲ့တို့မှပေးပို့လာသော အချက်အလက်များနှင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်းရှိ ဖောက်လုပ်ပြီးဖြစ်သော ကျေးရွာချင်းဆက်လမ်းများကို ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် တင်ဒါအောင်မြင်ပြီးကုမ္ပဏီများမှဆောင်ရွက်ခဲ့သော လုပ်ငန်းများအား တင်ဒါစာချုပ်ပါစည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်စေရန် သက်ဆိုင်ရာပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ခရိုင်/ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှတာဝန်ရှိသည့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ခံအင်ဂျင်နီယာချုပ်တို့မှ ချမှတ်ထားတဲ့ မူဝါဒ၊ ညွှန်ကြားချက် များနှင့်အညီ သွားရောက်စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

တင်ဒါစနစ်ဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် တင်ဒါကော်မတီ၏ တင်ဒါစာချုပ် ချုပ်ဆိုရာတွင် ကျေးလက်လမ်း/တံတားလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး၍ လုပ်ငန်းအပ်နှံပြီးနောက်ပိုင်း ပြုပြင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းအမျိုးအစားအလိုက် အာမခံကာလသတ်မှတ်ထားခြင်းနှင့် ပတ်သက်၍ ကွန်ကရစ်/ကတ္တရာ(လမ်းသားနှင့်လမ်းပုခုံး)အတွက် အာမခံကာလ နှစ်နှစ်၊ ကျောက်ချောလမ်း(အပွန်းခံလွှာ/Wearing Course)အတွက် အာမခံကာလ နှစ်နှစ်၊ မြေသားလမ်းအတွက် အာမခံကာလတစ်နှစ်၊ တံတားရေကျော်/ရေပြွန် Culvert အတွက် အာမခံကာလငါးနှစ်နှင့် ချဉ်းကပ်လမ်းအတွက် အာမခံကာလနှစ်နှစ်စသည်ဖြင့် သတ်မှတ်ထားပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်း/တံတားလုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့်ကုမ္ပဏီများမှ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက ကုမ္ပဏီမှပေးသွင်းထားသည့် လုပ်ငန်းတန်ဖိုး၏ ငါးရာခိုင်နှုန်း(Performance Guarantee)ကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ခိုင်လုံသောအကြောင်းအရင်းမရှိဘဲ အာမခံကာလအတွင်းပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာပါက လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ၏အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ ကျေးလက်ကုန်ထုတ်လမ်းများအား ၂၀၁၈ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အထောက်အကူပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်းနှင့် စောင့်ကြပ်စစ်ဆေးခြင်းအပြင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အသေးစား၊ အကြီးစားပြုပြင်ထိန်းသိမ်းရေး

လုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ချင်းပြည်နယ်အတွင်းရှိ ဖောက်လုပ်ပြီးဖြစ်တဲ့ ကျေးရွာချင်းဆက်လမ်းများအား ပြုပြင်ထိန်းသိမ်းရာတွင် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် အာမခံသက်တမ်းကျော်လွန်ပြီးမှဖြစ်ပေါ်လာတဲ့ ပျက်စီးမှုများအတွက် ပြည်ထောင်စုနှင့် ပြည်နယ်ငွေလုံးငွေရင်း ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများအား လုပ်ငန်း လိုအပ်ချက်အပေါ်မူတည်၍ စိစစ်ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် အာမခံ ကာလအတွင်း ကုမ္ပဏီ၏ အားနည်းချက်ကြောင့်ဖြစ်ပေါ်လာသည့် လုပ်ငန်းပျက်စီးမှုများအား သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများမှအပ သက်ဆိုင်ရာကုမ္ပဏီမှ ပြန်လည်ပြုပြင်စေခြင်းနှင့် စာချုပ်ပါစည်းကမ်းများကို လိုက်နာမှုမရှိပါက စာချုပ်ရပ်စဲခြင်း၊ အမည်ပျက်စာရင်း BlackList သွင်းခြင်းတို့ကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)နှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် ဖွဲ့စည်းထားသည့် တင်ဒါကော်မတီများက တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့မှပေးပို့လာသော အချက်အလက်များနှင့်ပေါင်းစပ်၍ ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ အခုလိုဖြေကြားပေးခဲ့တဲ့ ဒုတိယဝန်ကြီးကိုလည်း အထူးပင်ကျေးဇူး တင်ရှိပါတယ်ခင်ဗျား။ ဒုတိယဝန်ကြီးကလည်း ဖြေသွားပါတယ်။ သတ်မှတ်တဲ့ ပြင်ဆင်ထိန်းသိမ်းရေး နှစ်ကုန်ရင်တော့ ပြင်ဆင်ထိန်းသိမ်းရေးစရိတ်တွေ၊ ပြည်နယ်ပြည်ထောင်စုငွေလုံးငွေရင်းတွေကနေ ဆောင်ရွက်ပေးမယ်လို့ဖြေကြားတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ဒီပြင်ဆင်ထိန်းသိမ်းရေး

စရိတ်တွေဆိုတာ မိုးကျပြီးမှလမ်းတွေကပျက်တာပါ။ မိုးကျပြီးမှပျက်သည့်အတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကျော်မှဖြစ်တာပါ။ ဒါကြောင့်မို့လို့ မိုးကျပြီးမှ ဖြစ်ပျက်တဲ့အရာတွေကိုလည်း တကယ်လို့ ပြင်ဆင်ထိန်းသိမ်းရေးစရိတ်တင်ပြတောင်းခံနိုင်ရင်ချထားပေးဖို့ အစီအစဉ်ရှိ/မရှိ တစ်ခုမေးချင်ပါတယ်။

နောက်တစ်ခုက တကယ်လို့ ခုနက ဒုတိယဝန်ကြီးဖြေခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ကုမ္ပဏီတွေကနေပြီးတော့ သက်ဆိုင်ရာ ပြင်ဆင်ထိန်းသိမ်းရေးတွေမလုပ်ဘူးဆိုရင် ဒီကုမ္ပဏီတွေကို သက်ဆိုင်ရာတွေက သက်ဆိုင်ရာမှာရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ အများကြီးရှိပါတယ်။ ဒီလိုကိုယ်စားလှယ်တွေနဲ့ပေါင်းစပ်ပြီးတော့ စစ်ဆေးရေးအဖွဲ့တွေနဲ့ ပေါင်းစပ်ပြီးတော့ ဒီကုမ္ပဏီတွေဟာ ဆောင်ရွက်ခြင်းမရှိပါဘူးလို့ တင်ပြလာမယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့တွေကနေ အရေးယူဆောင်ရွက ပေးဖို့ရန် အစီအစဉ်ရှိ/မရှိကို ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီထပ်ဆင့်မေးခွန်းမှာက အပိုင်းနှစ်ပိုင်းပါပါတယ်ခင်ဗျား။ ပထမတစ်ပိုင်းကတော့ ပြင်ဆင်ထိန်းသိမ်းရေးစရိတ်များသည် မိုးတွင်းကာလကျော်မှဖြစ်ပေါ်လာတဲ့အချိန်မှာ ဒါနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနမှချထားပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့အပိုင်းရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာကုမ္ပဏီက အလုပ်လုပ်တဲ့ သတ်မှတ်ထားတဲ့စာချုပ်ပါအရ တချို့က တစ်နှစ်၊ တချို့က နှစ်နှစ်၊ တချို့က ငါးနှစ်အထိကို သူ့ရဲ့လုပ်ငန်းအမျိုးအစားအလိုက် စာချုပ်ထဲမှာပါပြီးဖြစ်ပါတယ်။ အဲဒီ စာချုပ်သက်တမ်းကျော်လွန်မှဖြစ်ပေါ်လာတဲ့ ပျက်စီးမှုများကိုတော့ ကျွန်တော်တို့

ဒီသက်ဆိုင်ရာ ဝန်ကြီးဌာနများက မိုးတွင်းကာလကျော်ပြီး၊ ဘဏ္ဍာရေးနှစ်ကျော်ပြီးတော့ ပြင်ဆင်ထိန်းသိမ်းရေး စရိတ်များ ချထားပေးရန်အစီအစဉ်လည်းရှိပါကြောင်းနှင့် လက်ရှိချထားပေးလျက်ရှိပါကြောင်း၊ ပြင်ဆင်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ကုမ္ပဏီက သက်ဆိုင်ရာစာချုပ်ပါစည်းမျဉ်းအတိုင်းမလုပ်လျှင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကနေပြီးတော့တင်ပြလာလျှင် ဘယ်လိုများအရေးယူမလဲ ဆိုတဲ့အချက်ရှိပါတယ်။ ဒါနဲ့ပတ်သက်လာပြီး ရှင်းလင်းတင်ပြရရင် အပိုင်းနှစ်ပိုင်းဖြစ်ပါတယ် ခင်ဗျား။ တစ်ပိုင်းကတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရှိပါတယ်။ ဝန်ကြီးဌာနကနေပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တွေမှာ ဝန်ကြီးဌာနရဲ့အစီအစဉ်နဲ့ တင်ဒါကော်မတီဖွဲ့ပြီးတော့မှ တိုက်ရိုက်ဆောင်ရွက်နေတဲ့လုပ်ငန်းများရှိသလို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဝန်ကြီးများက တင်ဒါဥက္ကဋ္ဌအဖြစ်နဲ့ဆောင်ရွက်နေတဲ့ လုပ်ငန်းများရှိပါတယ်။ အဲဒီနေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများက တိုက်ရိုက်လုပ်တဲ့လုပ်ငန်းများဆိုလျှင် သက်ဆိုင်ရာခုနကပြောတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုက်ရိုက်တင်ပြပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ EC မှာ အဲဒီကုမ္ပဏီကို BlackList သွင်းရပါမယ်။ ထို့အတူပါပဲ တကယ်လို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေက တိုက်ရိုက်ကြီးကြပ်တဲ့လုပ်ငန်းတွေဆိုရင်တော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို တင်ပြလို့ရှိရင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရဲ့ Cabinet မှာ အဆိုပါကုမ္ပဏီကို BlackList သွင်းထားကြောင်း ကျွန်တော်တို့ ဝန်ကြီး ဌာနကို သူတို့ကသတင်းပို့ရပါတယ်။ ပို့တဲ့အချိန်မှာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ Website မှာ Black List ဖြစ်ကြောင်းကြေညာလိုက်ရင် တစ်နိုင်ငံလုံးမှာရှိတဲ့ တင်ဒါလုပ်ငန်းတွေအားလုံးမှာ သူဝင်ရောက်ဆောင်ရွက်ခွင့်မရှိတော့ပါဘူး။ အဆိုပါနည်းလမ်းဖြင့် အခုလက်ရှိဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ထီးချိုင့်မြို့နယ် ဂရိတ်ဝေါလ်-ဝေမာသကြားစက် ကြံသယ်ကားများနှင့် စက်ရုံအကြာ ကြံသယ်ယူခ ဈေးနှုန်းအား မည်သို့ညှိနှိုင်းသတ်မှတ်ပေးမည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသော ကြံသယ်ကားများအား မည်သို့အရေးယူမည်နှင့် မန္တလေး-ဗန်းမော် ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ်(108.28 Km)နှင့် (117 Km)အကြား လမ်းပိုင်းအား ပြင်ဆင်ထိန်းသိမ်းစရိတ်တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်းမှာ ကတော့ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးရဲ့ ထီးချိုင့်မြို့နယ် အတွင်းလမ်းပိုင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းပိုင်းကို ၂၀၁၅ ခုနှစ်၊ အထွေထွေ ရွေးကောက်ပွဲမတိုင်မီ မိုးတွင်းကာလမှာ မူလကျောက်ချောလမ်းမှကတ္တရာလမ်းအဖြစ်ကို တိုးမြှင့် ခဲ့တဲ့လမ်းဖြစ်ပါတယ်။ အဲဒီကနေ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ကြံရာသီ ဂရိတ်ဝေါလ် သကြားစက်စတင်တဲ့အခါ ကြံသယ်ကားများသွားလာမှုကြောင့် အဆိုပါလမ်းပိုင်းမှာ ချိုင့်တွေ၊ ကျင်းတွေ၊ အပေါက်တွေဖြစ်ပြီး ကြံရာသီကုန်တဲ့ ၂၀၁၇ ခုနှစ် ဧပြီလမှာတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာနက လမ်းအထူးအဖွဲ့(၉)က ပြင်ဆင်ထိန်းသိမ်းခဲ့တဲ့အတွက် ဒေသခံပြည်သူတွေအတွက် ဆက်သွယ်ရေးကောင်းမွန်စွာသွားလာကြရပါတယ်။ ၂၀၁၇-၂၀၁၈ မှာလည်း အထက်ပါအတိုင်း လမ်းပိုင်းကပျက်စီးလိုက်၊ ဌာနကပြင်လိုက်နဲ့ နှစ်စဉ်ပြင်ခဲ့တာဟာ ပြီးခဲ့တဲ့ကြံရာသီမှာ

ဒေသကြံအထွက်များပြီး ကြံသယ်ကားများက မတန်တဆတင်ဆောင်တဲ့အခါ ၂၀၁၉ ခုနှစ် ဧပြီလ မှာတော့ ယခင်နှစ်များလို ဌာနကပြင်ဆင်ထိန်းသိမ်းလို့မရလောက်အောင် မြောက်မှတောင်ဘက် တစ်လျှောက် လမ်းရဲ့တစ်ခြမ်းလုံးနီးပါး ပျက်စီးသွားပါတယ်။ ဒီအခါဌာနက ပုံမှန်ပြင်ဆင်ထိန်းသိမ်းရေး အပြင် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ လမ်းပိုင်းအလယ်ဖြတ်ထုတ်ပြီး နေရာခုနစ်နေရာကို အကြီးစားပြင်ဆင်ခဲ့ရပါတယ်။

လေးစားအားထားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ကတင်ပြခဲ့သလို ကားသမားတွေ တန်ပို တင်ဆောင်တာကိုလေ့လာကြည့်တဲ့အခါ ကြံကားတစ်စီးရဲ့တင်ဆောင်နိုင်မှုအပေါ်မူတည်ပြီး ကြံတောင်သူများကို တာဝန်ခံထားကြရပါတယ်။ ပြီးတော့ ကြံကားတစ်စီးတင်ဖို့အတွက် စက်ရုံက တာဝန်ပေးထားတဲ့ ကွင်းကိုယ်စားလှယ်ကတစ်ဆင့် စက်ရုံအပို့သယ်ယူခွင့်စလစ်ထုတ်ပေးရာမှာ ကြန့်ကြာမှုတွေအပြင် စက်ရုံရောက်သွားတဲ့အခါမှာ ကြံကားတွေများတဲ့အတွက် စောင့်ဆိုင်းရပြီး ကားတစ်စီးဟာ တစ်ရက်တစ်ခေါက်နှုန်းမသွားနိုင်ဘဲ နှစ်ရက်တစ်ခေါက်၊ သုံးရက်တစ်ခေါက်လို ဖြစ်လာရာကနေ ကားသမားက သွားရတဲ့တစ်ခေါက်ကိုနင့်နေအောင်တင်ရတော့တာပါ။ ဒီနေရာမှာ သိရသလောက် ခြောက်ဘီးကားတစ်စီးကို ကားအလေးချိန်အလွတ်တန် ၃၀ နဲ့ ၁၀ ဘီးနဲ့ ၁၂ ဘီးက တန် ၄၀ အတွင်းထိ တင်ဆောင်တယ်လို့ သိရပါတယ်။ အထူးသဖြင့် မိုးကြိုကြံဟာ အလေးချိန် အစီးဆုံးပါပဲ။ ရာသီကြံကကောက်ကောက်ကွေးကွေးနဲ့ အလယ်မှာအူကြောင်းပါလို့ အလေးချိန်မစီး ဘဲ မိုးကြိုကြံကအပင်တိုတိုအသားပြည့်ပြည့်ဆိုတော့ ကားတစ်စီးအလေးချိန်ဟာ တန်အများဆုံး ဖြစ်လာတော့တာပါ။ ဒီအခါမှာ ကားသမားတွေဘက်ကကြည့်ရင် နေ့စဉ်တစ်စီးတစ်ခေါက်သယ်ရ ပေမဲ့ သယ်ရရင်ကိစ္စမရှိပေမဲ့ အထက်ကတင်ပြခဲ့သလို ကြန့်ကြာမှုတွေရှိခဲ့ရင် အခက်အခဲတွေ ရင်ဆိုင်ရပါတယ်။ နောက်တစ်ခုက အထက်ဖော်ပြပါပြည်ထောင်စုကားလမ်းမကြီးမှာ ကြံကားတွေ စည်းကမ်းတကျသွားလာနိုင်ဖို့ တာဝန်ရှိသူတွေက ကြပ်မတ်ပေးဖို့လိုပါတယ်။ ဥပမာ-ကားတစ်စုံ တစ်ရာချို့ယွင်းရင် လမ်းနံဘေးရောက်အောင်ရွှေ့ပေးဖို့ ကားသမားမှာတာဝန်ရှိပါတယ်။ ဌာန

ကလည်း ဘာကြောင့်ရပ်ရပ်လမ်းဘေးချရပ်ဆိုတဲ့ဆိုင်းဘုတ်တွေ စိုက်ထူပေးထားပါတယ်။ ဒီအခါမှာ မလုပ်ရလို့တားမြစ်တာကိုကျူးလွန်ရင် နောက်ဆက်တွဲအရေးယူဖို့ သက်ဆိုင်ရာဌာနတွေမှာ တာဝန်ရှိပါတယ်။ အခုက နိုင်ငံနှင့်အဝန်းလမ်းမကြီးအလယ်မှာ ပျက်တဲ့အတိုင်းထားရှိတဲ့အတွက် အများပြည်သူမှာ အခက်အခဲတွေရင်ဆိုင်ကြရပါတယ်။ ပိုဆိုးတာကတော့ ရပ်ထားတဲ့သူတို့ကားရဲ့ လမ်းဘေးကကျောက်တုံးတွေကာရန်ထားတဲ့အတွက်၊ အများပြည်သူအတွက် ပိုလို့ဒုက္ခရောက်စေပါတယ်။

အဆိုပါလမ်းများကို သွားဖူးကြတဲ့ နောက်အခက်အခဲတစ်ခုကတော့ အချို့သောကြံကားများဟာ ၁၈ ပေအကျယ်ရှိတဲ့လမ်းကို နေရာမပေးဘဲကို အနိုင်ကျင့်မောင်းနှင်ခြင်းပဲဖြစ်ပါတယ်။ ကားဘော်ဒီကိုအသားနဲ့လုပ်ပြီးချဲ့ထားတဲ့အပြင် ကားရဲ့လက်ဝဲမှာကြံတင်တဲ့လှေကားကိုချိတ်ဆွဲလာတဲ့အခါ ကားအချင်းချင်းရှောင်ဖို့အခက်အခဲတွေ့ကြပါတယ်။ ဒါကိုလည်း ဒေသကအာဏာပိုင်တွေနဲ့စီမံအုပ်ချုပ်သူတွေပါ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ မနှစ်ကတော့ လွှတ်တော်ကိုယ်စားလှယ်တွေဦးဆောင်ပြီး ကြံသယ်ကားပိုင်နဲ့ယာဉ်မောင်းတွေကိုစုပြီးမှ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မဆကအဖွဲ့၊ ခရိုင်ယာဉ်ထိန်းအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လမ်းအထူးအဖွဲ့(၉)တာဝန်ခံ၊ စက်ရုံတာဝန်ခံတွေစုပေါင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ပတ်သက်ပြီး အသိပေးရှင်းလင်းတာတွေလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ တကယ့်မြေပြင်မှာတော့ လိုက်နာဆောင်ရွက်မှုအားနည်းတာကို တွေ့ရပါတယ်။

လေးစားအားထားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ကြံသယ်ကားများတင်နေတဲ့ပုံပါ။ ဒါလည်းအတူတူပါပဲ။ ဒါ က လမ်းပိုင်းပျက်စီးမှုတွေပါ ။ ဒါလည်းအတူတူပါပဲ။ ဒါ က ကျွန်တော်တို့စောစောကတင်ပြခဲ့တဲ့လမ်းပိုင်းတစ်လျှောက်ရဲ့ လမ်းတစ်ခြမ်းလုံးနီးပါးပျက်တာပါ။ အခုတင်ပြပါပုံကတော့ အဲဒီပျက်စီးတဲ့နေရာတွေကို နေရာခွဲပြီးမှ

နေရာခုနစ်ခုကို အကြီးစားပြင်ဆင်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကတော့ ပြင်ဆင်မှုပုံတွေပါ။ ဒါကတော့ နောက်ဆုံးပြီးစီးမှုအပိုင်းဖြစ်ပါတယ်။ ဒီလိုလမ်းကောင်းတွေဖြစ်သွားတဲ့ဟာကို ထိန်းသိမ်းနိုင်ဖို့ အတွက် အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်မှ ဂရိတ်ဝေါလ်-ဝေမာသကြားစက်ကြံသယ်ကားများအား သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုအတွက် မည်ကဲ့သို့အရေးယူမည်၊ ကြံသယ်ကားများနှင့် စက်ရုံအကြား ကြံသယ်ယူခစျေးနှုန်းအား မည်သို့ညှိနှိုင်းသတ်မှတ်ပေးနိုင်မည်နှင့် မန္တလေး-ဗန်းမော် ပြည်ထောင်စု ကားလမ်းမကြီးမိုင်တိုင်အမှတ် (၁၀၈) မှ (၁၁၇) အကြား စတင်ဖောက်လုပ်ပြီးချိန်မှ ယနေ့အထိ ပြင်ဆင်ထိန်းသိမ်းစရိတ်မည်မျှရှိသည်၊ ဤလမ်းပိုင်းအား မည်သို့ဆက်လက် ထိန်းသိမ်းမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့လာတဲ့ အချက်အလက်များနှင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်ရှိ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းတွင် ကြံသယ်ယာဉ်များသည် ကြံပေါ်ချိန်ပွင့်လင်း ရာသီဖြစ်သည့် နိုဝင်ဘာလမှမေလအထိ တစ်နေ့လျှင် ပျမ်းမျှအစီးရေ ၁၀၀၀ ကျော်ဖြင့်ဖြတ်သန်း သွားလာလျက်ရှိပါတယ်။ မိုင်တိုင်အမှတ်(၆၃)ရှိ ဂရိတ်ဝေါလ်သကြားစက်ရုံသို့ မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်(ဆဝမ်ကတောင်)လမ်း၏ ငါးအိုးဘက်မှ တစ်နေ့လျှင်

ယာဉ်စီးရေ ၉၀၀ ကျော် နှင့်မန္တလေးဘက်မှယာဉ်စီးရေ ၁၀၀ ကျော်တို့သည် ခြောက်ဘီး၊ ၁၂ ဘီး တန်ပိုယာဉ်များဖြင့် နေ့စဉ်ဖြတ်သန်းလျက်ရှိပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၁-၄-၂၀၁၇ ရက်နေ့မှစတင်၍ ခွဲခြား၍သော်လည်းကောင်း၊ ဖြတ်တောက်၍သော်လည်းကောင်း၊ မရသောပစ္စည်းများ(ဥပမာ- စက်ပစ္စည်းများ၊ Transformer ကြီးများ)မှအပ အခြားကုန်တင်ယာဉ်များအား B.O.T လမ်း/တံတားဂိတ်များနှင့် လေလံလမ်း/ တံတားဂိတ်များတွင် တန်ပိုတင်ဆောင်ဖြတ်သန်းခွင့်မပြုရန် တန်ပိုတားဆီးရေးဂိတ်များမှ ကြီးကြပ် ဆောင်ရွက်လျက်ရှိပါတယ်။ တန်ပိုများတင်ဆောင်လာပါက ယာဉ်မောင်းအား လမ်းမကြီးများဥပဒေ အခန်း(၅) ပြစ်မှုနှင့်ပြစ်ဒဏ် ပုဒ်မ ၈ ပုဒ်မခွဲတို့ဖြင့် တရားစွဲဆိုတင်ပို့ပြီး အရေးယူခြင်းများ ဆောင်ရွက် လျက်ရှိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်တင်ယာဉ်များ တန်ပိုသယ်ဆောင်မှုမရှိစေရေး အတွက် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၆၆/၄)မှ (၆၆/၆)အတွင်း တန်ပိုထိန်းသိမ်းရေးဂိတ်အား စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ ဝန်ထမ်းများ ခန့်အပ်၍ တန်ပိုတားဆီးရေးအစီအမံများ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၎င်းအပြင် ကုန်တင်ယာဉ်များ တန်ပိုတားဆီးရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၁-၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၈၀၈ လမ်းဦးစီးဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါသဖြင့် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီမှ ဒေသဆိုင်ရာဌာနများပူးပေါင်းပါဝင်ဆောင်ရွက်သော အုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်းအား ရေရှည်ထိန်းသိမ်းရန်အတွက် တန်ပိုယာဉ်ကြီးများ မဖြတ်သန်းစေရေး တန်ပိုစစ်ဆေးရေးဂိတ်မှ စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်း

အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆိုင်းဘုတ်များအား သိရှိလိုက်နာနိုင်စေရန် စိုက်ထူသွားမှာ ဖြစ်ပါတယ်။ ကြံ့သယ်ယာဉ်အများဆုံးဖြတ်သန်းသည့် မန္တလေး-တကောင်း-ဗန်းမော်(ဆ၀မ်ကတောင်)လမ်းပိုင်း မိုင်တိုင်အမှတ်(၆၇)မှ(၇၂)အတွင်း အကျယ် ၁၈ ပေ ကတ္တရာလမ်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ယနေ့အချိန်အထိ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၈၉၂.၈၄ သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ မိုင်တိုင်အမှတ်(၆၇/၃)မှ (၆၈)အထိ လမ်းအရှည် ငါးဖာလုံ၊ မိုင်တိုင်အမှတ်(၇၂)မှ(၇၂/၅) အထိ လမ်းအရှည် ငါးဖာလုံ စုစုပေါင်း ၁ မိုင် ၂ ဖာလုံတွင် ပျက်စီးနေသော လမ်းမျက်နှာပြင် ၁၅ ရာခိုင်နှုန်းအား အနိမ့်၊ အမြင့်ဖြေညှိပြီး ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏သာမန်ရန်ပုံငွေ ၃၂၁.၂၈ သန်းဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်ရှိ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းမိုင်တိုင်အမှတ်(၆၇/၂)မှ (၇၂/၆)အတွင်း ကုန်တင် ယာဉ်ကြီးများ သွားလာနိုင်ရေးအတွက် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများအား သင့်လျော်သော လမ်းလွှာပုံစံထုတ်ပြီး ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များနှင့်ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီး ရှင်းပြခဲ့သလို ကျပ်သန်းပေါင်းများစွာအကုန်အကျခံပြီး ပြင်ဆင်ပေးခဲ့ပေမဲ့ လမ်းကိုစနစ်

တကျ သုံးစွဲမှုမရှိတဲ့အပြင် အစိုးရသစ်လက်ထက်မှာ ပြည်သူအများသွားလာရေးအဆင်ပြေအောင် တစ်နိုင်ငံလုံးက လမ်းအသုံးပြုခွင့် ၃၀၀ အနက်မှာ ၁၇၀ ကပိတ်သိမ်းခဲ့တယ်လို့သိရပါတယ်။ ဒီထဲမှာ အခုလမ်းပိုင်းလည်း ပါပါတယ်။ ဒါပေမဲ့ အခုလို ထားရှိတဲ့စေတနာအပေါ်မှာမဟုတ်ဘဲနဲ့ ကြံတန်ပို အများကြီးတင်တဲ့အတွက် လမ်းပျက်စီးသွားတာရှိပါတယ်။ ဒါကို ဘယ်လိုဆက်လက်ထိန်းသိမ်း ကာကွယ်မလဲဆိုတာကို မေးခွန်းတစ်ရပ်မေးလိုပါတယ်။

ဒုတိယအချက်က ကျွန်တော့်မေးခွန်းမှာပါတဲ့ စက်ရုံနဲ့ ကြံသယ်ကားများအကြား ကြံသယ်ယူခဈေးနှုန်းကို ညှိနှိုင်းပေးဖို့၊ သတ်မှတ်ပေးဖို့ပါ။ သူတို့က တန်ပိုဖြတ်လိုက်တဲ့အခါမှာ တင်ရတဲ့ပမာဏဟာ ကြံဈေးနှုန်းနဲ့မကိုက်ပါဘူးလို့ သူတို့ကပြောကြပါတယ်။ ဒါဆိုလို့ရှိရင် သူတို့နဲ့ စက်ရုံနဲ့ကြားမှာ အဆင်ပြေအောင်ညှိနှိုင်းပြီးမှ သက်ဆိုင်ရာအစိုးရအဖွဲ့က ညှိနှိုင်းသတ်မှတ်ပေးဖို့ အစီအစဉ်ရှိ/မရှိ၊ ဒီနေရာမှာလည်း ဘာရှိနေလဲဆိုလို့ရှိရင် စက်ရုံဘက်ကကြည့်လို့ရှိရင် ပြည်တွင်း သကြားဈေးကွက်ကို Re-export တင်သွင်းတာနဲ့၊ ပတ်သက်ဆက်စပ်နေပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနဖြစ်တဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ဒီ Re-export တင်သွင်းခွင့်နှင့်ပတ်သက်လို့ ထိန်းညှိပေးဖို့လိုပါတယ်။ ဒါကြောင့်မို့ ကြံသယ်ခဈေးနှုန်းကို သက်ဆိုင်ရာ အစိုးရအဖွဲ့မှ ညှိနှိုင်းပေးဖို့အစီအစဉ်ရှိ/မရှိ၊ နောက်တစ်ခုက ကြံတောင်သူနှင့် ကြံသယ်ခများ အခုလိုသတ်မှတ်လိုက်တဲ့အခါမှာ သူတို့ထက်အခြေအနေကို လိုက်လျောညီထွေဖြစ်အောင်။ တအား ကြီးတင်တာမဟုတ်ဘဲနဲ့ သင့်တင့်တဲ့ပမာဏတန်ပိုစောင်းလေးခွင့်ပြုပေးနိုင်ဖို့ရှိ/မရှိ ဆက်စပ် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားနိုင်ကဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းများကို ကျွန်တော့်အနေနဲ့ နံပါတ်(၁)ကတော့ တန်ပိုတွေကို

ခွင့်ပြုနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ နံပါတ်(၂)ကတော့ ခုနပြောတဲ့ Re-export တင်သွင်းခွင့်နဲ့ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပေးဖို့ဆိုတဲ့ ကိစ္စကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကျွန်တော်တို့ ညှိနှိုင်းစာပို့ ပေးပါမယ်ခင်ဗျား။ နောက်တစ်ခုကတော့ ဒီထဲမှာ ကြံသယ်ကားတွေရဲ့ကြံသယ်တဲ့နှုန်းကို စက်ရုံနဲ့ ညှိနှိုင်းပေးပါဆိုတဲ့ကိစ္စကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်မှာဖြစ်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုပဲ ညှိနှိုင်းအကြောင်းကြားစာ ပေးပို့သွားပါမယ်ခင်ဗျား။ ဒီနေရာမှာလည်း အကြံပြုချင်တာက နိုင်ငံတကာမှာ ဒီလိုကြံစက်ရုံတွေနဲ့ ကြံစိုက်ကွင်းတွေကြားမှာ သယ်တဲ့အခါ ဘာနဲ့သယ်ကြလဲဆိုရင် ထွေလာကြီးတွေနဲ့ သယ်ပါတယ်။ ရထားတွဲလိုထွေလာကြီးတွေ နောက်ကတစ်တွဲ၊ နှစ်တွဲပဲ။ မြန်မာပြည်မှာကျတော့ ခြောက်ဘီးကားတွေပေါ်မှာပဲ တန်ကို တန်ချိန် ၂၀၊ ၂၅ တင်တဲ့အခါကျတော့ လမ်းက Point လွတ်ဖြစ်ပြီး ပျက်စီးမှုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တကယ်လို့များ ကိုယ်စားလှယ်ကြီးတွေနဲ့ သက်ဆိုင်ရာကြံတောင်သူတော်ကြီးနဲ့ တွေ့ရင် နောက်ကထွေလာတွေနဲ့သယ်မယ်ဆိုရင်တော့ ပိုပြီးတော့ အဆင်ပြေကြောင်းလည်း ဒီကနေပြီးတော့ ညှိနှိုင်းပေးစေလိုပါတယ်။

နောက်တစ်ချက်က ဒီမေးခွန်းနံပါတ်(၁)ဖြစ်တဲ့ ၂၀၁၇ ခုနှစ်တုန်းက ဂိတ်ပေါင်း ၃၂၀ ပိတ်သိမ်းလိုက်တာ အဲဒီတုန်းက ဂိတ်ပေါင်း ၃၂၀ မှာ ဂိတ် ၁၆၀ ကို ကျွန်တော်တို့က ပြည်သူတွေ အတွက်ဖြေလျှော့ပေးလိုက်တာပါ။ မကောက်တော့ဘဲနဲ့ကောက်လို့ရတာတွေ သိန်း ၃၀၀ အောက်မှာပဲရတဲ့ဂိတ်တွေအားလုံး ၁၆၀ ကို ၂၀၁၇ ခုနှစ်တုန်းက ကျွန်တော်တို့ဝန်ကြီးဌာနက မကောက်တော့ဘဲနဲ့ ပြည်သူတွေပြေလည်စေဖို့အတွက် ဖြေလျှော့ပေးလိုက်တာမှာ ဒီဂိတ်၊ ဒီထဲမှာ ပါဝင်နေတဲ့ဂိတ်ပါသွားပါတယ်။ အဲဒီတော့ အဲဒီပါသွားတဲ့ဟာသည် အခုကိုယ်စားလှယ်ကြီးပြော တာက အဲဒီလိုပိတ်လိုက်လို့ အခုဟာက ကြံကားတွေကစည်းကမ်းမရှိ တန်ပိုတွေနဲ့သွားနေတယ် ဆိုပြီးတော့ ထောက်ပြလာတာရှိတော့ ကျွန်တော်တို့အနေနဲ့ကတော့ အခုဒီနှစ်ထဲမှာ မိုင်တိုင်(၆၀)

ကျော်မှာ ကျွန်တော်တို့က ကတ္တားကပ်ထားတဲ့တန်ပိုစစ်ဆေးရေးဂိတ်ကို အခုတည်ဆောက်ပြီး ဖြစ်တဲ့အတွက် အဲဒီကနေ စစ်ဆေးနေပါတယ်။ သို့သော် အခက်အခဲကဘာလဲဆိုတော့ ကိုယ်စားလှယ်ကြီးလည်းသိတဲ့အတိုင်းပါပဲ အဲဒီဒေသမှာက အဲဒီကတ္တားတပ်ထားတဲ့နေရာ အဲဒီမှာ တပ်ထားရင် အဲဒီနေရာကိုကွင်းပြီးတော့ သူတို့ဘာသာသူတို့ တောလမ်းလေးဖောက်ပြီး အဲဒီကနေ ကျော်ပြီးသွားကြတော့ ဒီကတ္တားကိုသူကရှောင်လို့ရသွားပါပြီခင်ဗျား။ ကျွန်တော်တို့ကလည်းပဲ တန်ပိုစစ်ဆေးရေးဆိုတာက ဒီတိုင်းရဲကားနဲ့ လိုက်ဖမ်းသလိုဖမ်းလို့မရဘဲနဲ့ ကားကအဲဒီကတ္တားနဲ့ အပေါ်မှာ ဖြတ်မှစစ်လို့ရတာဆိုတော့ အခက်အခဲတွေအများကြီးရှိပါတယ်။ အဲဒီတော့ ဒီဟာကို ပြေလည်ဖို့ဆိုရင်တော့ ကြံစိုက်တောင်သူနှင့် ကားသမားတွေရဲ့အသိကအရေးကြီးပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ရှင်းလင်းတင်ပြချက်မှာလည်း ပါပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကြံသယ်ကားများအဖွဲ့နဲ့ညှိနှိုင်းဆွေးနွေးတယ်ဆိုတာ အဲဒီဆွေးနွေး ပွဲမှာ ဒီလိုတန်ပိုတွေဟာ မော်တော်ကားလမ်းတွေကို ဘယ်လောက်ထိဖျက်ဆီးလဲဆိုတဲ့အကြောင်း အဲဒီလိုမျိုးတွေ့ဆုံတဲ့အချက်မှာ ကျွန်တော်တို့ဝန်ကြီးဌာနကစေလွှတ်ပြီးတော့ ရှင်းပြပါမယ်။ ကိုယ်စားလှယ်တော်ကြီးကလည်း ဝိုင်းဝန်းဖျောင်းဖျပြီးတော့ တန်ပိုမသယ်ဖို့ ညှိနှိုင်းသွားမယ်ဆိုရင် တော့ ဒီလမ်းကြောင်း၊ ဒီအပိုင်းတွေမှာ ရေရှည်အတွက် ကောင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။

**ကနီမြို့နယ်ရှိ မင်းအို-အိုင်တောင်-နတ်တောင်-နွားခြံကုန်းလမ်းအား လမ်းတာချဲ့နိုင်ရန်နှင့် လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်ဖြစ်ပါတယ်။ ဒီနေ့

ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မင်အို-အိုင်တောင်-နတ်တောင်-နွားခြံကုန်းလမ်းနှင့် စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီလမ်းဟာ ကျေးရွာပေါင်း ၁၃ ရွာ၊ အိမ်ထောင်စုပေါင်း ၂၀၀၀ ကျော်နှင့် လူဦးရေပေါင်း ၁၁၀၀၀ ကျော်ရဲ့ လူမှုစီးပွားရေးဘဝများ အတွက် များစွာအားထားအကျိုးပြုရတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ပုံမှန် လမ်းကြောင်းအတိုင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မယ်ဆိုရင် လမ်းအရှည် ဟာ ၁၀ မိုင်ခွဲခန့်ရှိမှာဖြစ်ပြီးတော့ မင်အို-အိုင်တောင်လမ်းပိုင်းဟာ ချင်းတွင်းမြစ်ရေဝင်ရောက် လေ့ရှိပါတယ်။ ဒီပုံမှန်လမ်းကြောင်းအတိုင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေကိုလုပ်မယ်ဆို ရင်တော့ လမ်းအရှည်မိုင်က ၁၃ မိုင်ခန့်ရှိမှာဖြစ်ပြီးတော့ မြစ်ရေလွတ်တဲ့အပိုင်း ဖြစ်ပါတယ်။ ဒီလမ်း နှင့်ပတ်သက်ပြီးတော့ မြစ်ရေဝင်ရောက်လေ့ရှိတဲ့ မင်းအို-အိုင်တောင်လမ်းပိုင်းကပဲ လမ်းအဆင့်မြှင့် တင်သည်ဖြစ်စေ၊ မြစ်ရေလွတ်သည့်ဘက်က လမ်းအဆင့်မြှင့်တင်သည်ဖြစ်စေ ဒေသအတွက်များစွာ အကျိုးပြုသည့်လမ်းဖြစ်သည့်အတွက် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မင်းအို-အိုင်တောင်- နတ်တောင်-နွားခြံကုန်းလမ်းဟာ လမ်းကို လမ်းတာချဲ့နိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် မေးမြန်းထားတဲ့ ကနီမြို့နယ်ရှိ မင်အို-

အိုင်တောင်-နတ်တောင်-နွားခြံကုန်းလမ်းအား လမ်းတာချဲ့နိုင်ရန်နှင့် လမ်းအဆင့်မြှင့်တင်ပေးနိုင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်အတွင်းရှိ မင်းအို-အိုင်တောင်-နတ်တောင်-နွားခြံကုန်း လမ်းအရှည် ၉ မိုင် ၇ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ လမ်းအဆင့်သတ်မှတ်ချက်များကို ဦးစွာရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။ သပြေတော-နတ်လဘို့မြေသားလမ်းအရှည် ၂ မိုင် ၃ ဖာလုံသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(B) ဦးစားပေးအဆင့် (၂)လမ်းစာရင်းတွင်ပါဝင်ပါတယ်။ ယင်းဘို-နတ်လဘို့-ဒေါင်းခြံ-နတ်လဘို့ မြေသားလမ်းအရှည် ၃ မိုင် ၄ ဖာလုံသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(C) ဦးစားပေးအဆင့်(၂)လမ်းစာရင်းမှာ ပါဝင်ပါတယ်။ ယင်းဘို-နွားခြံကုန်း-ဘုရားစု မြေသားလမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class(C) ဦးစားပေးအဆင့် (၃)လမ်းမှာ ပါဝင်ပါတယ်။ အဆိုပါလမ်းပိုင်းများအား မြေသားလမ်းအဆင့်မှ လမ်းတာချဲ့ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသဖြင့် သတ်မှတ်လမ်းအကျယ် ရရှိရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာနေ ဒေသခံ ပြည်သူများက ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်အတွင်းရှိ မင်းအို-အိုင်တောင်-နတ်တောင်-နွားခြံကုန်းလမ်းအရှည် ၉ မိုင် ၇ ဖာလုံသည် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာရှစ်ရွာ၊ လူဦးရေ ၇၀၀၀ ကျော်ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပါသဖြင့် လမ်းအဆင့်သတ်မှတ်ချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများမှာ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်

အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးပါရစေခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးက လမ်းပိုင်းနှင့်ပတ်သက်ပြီးတော့ ကျေးရွာခုနစ်ရွာအသုံးပြုလို့ရတယ်။ လူဦးရေ ၇၀၀၀ ကျော်လောက်အသုံးပြုလို့ရတဲ့အပိုင်းနှင့် နောက် လမ်းသတ်မှတ်ချက်တွေပြောသွားတာရှိပါတယ်။ ဒီလမ်းနှင့်ပတ်သက်ပြီး ကျွန်တော်တင်ပြရရင် ဒီလမ်းကတစ်ဆက်တစ်စပ်တည်းရှိတာဖြစ်ပါတယ်။ ကျေးလက်လမ်းတွေနှင့်ပတ်သက်ပြီးတော့ ကျေးလက်လမ်းဦးစီးဌာနက သတ်မှတ်ထားတာတွေက ဟိုလမ်းလေးတစ်ဖြတ်၊ ဒီလမ်းလေးတစ်ဖြတ်စသည်ဖြင့် ဒီလိုလေးသတ်မှတ်တဲ့အလေ့အထ ရှိပါတယ်။ တကယ်တမ်း ကျွန်တော်တင်ပြနေခြင်းသည် ဒီလမ်းသည်တစ်ဆက်တစ်စပ်တည်း သွားနေတဲ့လမ်းဖြစ်တယ်။ ကျွန်တော်တို့ လူမှုစီးပွားဘဝတွေအတွက် မုံရွာမြို့ကိုကုန်ထုတ်ဖို့ရာ၊ ကုန်စည်စီးဆင်းဖို့ရာသွားနေတဲ့လမ်းလည်းဖြစ်တယ်။ နောက် မြို့နယ်ကိုသွားတဲ့အပိုင်းတွေမှာ လည်း ရုံးနှင့်ပတ်သက်တဲ့ မြို့နယ်အဆင့်ရုံးတွေသွားတဲ့နေရာမှာလည်း ဒီလမ်းကိုပဲ အသုံးပြုနေရ တာဖြစ်ပါတယ်။ အဲဒီတော့ လူဦးရေနှင့် အိမ်ထောင်စုတွေ ဘယ်လောက်အသုံးပြုနေရတဲ့၊ ဘယ်လောက်အားထားနေရတဲ့လမ်းဆို ဒါကိုတွက်ချက်မှုမရှိဘဲနဲ့ ဒီဌာနကနေပြီးတော့ ဘယ်လောက်ပဲ လမ်းအဆင့်သတ်မှတ်ချက်ရှိတယ်စသည်ဖြင့် (B)ရှိတယ်၊ (C)ရှိတယ် စသည်ဖြင့် သတ်မှတ်ချက်တွေအပေါ်မှာမူတည်ပြီးတော့လုပ်မယ်ဆိုရင်တော့ သိပ်အဆင်မပြေ ပါဘူး။ အဲဒီတော့ ဒီလမ်းဟာဒေသအတွက် ကျွန်တော့်အမြင်ကတော့ အင်မတန်မှ အသုံးဝင် နေတဲ့လမ်းဖြစ်တယ်။ အဲဒီ တော့ ဒီလမ်းကို ၂၀၂၁ ခုနှစ်နောက်ပိုင်းမဟုတ်ဘဲနဲ့ ဒီအတွင်းမှာ

ဆောင်ရွက်ပေးဖို့က ကျွန်တော့် အနေနဲ့ တောင်းခံလိုပါတယ်။ အဲဒါကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ထပ်မံမေးမြန်းလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်တို့ ဒီကျေးလက်လမ်းတွေနှင့်ပတ်သက်လာလို့ရှိရင် ကျေးလက်လမ်း ကမိုင်ပေါင်း ၆၀၀၀၀ ကျော်လောက်ရှိပါတယ်။ ကျွန်တော်တို့ပြည်ထောင်စုလမ်းဆိုတာက မိုင်ပေါင်း ၂၀၀၀၀ ကျော်ပဲ ရှိပါတယ်။ ပြည်ထောင်စုလမ်းမကြီးတွေထက်ကို နှစ်ဆကျော်လောက်များပါတယ်။ ဒါကြောင့်မို့လို့ အခုလက်ရှိမှာလည်း အဲဒီကျေးလက်လမ်းတွေက ၂၀ ရာခိုင်နှုန်းလောက်ပဲ ကျွန်တော်တို့က Weather Road၊ All Weather Road တို့ဖြစ်နေတဲ့အတွက် ဒီကျေးလက်လမ်းတွေ အားလုံး ၂၀၃၀ ခုနှစ်ကျရင် All Weather Road တို့ဖြစ်ဖို့ဆိုပြီး ကျွန်တော်တို့က စီမံချက်ထားတော့ အဲဒီနေရာမှာ ဦးစားပေးပါခင်ဗျား။ ဦးစားပေး (A)၊ (B)၊ (C) ဆိုပြီး အဲဒါက ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်တာမဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်ရင် အငြင်းပွားမှုတွေဖြစ်မှာစိုးတဲ့အတွက် ကျွန်တော်တို့က (A)၊ (B)၊ (C) ခွဲခြားတာကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးချုပ်များကို ကျွန်တော်တို့ကညှိနှိုင်းပြီး၊ မေတ္တာရပ်ခံပြီး ဝန်ကြီးချုပ်များက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကို ခေါ်လိုက်ပြီးတော့မှ ဘယ်ဟာသည် (A)၊ ဘယ်ဟာသည် (B)၊ ဘယ်ဟာသည်(C)ဆိုတာကို ဝန်ကြီးချုပ်များရဲ့ အစီအစဉ်နဲ့ ကျွန်တော်တို့ ဆီကိုပေးပို့လာတာ ဖြစ်ပါတယ်။ ပေးပို့လာတော့မှ ကျွန်တော်တို့က ဒီ (A)၊ (B)၊ (C)ကို ဝန်ကြီးချုပ်များရဲ့ ထောက်ခံချက်နဲ့ ကျွန်တော်တို့ကလွှတ်တော်မှာလည်းတစ်ကြိမ် သက်ဆိုင်ရာ ရေးရာကော်မတီမှ လာရောက်ရှင်းလင်းတင်ပြပါတယ်။ ပြီးတော့မှ ကျွန်တော်တို့က Cabinet ကို တင်ပြအတည်ပြုပြီးမှ အတည်ပြုထားတာဖြစ်တဲ့အတွက် ဒီ (A)၊ (B)၊ (C) တွေဖြစ်ပေါ်လာခြင်း

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက Class(C)ဖြစ်သွားတဲ့အတွက် ၂၀၂၁ နောက်ပိုင်းဆိုပြီး ဖြစ်သွားခြင်းဖြစ်ကြောင်း နံပါတ်(၁) ရှင်းပြအပ်ပါတယ်ခင်ဗျား။

တကယ်လို့များ ဒီClass(C)ဖြစ်တာကို ကိုယ်စားလှယ်တော်ကြီးကနေပြီးတော့ ဒါသည် အရေးကြီးတဲ့လမ်းဖြစ်တယ်။ ဒါကို ရှေ့တိုးချင်တယ်ဆိုရင်လည်း ကျွန်တော်တို့က ဒါတွေကပြုပြင် ပြောင်းလဲလို့ရပါတယ်။ သက်ဆိုင်ရာဝန်ကြီးချုပ်များကို ညှိနှိုင်းပြီးတော့ Class(C)ကနေပြီးတော့ Class(B)သော်လည်းကောင်း၊ Class(A)သော်လည်းကောင်း ပြောင်းလဲဖို့အတွက် လမ်းနယ် လိုအပ်ပါတယ်။ Class(C)ဆိုတာကတော့ လမ်းနယ်မရှိဘူး။ ၁၀ ပေဖြစ်ရင်ဖြစ်တယ်။ ၁၂ ပေဖြစ်ရင် ဖြစ်မယ်။ လမ်းနယ်လည်း မပေးနိုင်ဘူး။ အဲဒီလိုလမ်းမျိုးတွေဟာ Class(C) ဖြစ်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လမ်းနယ်လည်းသီးသီးသန့်သန့် ပေးနိုင်မယ်။ သတ်မှတ်ထားတဲ့ လမ်းနယ်ပေးနိုင် မယ်ဆိုရင် Class(B) ဖြစ်လာပါမယ်။ နောက်အဲဒီ Class(B) မှာမှ ယာဉ်သွားလာမှုတွေများနေတယ် ဆိုရင် Class(A) အဆင့်ရောက်ပါမယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုးဖြစ်လာဖို့အတွက်ကိုလည်း ကိုယ်စားလှယ်ကြီးကတစ်ဆင့် သက်ဆိုင်ရာဒေသခံလူထုကို နားလည်အောင်ရှင်းလင်းတင်ပြ ပြီးတော့ သက်ဆိုင်ရာဝန်ကြီးချုပ်များနှင့် ညှိနှိုင်းပြီးတော့ ပြုပြင်ပြောင်းလဲလို့ရနိုင်ပါကြောင်းလည်း တစ်ပါတည်းရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာ နိုင်ပါပြီ။

**မင်းဘူး(စကု)မြို့အတွင်း နှစ်စဉ်ဖြစ်ပေါ်နေသော မြေနုကျွန်းခွဲဝေချထားရေးကိစ္စများကို စိုက်ပျိုးချိန် အမီ ဥပဒေနှင့်အညီ အမြန်ဆုံးချထားနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြေနုကျွန်းမြေများကို ဥပဒေနှင့်အညီ ခွဲဝေချထားရာမှာ စိုက်ပျိုးချိန်အမီ ချထားနိုင်ရေးကိစ္စနှင့်စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ချောင်းတွေနဲ့ဆက်စပ်လျက်ရှိတဲ့ဒေသတွေမှာ နှစ်စဉ်မြေနုကျွန်းခွဲဝေရေးဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လျက်ရှိပါတယ်။ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာဆိုရင်လည်းပဲ ဆားပွတ်ချောင်း၊ မန်းချောင်းနဲ့ ဧရာဝတီမြစ်တို့ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့အတွက် ရေကျချိန်ရောက်တိုင်း နှစ်စဉ်မြေနုကျွန်းလုပ်ကိုင်ခွင့် ခွဲဝေချထားရေးဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်လျက်ရှိပါတယ်။ အချို့ကျေးရွာတွေမှာ ပြဿနာမရှိဘဲ အဆင်ပြေစွာနဲ့ခွဲဝေနိုင်မှုရှိသော်လည်းပဲ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာဆိုလို့ရှိရင် ဥယျာဉ်ဇင်အုပ်စု၊ ခေးမနိုင်ကျေးရွာနှင့် စကုအမှတ်(၁)ကျောင်းရွာရပ်တို့ အငြင်းပွားမှု၊ ရွာသာကျေးရွာနှင့် လက်ပံတစ်ပင်ကျေးရွာတို့ နယ်မြေအငြင်းပွားမှု၊ ပေါက်ကုန်းကျေးရွာနှင့် ကြာကန်ကျေးရွာတို့ရဲ့ မြေနုကျွန်းလုပ်ကိုင်ခွင့်နယ်မြေအငြင်းပွားမှုတို့မှာ ဥပဒေနှင့်အညီ စိုက်ပျိုးချိန်အမီသတ်မှတ်ပေးနိုင်ခြင်းမရှိတဲ့အတွက် နှစ်ပေါင်းလေးနှစ်ကြာပြီဖြစ်ကြောင်းကို ဒေသခံတောင်သူတွေရဲ့ အကြိမ်ကြိမ်တင်ပြချက်အရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေနည်းဥပဒေ အခန်း(၁၂)မှာဆိုလို့ရှိရင် မြေနုကျွန်းလုပ်ကိုင်ခွင့်ချထားခြင်းနဲ့ပတ်သက်ပြီးတော့ နည်းလမ်း ၁၀၃ ကနေ ၁၁၂ ထိ အသေးစိတ်ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ အမှန်တော့ အဲဒီပြဋ္ဌာန်းချက်တွေအတိုင်းသာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ နည်းဥပဒေ ၁၀၄

မှာဆိုလို့ရှိရင် မြေနုကျွန်းမြေလုပ်ကိုင်ခွင့်ကို တစ်နှစ်တစ်ရာသီအတွက်သာ ချထားရမည် ဖြစ်ပြီး နှစ်စဉ်နွေထယ်ရေးအမီ၊ ကျွန်းရေမလွှမ်းမိုးမီကတည်းကပြင် ကြိုတင်စီမံထားရမည်လို့ ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ လက်တွေ့မှာ အဲဒီဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်း ကြိုတင်စီမံထားခြင်းမရှိတဲ့အတွက် ဒေသခံတောင်သူတွေမှာ မသင့်မမြတ်ဖြစ်မှုတွေ၊ အခက်အခဲတွေနဲ့ ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ ဥပမာဆိုလို့ရှိရင် ဒီနှစ်မှာဆိုရင်လည်း ပြီးခဲ့တဲ့ ၁၀ လပိုင်း ၂၀ ရက်နေ့က ကျွန်းပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် အငြင်းပွားပြီးတော့ ရိုက်မှုဖြစ်တယ်လို့ ကျွန်တော်ကြားသိရပါတယ်။ အဲဒီလိုပဲ မကြာသေးမီကမှပဲ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဖရဲကျွန်းမြေနုကျွန်းပြဿနာဟာဆိုလို့ရှိရင် သည်းထိပ်ရင်ဖိုဖြစ်စရာပဲဖြစ်ပါတယ်။ ဒါတွေဟာ သင်ခန်းစာယူစရာဖြစ်ပါတယ်။ အဲဒီလိုပြဿနာတွေမဖြစ်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေ တွေနဲ့အညီ ဖြေရှင်းဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံတောင်သူတွေ စိတ်ချမ်းမြေ့စွာ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံအဝန်းမှာဖြစ်ထွန်းနေတဲ့ မြေနုကျွန်းများကို ဥပဒေ၊ နည်းဥပဒေနဲ့အညီ အမြန်ဆုံးခွဲဝေချထားနိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်နေပါကြောင်းနှင့် ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်အတွင်းမှာဖြစ်ပေါ်နေတဲ့ မြေနုကျွန်းခွဲဝေချထားရေးကိစ္စများကို စိုက်ပျိုးချိန် အမီချထားနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

မူကြမ်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့ မြေနုကျွန်းဆိုင်ရာ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး မေးမြန်းထားတဲ့မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအတွင်း မြစ်ကြောင်းတွေမှာဖြစ်ထွန်းလာနေတဲ့ မြေနုကျွန်းမြေများနှင့်စပ်လျဉ်းပြီးတော့ တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ အခန်း(၁၂) နည်းဥပဒေ ၁၀၅၊ ၁၀၆ တို့နှင့်အညီ မြေယာများကို စီမံခန့်ခွဲချထားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို မင်းဘူးမြို့နယ်အတွင်း ယခုနှစ်မှာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကျေးရွာအုပ်စု ၁၁ အုပ်စုမှာ မြေနုကျွန်းဧရိယာဟာ ၂၀၂၈.၈၇ ဧကပေါ်ထွန်းခဲ့ပါတယ်။ အဆိုပါမြေနုကျွန်းမြေတွေမှာ ရွာသာကျေးရွာအုပ်စုက ရွာသာကျေးရွာနှင့် လက်ပံတောကျေးရွာအုပ်စုက လက်ပံတပင်ကျေးရွာတို့ကြားမှာ ပေါ်ထွန်းခဲ့တဲ့ မြေနုကျွန်းမြေတွေမှာ ရွာသာကျေးရွာအတွက် ၁၃၉.၆ ဧက၊ လက်ပံတပင်ကျေးရွာကနေပြီးတော့ ၄၅၃.၇ ဧကနှစ်စဉ်လုပ်ကိုင်လျက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ သို့ပေမဲ့လည်းပဲ ဧရိယာ ၁၀၉.၈ ဧကဟာနှစ်တိုင်းလည်းပဲ အငြင်းပွားလျက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နဲ့ ယခုမေးခွန်းရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပါအဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နဲ့ နှစ်ဖက်ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က မြေပြင်အရောက်ကွင်းဆင်းဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်းပဲ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်တွေပေါ်မှာ အခြေခံသုံးသပ်ပြီးတော့ မင်းဘူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကနေပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးကနေ

တစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆက်လက်တင်ပြပြီး စီမံခန့်ခွဲဆောင်ရွက်ခဲ့တဲ့အခြေအနေ ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ ၂၀၁၉ ခုနှစ်၊ ဧပြီလကုန်မှာ ရွာသာကျေးရွာအုပ်စုကို ၇၉ ဧကနှင့် လက်ပံတောကျေးရွာကို ၃၂.၈၆ ဧကခွဲဝေပေးခဲ့ပြီးတော့ အဆိုပါခွဲဝေပေးခဲ့တဲ့ဧရိယာတွေကို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကနေပြီးတော့ ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှာ ကွင်းဆင်းပြီး သက်ဆိုင်ရာကျေးရွာမှာရှိတဲ့ တောင်သူလယ်သမား တွေကို ပြသပေးတဲ့အခါမှာ လက်ခံသဘောတူခဲ့တဲ့ အနေအထားရှိကြောင်း တင်ပြအပ်ပါတယ်။ ရွာသာကျေးရွာအုပ်စုနှင့် လက်ပံတောကျေးရွာအုပ်စုတို့ကြား ပေါ်ထွန်းလျက်ရှိတဲ့ မြေနုကျွန်း များနှင့်ပတ်သက်ပြီးတော့ ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှာ မင်းဘူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ နှစ်ဖက်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တွေနဲ့အတူ မြေပြင်ကွင်းဆင်းပြီး တိုင်းတာခဲ့ကြပါတယ်။ ယင်းတိုင်းတာမှုမြေပုံတွေကိုရေးဆွဲ ပြီးတော့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အနေနဲ့ ဥပဒေနှင့်အညီ စီမံဆောင်ရွက်လျက်ရှိတဲ့ အခြေအနေဖြစ်ကြောင်း သိရှိဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြာကန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကြာကန်ကျေးရွာနှင့် ပေါက်ရင်း ကုန်းကျေးရွာတို့ဟာ ကျေးရွာအုပ်စုတစ်အုပ်စုအတွင်းမှာရှိကြတဲ့ရွာတွေ ဖြစ်ကြပါတယ်။ မြေနုကျွန်း အငြင်းပွားတဲ့နေရာတွေကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ လွန်ခဲ့တဲ့ နှစ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့က မြေပြင်ကွင်းဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီနောက် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ အတိုင်း လိုက်နာဆောင်ရွက်သွားဖို့အတွက် ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါမြေနုကျွန်းများနှင့် ပတ်သက်ပြီး ပေါ်ထွန်းမြေ ၁၀၇.၆ ဧကအနက် စိုက်ပျိုးနိုင်တဲ့မြေဟာ ၈၆.၅၈ ဧကရှိပါတယ်။ အဲဒီ ၈၆.၅၈ ဧကကို ကြာကန်ကျေးရွာကို ၄၀.၁၁ ဧက၊ ပေါက်ရင်းကုန်းကျေးရွာကို ၄၆.၄၇ ဧက အသီးသီးခွဲဝေချထားပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူးဒေသအတွင်းမှာပဲ အလားတူ မန်းချောင်းဝဲ/ယာတစ်လျှောက် မှာရှိတဲ့ ကျေးရွာအုပ်စုပေါင်း ၁၆ အုပ်စုမှာလည်းပဲ မြေနုကျွန်းပေါ်ထွန်းတဲ့ဧရိယာဟာ ၆၅၉ ဧက ခန့်ရှိပါတယ်။ ယင်းကိုလည်းပဲ သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ နည်းဥပဒေ ၁၀၅ ပေါ်မှာအခြေခံပြီးတော့ နည်းဥပဒေ ၁၀၆ အရ လုပ်ကိုင်ခွင့်ချထားပေးဖို့အတွက် စီမံ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါမြေနုကျွန်းဧရိယာအတွင်းမှာ ဥယျာဉ်ဇင်ကျေးရွာအုပ်စုနှင့် စကု အမှတ်(၁)ရပ်ကွက်ကြားမှာရှိတဲ့ ဧရိယာ ၁၃.၁၂ ဧကခန့်ဟာ အငြင်းပွားမှုရှိတဲ့အတွက် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ ယခင်နှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ကွင်းဆင်း ဆောင်ရွက်ခဲ့ပြီးတော့ ဥပဒေနှင့်အညီ ဥယျာဉ်ဇင်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေ ပြီးတော့ စကုအမှတ်(၁)ရပ်ကွက်ကို လုပ်ကိုင်ခွင့်များ ချထားပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးရဲ့ဆုံးဖြတ်ချက်အရ မြေနုကျွန်းပေါ်ထွက်လာမှု အခြေအနေကို တိုင်းတာတင်ပြဖို့အတွက် ဥယျာဉ်ဇင်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့ကိုလည်းပဲ အကြောင်းကြားထားရှိပြီးကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အတွင်းမှာ ပေါ်ထွန်းလျက် ရှိတဲ့ မြေနုကျွန်းများနှင့်စပ်လျဉ်းပြီးတော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ ဥပဒေ၊ နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲလျက် အငြင်းပွားမှုတွေကိုလည်းပဲ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့် အညီ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပြီးဖြစ်တယ်ဆိုတဲ့ အခြေအနေရှိပါကြောင်းနဲ့ လာမည့် ၂၀၁၉- ၂၀၂၀ ခုနှစ်တွင် ထပ်မံပေါ်ထွန်းလာမယ့် မြေနုကျွန်းတွေကိုလည်းပဲ စိုက်ပျိုးချိန်အမီချထားနိုင်ရေး စီမံဆောင်ရွက်သွားမည့်အခြေအနေကို တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ စောစောက ဒုတိယဝန်ကြီးဖြေသွားတာက နည်းဥပဒေ ၁၀၆ နဲ့အညီ ဆောင်ရွက်နေတယ်ဆိုပြီးတော့ ဖြေကြားလိုက်တာကို ကျွန်တော်နားလည်ပါတယ်။ သို့သော်လည်းပဲ လက်ရှိမြေပြင်မှာတော့ ညတုန်းကထိအောင် ကျွန်တော်တို့ဆီကို လှမ်းပြီးတော့တိုင်ကြားဆဲဖြစ်ပါတယ်။ လက်ပံတပင်ကျေးရွာနဲ့ ရွာသာကျေးရွာဆိုလို့ရှိရင် ပြီးခဲ့တဲ့ ၁၀ လပိုင်း ၂၅ ရက်နေ့က ကွင်းဆင်းတယ်ဆိုတာလည်း ကျွန်တော်သိပါတယ်။ သို့သော် တင်ပြထားတဲ့အချင်းဖြစ်တဲ့နေရာသုံးနေရာလုံးမှာ ကွင်းဆင်းပြီးတော့ တိကျခိုင်မာတဲ့ ဆုံးဖြတ်ချက်ချမပေးနိုင်လို့ပြဿနာတွေက နှစ်တိုင်းကြားနေရတာ လေးနှစ်ကျော်သွားပြီ ဖြစ်ပါတယ်။ ကွင်းဆင်းတယ်။ ဆင်းပြီးတော့ ဒီလိုလုပ်မယ်၊ ဒီလိုလုပ်မယ်ဆိုပြီးတော့ ပြတ်ပြတ်သားသားဥပဒေနှင့်အညီ ဘယ်လိုလုပ်ထားပါတယ်။ ဘယ်ကျေးရွာက ဘယ်နယ်နိမိတ်ထိအောင် ဆောင်ရွက်ရမှာပါဆိုတာကို တိတိကျကျပြတ်ပြတ်သားသား အောက်မှာတော့ ရပ်/ကျေးတွေကို မြို့နယ်လယ်/စီက ရှင်းလင်းတင်ပြထားတာမရှိပါဘူး။ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့က ဒီပြဿနာတွေ တက်နေတာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာတော့ အခုလည်းစိုက်နေပြီ။ မြို့နယ်လယ်/စီကနေပြီးတော့ နည်းဥပဒေ ၁၀၆ နဲ့အညီ အမှန်က တရားဝင်ချထားပေးထားတာမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီနှစ်မှာတော့ အခုလည်းစိုက်လည်းစိုက်နေပြီဖြစ်တဲ့အတွက်၊ စိုက်ပျိုးချိန် ဖြစ်နေပြီဖြစ်တဲ့အတွက် အမြန်ဆုံးပွင့်လင်းမြင်သာစွာနဲ့ ချပြပြီးတော့ ဘယ်ကျေးရွာကတော့ ဘယ်နေရာထိအောင် မြေနုကျွန်းတွေကို လုပ်ကိုင်ခွင့်ရတယ်ဆိုတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းချပြပေးနိုင်ခြင်းရှိ/မရှိ ဒေသခံမဲဆန္ဒရှင်ပြည်သူများ၏ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေနုကျွန်းခွဲဝေချထားတယ်ဆိုတဲ့ကိစ္စရပ်ဟာ အင်မတန်မှလည်းပဲ သိမ်မွေ့တဲ့ လုပ်ငန်းကိစ္စရပ်ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြေနုကျွန်းနဲ့စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်တင်ပြသွားသလို အငြင်းပွားဖွယ်ရာတွေနဲ့ မလိုလားအပ်တဲ့ကိစ္စတွေဖြစ်တယ် ဆိုတာကိုလည်းပဲ သိပါတယ်။ မိမိတို့ မြေနုကျွန်းတွေကို ခွဲဝေချထားတဲ့အခါမှာ ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်အဆင့်နှစ်ဆင့် ရှိပါတယ်။ (၁)အချက်ကတော့ မြေနုကျွန်းတွေကို စီမံခန့်ခွဲနိုင်မှုအတွက် အုပ်ချုပ်မှုနယ်နိမိတ်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်နှင့် ကျေးရွာတွေက နေပြီးတော့ တိုင်းတာဆောင်ရွက်ရပါတယ်။ ဒုတိယအဆင့်တွေကတော့ တိုင်းတာရရှိတဲ့ နယ်နိမိတ် နဲ့ပတ်သက်ပြီးတော့မှ မိမိနယ်နိမိတ်အတွင်းပါဝင်တဲ့ မြေနဲ့ပတ်သက်ပြီး ခွဲဝေချထားတဲ့ကိစ္စဖြစ်ပါ တယ်။ တချို့မြေနုကျွန်းမြေတွေဟာ မိမိတို့ရဲ့ အုပ်ချုပ်တဲ့နယ်နိမိတ်အတွင်းမှာ မပါဝင်သော်လည်းပဲ မြေနုကျွန်းနဲ့ အနီးစပ်ဆုံးကျေးရွာတွေကို ခွဲဝေချထားရတဲ့အနေအထားမျိုးလည်း ရှိပါတယ်။

ဒါကြောင့်မို့လို့ မိမိတင်ပြသလို အင်မတန်မှလည်း သိမ်မွေ့တဲ့ကိစ္စရပ်ဖြစ်ပါတယ်။ လက်ရှိ အနေအထားမှာ ဖြစ်ပွားတဲ့အခြေအနေတွေကို အတိုချုံးပြန်ပြီးတော့ သုံးသပ်ရမယ်ဆိုရင် ဝေါမြို့နယ်ဆိုလည်းပဲ ရှမ်းကိုင်းနဲ့ ကျိုက်ထိုက မုပွလင်ကြား နှစ်ပေါင်းများစွာ စိုက်ပျိုးလုပ်ကိုင်မှု တည်ငြိမ်လျက်ရှိတဲ့ မြေနုကျွန်းနဲ့ပတ်သက်ပြီး အုပ်ချုပ်မှုနယ်နိမိတ်အရ စီမံခန့်ခွဲရမယ်ဆိုသော် လည်းပဲ လက်ရှိလက်ငုတ်မြေတွေနဲ့ပတ်သက်လို့ အောက်ခြေမှာတော်တော်လေး လေးလေး နက်နက်ထားပြီးတော့ ခန့်ခွဲရတဲ့ကိစ္စဖြစ်ပါတယ်။ အလားတူပါပဲ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရွှေတောင်မြို့နယ်နဲ့ ရှားပင်ကုန်းကျေးရွာအုပ်စုနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်တို့မှာ အလားတူကိစ္စရပ်တွေက ရှိခဲ့ပါတယ်။ အဓိကကတော့ ဒီမြေနုကျွန်းမှာ ရယူလို့ဆိုတဲ့ အခြေအနေ ပေါ်မှာအရင်းခံပြီး ညှိမရတဲ့ကိစ္စရပ်တွေဖြစ်တဲ့အတွက်ကြောင့် မိမိတင်ပြသလို အင်မတန်မှ သိမ်မွေ့တဲ့ကိစ္စဖြစ်ပါတယ်။ အဓိကကတော့ လက်ရှိမှာဆိုလို့ရှိရင် ကျေးရွာအုပ်စုပေါင်းအားလုံး ၅၅၀

မူကြမ်း

အုပ်စုမှာ မြေနုကျွန်းပေါင်းက ၈၀၀ ရှိပါတယ်။ လေ့လာလိုက်မယ်ဆိုရင် မြေနုကျွန်းနဲ့ ပတ်သက်ပြီး စီမံခန့်ခွဲတဲ့အခါမှာ အားလုံး ၉၀ ရာခိုင်နှုန်းလောက်ဟာ ညှိနှိုင်းပြေလည်ပြီးတော့ ၄၀ ရာခိုင်နှုန်းကတော့ အခက်အခဲတွေရှိပြီး လုံးဝကိုမပြေလည်တဲ့အခြေအနေက လေးရာခိုင်နှုန်း အခြေအနေ ရှိပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာလည်း မှန်ပါတယ်။ ကြိုတင်အစီအမံတွေချမှတ်ပြီးတော့ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး အလျဉ်းသင့်လို့တင်ပြရမယ်ဆိုရင် လွှတ်တော်ကို လယ်ယာမြေဥပဒေပြဋ္ဌာန်းနိုင်ဖို့ အတွက် တင်ပြတဲ့အခါမှာ မြေနုကျွန်းဆိုင်ရာကိစ္စရပ်ကိုလည်းပဲ အမျိုးသားလွှတ်တော်မှာရော၊ ပြည်သူ့လွှတ်တော်မှာရော အကြေအလည်ဆွေးနွေးကြတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီဥပဒေကြီး လည်း အမြန်ထွက်ပေါ်လာမယ်ဆိုရင် အမှားကင်းစွာနဲ့၊ အမှားနည်းစွာနဲ့ စီမံခန့်ခွဲဆောင်ရွက် သွားနိုင်မယ့်အခြေအနေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုသလို စိုက်ပျိုး ရာသီအချိန်မီ ဒီမြေနုကျွန်းတွေကို ချထားစီမံခန့်ခွဲနိုင်ဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးကိုလည်းပဲ မိမိတို့အနေနဲ့ ညှိနှိုင်းအကြောင်းကြားဆောင်ရွက်ပေးမယ်ဆိုတဲ့အကြောင်း ဆက်စပ်မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကျောင်းသားများ လက်တွေ့သင်ကြားနိုင်ရန် Commercial Farms အကောင်အထည်ဖော်ခြင်းရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ခန်းမအတွင်း ရောက်ရှိနေတဲ့ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးလိုတဲ့မေးခွန်းကတော့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အမျိုးသားပညာရေးမူဝါဒကော်မရှင် အစီရင်ခံစာအမှတ်(၄)မှာ ဖော်ပြထားတဲ့ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ကျောင်းသားများ လက်တွေ့သင်ကြားနိုင်ရန် Commercial Farms အကောင်အထည်ဖော်ခြင်းရှိ/မရှိ၊ ရှိပါက အဘယ်သို့ဆောင်ရွက်နေပါသနည်း၊ မရှိပါက အဘယ်ကြောင့် မဆောင်ရွက်နိုင်ပါသနည်းဆိုတဲ့မေးခွန်းကို တင်ပြမေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့ စိုက်ပျိုးရေးရဲ့တွဲဖက်လုပ်ငန်းဖြစ်တဲ့ မွေးမြူရေးလုပ်ငန်းဟာ လုံးဝဖွံ့ဖြိုးခြင်းမရှိတဲ့သဘောမျိုး ဖြစ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ အခြေအနေအားလုံး ပေးပေမဲ့လည်း မဖြစ်ထွန်းတာဘာကြောင့်လဲလို့သုံးသပ်ရင် နည်းပညာနိမ့်နေလို့ပဲ ဖြစ်ပါတယ်။ အဲဒီတော့ နည်းပညာဘာကြောင့်နိမ့်သလဲဆိုတော့ ဒီမွေးမြူရေးပညာကို နည်းပညာအရသင်ကြား ပေးရမယ့် အဓိကတာဝန်အရှိဆုံးကတော့ ခုနကပြောတဲ့ မွေးမြူရေးဆိုင်ရာ ဆေးပညာတက္ကသိုလ် ပါပဲ။ ဒါပေမဲ့ ဒီပညာရေးမူဝါဒအစီရင်ခံစာမှာပဲ ဖော်ပြထားတယ်။ ကျွန်တော်တို့ကျောင်းမှာ မွေးမြူရေးနှင့်ပတ်သက်တဲ့ လုံလောက်တဲ့ Demonstration Farms မရှိပါဘူး။ Demonstration Farms လို့ခေါ်တဲ့ ခြံလေးဟာ တစ်နိုင်တစ်ပိုင်လောက်ပဲရှိပါတယ်လို့ သူက အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။ အဲဒီအပြင် ကျောင်းသားတွေကို တကယ်တတ်အောင် သင်မယ်ဆိုလို့ရှိရင် Commercial Farms တွေ လိုအပ်ပါတယ်။ အဲဒီ Commercial Farms

တွေလုပ်ဖို့အတွက်က မြေလိုတယ်။ မြေကေ ၂၀၀ လောက်လိုအပ်တယ်လို့လည်း ဖော်ပြထားပါတယ်။

အဲဒီတော့ ကျွန်တော်တို့ကျောင်းမှာ ကျောင်းသားပေါင်း ခြောက်နှစ်သင်တန်းကျောင်းက လူ ၁၀၀ ဦးစီ ခေါ်ပါတယ်။ DVN ဘွဲ့ပေးပါတယ်။ နောက်တစ်ခုက လေးနှစ်သင်တန်းအတွက် တစ်နှစ်ကို ကျောင်းသား ၁၅၀ ဦးခေါ်တဲ့အတွက် ကျောင်းသားပေါင်း ၆၀၀ ဦးရှိပါတယ်။ နှစ်ခုပေါင်းလို့ ရှိရင် ကျောင်းသားပေါင်း ၁၂၀၀ ဦးသင်ကြားဖို့အတွက် ဒီခုနပြောတဲ့ Demonstration Farms ဆိုတာ လေးဟာ သေးသေးလေးပါ။ တိရစ္ဆာန်အကောင်အရေကလည်း နည်းနည်းလေး။ နွားဆိုရင် ခြောက်ကောင်၊ ခုနစ်ကောင်ပဲရှိတဲ့ အနေအထားမျိုးဖြစ်နေတယ်။ ကြက်ဆိုရင် ၁၀၀၀ တောင်ကျော်၊ အသားစားကြက် ၁၀၀၀ ကျော်၊ ဥစားကြက် ၁၀၀၀ တောင်ကျော်ပဲ မွေးတယ်။ ဒါဟာ သာမန် ရပ်ကွက်ထဲက မွေးမြူရေးသမားတစ်ယောက်ရဲ့ တစ်နိုင်တစ်ပိုင်ခြံအဆင့်ပဲရှိပါတယ်။ အဲဒါကို တက္ကသိုလ်က ကျောင်းသူကျောင်းသားတွေ သင်ကြားမှုအထောက်အကူပြုတဲ့ Demonstration Farms ကို လုပ်ထားတာက အဓိပ္ပာယ်မရှိပါဘူး။ အဲဒီတော့ ကျွန်တော်တို့က ကျောင်းသားတွေကို တကယ် တတ်စေချင်လို့ရှိရင် Commercial Farms လို့ခေါ်တဲ့ စီးပွားဖြစ်မွေးမြူရေးခြံကြီးတွေ ဆောင်ရွက်ပြီး တော့ မွေးမြူရေးပညာကို ထိထိရောက်ရောက် သင်ကြားပေးဖို့လိုပါတယ်။ အဲဒီလို ထိထိ ရောက်ရောက်သင်ကြားပေးဖို့လည်း ဒီအစီရင်ခံစာမှာ တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီ အစီရင်ခံစာ ထွက်ကတည်းက ကျွန်တော်က ကျောင်းကိုစောင့်ကြည့်နေတဲ့အခါမှာ ကျောင်းက ဒီနေ့အထိ ဘာမှ ထိထိရောက်ရောက်ဆောင်ရွက်တာမတွေ့တဲ့အတွက် ဒီမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်ရဲ့ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှာ ကျောင်းသားတွေ လက်တွေ့သင်ကြားနိုင်ဖို့ Commercial Farms အကောင်အထည်ဖော်ခြင်းအခြေအနေရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဖြေကြားပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပိုင် Commercial Farms တွေအကောင်အထည်ဖော်ခြင်းအားဖြင့်တော့ ကျောင်းသူကျောင်းသားတွေရဲ့ စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးနှင့် Modern Farming Technologies ကို လက်တွေ့သင်ကြားပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် တက္ကသိုလ်အတွက်လည်း နိုင်ငံရဲ့အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအရ Autonomous University ဖြစ်လာတဲ့အချိန်မှာ ဝင်ငွေဖော်ဆောင်မှုနည်းလမ်း တစ်ခုဖြစ်လာနိုင်တဲ့အတွက် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမယ့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ တက္ကသိုလ်ပိုင်မွေးမြူရေးခြံများ အကောင်အထည်ဖော်သွားနိုင်မည့် မြေလွတ်၊ မြေရိုင်းတွေကို တက္ကသိုလ်မှတာဝန်ရှိသူတွေ နှစ်ကြိမ်တိုင်တိုင် လိုက်လံကွင်းဆင်း ကြည့်ရှုစိစစ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ မွေးမြူရေးခြံတွေနဲ့ စားကျက်မြေတွေဟာ တစ်ဆက်တစ်စပ်တည်းထားနိုင်မည့် မြေနေရာအကျယ်အဝန်းရရှိနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေး အသင့်

အတင့်ကောင်းမွန်မှု၊ လျှပ်စစ်မီးသွယ်တန်းနိုင်ရေးအတွက် အဆင်ပြေလွယ်ကူမှု၊ ရေရရှိရေးဖြစ်နိုင်ခြေစတဲ့ အခြေခံအဆောက်အဦပိုင် ထည့်သွင်းစဉ်းစားရမည့် အခြေအနေတွေမှာ အဆင်ပြေနိုင်တဲ့ မြေနေရာမတွေ့ရသေးတဲ့အတွက် အဆိုပါ အခြေခံလိုအပ်ချက်များနှင့် အနီးစပ်ဆုံး အံဝင်ခွင်ကျဖြစ်မယ့်နေရာကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် Commercial Farms များ တည်ထောင်ခြင်းကို စတင်ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့ အနေအထားဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှာ Commercial Farms များ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးသော်လည်းပဲ တက္ကသိုလ်အနေနဲ့ အကောင် ၁၀၀၀ ဆံ့တဲ့ ဥစားကြက်မွေးမြူရေးခြံ၊ အကောင် ၁၀၀၀ ဆံ့တဲ့ အသားစားကြက်မွေးမြူရေးခြံ၊ အကောင်ရေ ၁၅ ကောင်ဆံ့ နို့စားနွားမွေးမြူရေးခြံ၊ အကောင်ရေ ၂၀ ဆံ့ အသားစားနွားမွေးမြူရေးခြံနှင့် အကောင်ရေ ၁၀ ကောင်ဆံ့တဲ့ ဝက်မွေးမြူရေးခြံစတဲ့ သရုပ်ပြမွေးမြူရေးခြံ Demonstration Farms တွေအပြင် တက္ကသိုလ်ရေိယာအတွင်းမှာရှိိတဲ့ မြက်စိုက်ခင်းများနှင့် ကျောင်းသူကျောင်းသားတွေကို လက်တွေ လေ့ကျင့်သင်ကြားပေးနေရတဲ့ အနေအထားဖြစ်ပါတယ်။ တစ်ဖက်ကလည်းပဲ Myanmar CP Livestock Co.,Ltd,Japfa, Crystal Diamond, De Heus, CJ, New Hope, Sun Jin အစရှိတဲ့ မွေးမြူရေးကုမ္ပဏီများနှင့်လည်း ဆက်စပ်ပူးပေါင်းညှိနှိုင်းပြီး နောက်ဆုံးနှစ်ကျောင်းသူကျောင်းသား တွေကို ၎င်းတို့စိတ်ပါဝင်စားမှုအလိုက် လက်တွေ့ပါဝင်ဆောင်ရွက်စေမယ့် Internship Programme (On Job Training) တွေကိုလည်းပဲ University–Industry Collaboration အနေနဲ့ အကောင် အထည်ဖော်ဆောင်ရွက်ပေးရတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးမှုများကြောင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှမွေးထုတ်ပေးလိုက်တဲ့ ကျောင်းသားကျောင်းသူများ မွေးမြူ ထုတ်လုပ်ရေးလုပ်ငန်းများနှင့်

ပတ်သက်ပြီး လက်တွေ့အနေအထားမှာ သင်ခန်းစာတွေ သင်ကြားမှု များကိုလည်းပဲ စီမံရရှိနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှာ ကျောင်းသားကျောင်းသူတွေလေ့လာနိုင်ဖို့အတွက် လက်ရှိမှာ တစ်နိုင်တစ်ပိုင် မွေးမြူရေးခြံများကို ဆောင်ရွက်ထားရှိပါတယ်။ စီးပွားဖြစ်မွေးမြူရေးခြံများအဖြစ် တိုးချဲ့လုပ်ကိုင်နိုင်ဖို့အတွက် နိုင်ငံတော်ရဲ့အထောက်အပံ့တစ်ခုတည်းသာမကဘဲနဲ့ Private Sector၊ International Organization များရဲ့ အထောက်အပံ့တွေနဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ မြေနေရာ၊ ရင်းနှီးမြှုပ်နှံရမည့် ငွေကြေး၊ အခြေခံအဆောက်အဦတွေဟာ ဖြည့်ဆည်းနိုင်မှုနှင့် လိုအပ်မယ့် ဝန်ထမ်းအင်အားခန့်ထားမှုများ ဖြည့်ဆည်းနိုင်မယ်ဆိုတာနှင့်အညီ Commercial Farms များ တည်ထောင်ဆောင်ရွက်သွားနိုင်မယ့် အခြေအနေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ တက္ကသိုလ်အနေနဲ့ သင်ကြားရေးအထောက်အကူပြုအဖြစ်သာ ဆောင်ရွက်နိုင်ပြီးတော့ Commercial Farms အဖြစ် ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့အခြေအနေဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ မြေသိပ်ရှားနေပြီလား။ နေပြည်တော်ကောင်စီမှာ တပ်ကုန်းမြို့နယ်ရှိတယ်၊ ပျဉ်းမနားမြို့နယ်ရှိတယ်။ ဒီလိုမြို့နယ်တွေထဲမှာ မြေလွတ်၊ မြေရိုင်း၊ ပလပ်မြေတွေအများကြီး ရှိတာကို ကျွန်တော်သိရပါတယ်။ အဲဒီတော့ လျှပ်စစ်ရှိမှပဲ ဒီဥစ္စာလုပ်မယ်ဆိုရင် လျှပ်စစ်ကရှိတဲ့ နေရာလိုက်ရှာဖို့ဆိုတာ လွယ်တာမဟုတ်ပါဘူး။ အဲဒီတော့ မြေကိုအရင်ရအောင်လုပ်ပြီးမှ

Infrastructure တွေကို လုပ်ရမှာပါ။ အဲဒီတော့ မြေကော Infrastructure တွေပြည့်စုံတဲ့ မြေရမှပဲ ဒီအလုပ်လုပ်မယ်ဆိုလို့ရှိရင် ဒီအဖြေဟာ သိပ်ပြီးတော့ အဓိပ္ပာယ်မရှိလှဘူးလို့ ကျွန်တော်ထင်တဲ့ အတွက် အဲဒီတော့ မြေကိုအရင်ရှာမှာလား၊ Infrastructure ပြည့်စုံတဲ့မြေကို ရမှပဲလုပ်မှာလားလို့ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားပါ့မယ်။ မိမိဖြေကြားတဲ့ အချက်ထဲမှာလည်း ပါပါတယ်။ လုပ်ငန်းတစ်ရပ်အကောင်အထည်ဖော်တဲ့အခါမှာ အခြေအနေ အကြောင်းအရာတစ်ရပ်ရပ်က ပြည့်စုံမှသာလျှင် အောင်မြင်မှုဆိုတာ ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ လုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့အခါမှာ မိမိစိတ်ကူးဆန္ဒရှိသော်လည်းပဲ အကောင် အထည်ဖော်နိုင်ဖို့အတွက် အကန့်အသတ်ရှိနေတဲ့ အနေအထားလေးတွေလည်းရှိပါတယ်။ လက်ရှိ မြေပြင်အခြေအနေမှာ ပွင့်လင်းစွာတင်ပြရမယ်ဆိုရင် မြေယာအရှုပ်အရှင်းပြဿနာတွေကလည်း အများကြီးရှိတဲ့အလျောက် တစ်ဖက်မှာလည်းပဲ မိမိတို့ လွတ်လွတ်လပ်လပ်နဲ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့်နေရာလည်း အရေးကြီးပါတယ်။ တစ်ဖက်ကလည်းပဲ မိမိတို့က ဒီဆောင်ရွက် ရမယ့်လုပ်ငန်းပေါ်မှာ အထောက်အကူပြုနိုင်မယ့် လိုအပ်တဲ့ Infrastructure Facilities တွေလည်း ပြည့်စုံဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းရပ်က ရေရှည်ကိုမျှော်ကိုးပြီးတော့ အဆင့်လိုက်၊ အဆင့်လိုက် အကောင်အထည်ဖော်သွားမှ အဆင်ပြေစွာ စီမံနိုင်တဲ့အခြေအနေဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

**စေတုတ္တရာမြို့နယ်ရှိ မုန်းတမံရေဝပ်ဧရိယာတွင် နစ်မြုပ်ခဲ့သော ကျေးရွာ ၁၃ ရွာမှ ဒေသခံပြည်သူများအတွက် CSR လုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးခဲ့ခြင်း ရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ကျွန်တော့်အနေနဲ့ မုန်းတမံရေဝပ်ဧရိယာမှာ ပါဝင်တဲ့ ပြောင်းရွှေ့ယာများအတွက် Corporate Social Responsibility ဆိုတဲ့ တာဝန်သိလူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါ။ မုန်းချောင်းတမံကို ၁၉၉၆ ခုနှစ်မှာ စတင်တည်ဆောက်ပြီးတော့ ၂၀၀၄ ခုနှစ်မှာ ပြီးပါတယ်။ ရေဝပ်ဧရိယာမှာ ရွာပေါင်း ၁၃ ရွာ၊ လယ်မြေ ၁၂၀၁ ဧက၊ ယာမြေ ၃၆၅၈ ဧက ကျရောက်ခဲ့ပြီးတော့ မူလကျေးရွာများနှင့် ၁၀ မိုင်ကျော်ဝေးတဲ့ ငါးမရွာနှင့် သံဆည်ရွာကြားမှာ သံဆည်မြို့သစ်တည်ဆောက်ပြောင်းရွှေ့စေခဲ့ပါတယ်။ ရေ၊ မီး၊ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး၊ လုပ်ကိုင်စားသောက်စရာ မြေယာလုံးဝမပြည့်စုံတဲ့ သံဆည်မြို့သစ်မှာ မိမိအိမ်၊ မိမိဘာသာရွှေ့ပြောင်းဆောက်လုပ်ခဲ့ကြပေမဲ့ ထိုင်ပြီးတော့ ငတ်နေကြလို့ လုပ်ကိုင်စားဖို့ရှိတဲ့ မူလရွာတွေမှာပဲ ပြန်လည်ပြောင်းရွှေ့ခဲ့ကြရပါတယ်။ ၂၀၀၃ ခုနှစ် တမံကြီးပိတ်ချိန် ရေမြုပ်တော့မှ သံဆည်မြို့သစ်ကို မဖြစ်မနေပြောင်းရွှေ့ခဲ့ကြပေမဲ့ လုပ်ကိုင်စားသောက်စရာမရှိ၊ ဝင်ငွေမရှိ၊ ထောက်ပံ့ခြင်းမရှိလို့ မရပ်တည်နိုင်ကြတော့ဘဲနဲ့ အားလုံးနီးပါး ရွာဟောင်း၊ တောင်ကုန်းမြင့်တွေပေါ် ပြန်လည်ရွှေ့ပြောင်းပြီးတော့ သစ်ပင်တွေအောက်၊ ချောက်လျှိုမြောင်ကြား၊ တောင်ကမ်းပါးတွေပေါ်မှာ ခက်ခဲစွာ ရပ်တည်ရှင်သန်ခဲ့ကြပါတယ်။ ရေမြုပ်ရွာ ၁၃ ရွာလုံး အိမ်ပြောင်းရွှေ့

စရိတ် ၅၀၀၀ ကျပ်မှတစ်ပါး ၁၈ နှစ်ကြာ ယနေ့အချိန်အထိ မည်သည့်မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး၊ နစ်နာကြေး၊ ပံ့ပိုးကူညီမှု၊ အစားထိုးမြေယာမှျ မရှိခဲ့ကြဘဲ တစ်နေ့တခြား ခက်ခဲကြပ်တည်းဒုက္ခရောက်လျက်ရှိကြပါတယ်။ ပျားဖွတ်တဲ့မုဆိုးလို လိုချင်တဲ့ပျားရည်ရဖို့ ပျားလေးတွေ သေချင်သလိုသေ၊ ပျံချင်ရာပျံ။ ဥပဒေမဲ့တရားလက်လွတ်ပြုခဲ့ကြတဲ့ဒဏ်ကို အဲဒီရေမြုပ်ရွာတွေ အခုအချိန်အထိ ကျောကော့အောင် ခံနေရဆဲပါ။

ကျွန်တော်တို့မုန်းတမံပြည်သူတွေဟာ ပျားကောင်တွေလို ဘေးလွတ်ရာကို ပျံသန်းနိုင်စွမ်း မရှိကြတော့လည်း လည်စင်းခံရုံမှတစ်ပါး အခြားမရှိဖြစ်ကြရပါတယ်။ ၂၀၀၇ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်မှာ ပြီးစီးခဲ့တဲ့ ဂန့်ဂေါ-မြစ်သားဆည်စီမံကိန်းမှာတော့ စံပါယ်၊ ဆင်ပုံ၊ ပနန်း၊ ယင်းမာရွာလေးရွာကို မြို့ကွက်သစ်စနစ်ကျဖော်ထုတ်ပြီးတော့ သိန်း ၂၀၀ တန်အိမ်၊ သောက်သုံးရေ၊ လျှစ်စစ်မီးအပြည့်အစုံ၊ သီးနှံလျော်ကြေး၊ လယ်ယာမြေလျော်ကြေး သိန်း ၇၀၀၊ ၈၀၀၊ အဆင်သင့်စိုက်ပျိုးနိုင်တဲ့လယ်ယာ၊ ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးခန်း၊ စာသင်ကျောင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးစသည်ဖြင့် ပြည့်ပြည့်စုံစုံဖော်ဆောင်ပေးခဲ့ကြောင်း သိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မုန်းတမံတည်ဆောက်မှုကြောင့် နိုင်ငံတော်အတွက် နှစ်စဉ်လျှပ်စစ်ဓာတ်အားကီလိုဝပ်သန်း ၃၃၀ ခန့်ထုတ်လုပ်နိုင်ပြီးတော့ လျှပ်စစ်ဓာတ်အားခတွေရရှိပေမဲ့ ရေမြုပ် ၁၃ ရွာကတော့ ဘိုးဘေးစဉ်ဆက်နေထိုင်ခဲ့တဲ့ရွာတွေ၊ အိမ်တွေ နစ်မြုပ်ခဲ့တယ်။ သူတို့ရဲ့အသက်ဖြစ်တဲ့ လယ်ယာ၊ ဥယျာဉ်ခြံမြေတွေ ဆုံးရှုံးခဲ့တယ်။ သူတို့ကိုးကွယ်ဆည်းကပ်ရာ စေတီ၊ တန်ဆောင်း၊ သိမ်ကျောင်း၊ ဇရပ်တွေနစ်မြုပ်ခဲ့တယ်။ သူတို့မှီခိုရာ၊ အားထားရာ တောတောင်သဘာဝပတ်ဝန်းကျင်တွေ နစ်မြုပ်ဆုံးရှုံးခဲ့ရတယ်။ အေးချမ်းသာယာရောင့်ရဲပြည့်စုံနေတဲ့ ဘဝတွေဟာ အရှင်လတ်လတ်ငရဲကျသလို ဘဝတွေပြောင်းသွားခဲ့ကြတာတွေ ယခုအချိန်အထိ ကူရာကယ်ရာမဲ့ဆဲပါ။ ဒါကြောင့် လူသားချင်းစာနာထောက်ထားစွာနှင့် လူ့အခွင့်အရေးတွေဆုံးရှုံးခဲ့ကြ

တဲ့ ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုတွေကို တာဝန်ယူ၊ တာဝန်ခံမှုရှိစွာ CSR လုပ်ငန်းများ၊ တာဝန်သိလူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းရှိ/မရှိ၊ မရှိပါက ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ မေးခွန်းအပေါ်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ မုန်းချောင်းပေါ်မှာ မုန်းချောင်းရေလှောင်တမံကို ၁၉၉၆ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှာ ပြီးစီးခဲ့ပါတယ်။ မုန်းတမံကို ဒေသအတွင်း ရေဆင်းဧရိယာကြီးမားပြီး စီးဝင်ရေများပြားတဲ့ မုန်းချောင်းရဲ့စီးဝင်ရေအားကို ထိန်းညှိသိုလှောင်ပေးပြီးတော့ ဒေသအတွင်း ရေကြီးရေလျှံမှုကို လျှော့ပါးသက်သာစေဖို့ အောက်ဖက်မှာရှိတဲ့ မဲဇလီရေလွှဲဆည်ရဲ့ မူလဆည်ရေသောက်ဧရိယာအတွင်း နွေစပါးစိုက်ဧက ၁၈၀၀၀ ကနေပြီးတော့ ၇၀၀၀၀ ဧကခန့်အထိ ပိုမိုတိုးချဲ့စိုက်ပျိုးလာနိုင်စေဖို့နှင့် ရေအားလျှပ်စစ်တစ်နှစ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ထုတ်လုပ်ပေးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့တည်ဆောက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း

ပဲ အဆိုပါ ရည်ရွယ်ချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိတဲ့ အနေအထားဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မုန်းချောင်းရေလှောင်တမံ တည်ဆောက်ဖို့အတွက် နေရာရွေးချယ်ခဲ့စဉ်ကတည်းက စေတုတ္တရာမြို့နှင့် ပတ်ဝန်းကျင်မှာရှိတဲ့ လယ်မြေတွေ ရေဝပ်ဧရိယာအတွင်း ကျရောက်ခြင်းမရှိစေဖို့ အလေးအနက်ဂရုပြုစေခဲ့ပါတယ်။ ရေဝပ်ဧရိယာအတွင်းကျရောက်မည့်ကျေးရွာအနည်းဆုံး ဖြစ်စေဖို့ ဦးစားပေးစဉ်းစားဆုံးဖြတ်ပြီးမှ ယခုတမံနေရာကို ရွေးချယ်တည်ဆောက်ခဲ့တဲ့အခြေအနေ ဖြစ်ပါ တယ်။ မုန်းချောင်းရေလှောင်တမံ ရေဝပ်ဧရိယာအတွင်းမှာ ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေပေါင်း ၁၂၈ အိမ်၊ လယ်မြေ ၁၂၀၁ ဧကနှင့် ယာမြေ ၃၆၅၈ ဧကကျရောက်ခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် တမံရဲ့ အောက်ဖက်မှာရှိတဲ့ ငါးမနှင့် သံဆည်ရွာအကြား ဆက်သွယ်သွားလာမှုလွယ်ကူတဲ့နေရာမှာ သံဆည်မြို့သစ်တည်ဆောက်ပြီး အဆိုပါရေမြုပ်ကျေးရွာတွေက အိမ်ထောင်စုတွေကို ရွှေ့ပြောင်း နေရာချထားပေးခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေ့ပြောင်းအိမ်ထောင်စုတွေအတွက် ထိုခေတ်ထိုအချိန်ကာလ သတ်မှတ် ပြဋ္ဌာန်းမှုနှင့်အညီ အိမ်ထောင်စုတစ်စုပြောင်းရွှေ့ရန်ထောက်ပံ့ငွေကျပ် ၅၀၀၀ ကို ပေးအပ်ခြင်း အပြင် နေအိမ်တွေကို ဌာနမှ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရွှေ့ပြောင်းအိမ်ထောင်စုတစ်စုကို လုပ်ကိုင် စားသောက်နိုင်ဖို့ လယ်ယာမြေတစ်ဧကစီ ဖော်ထုတ်ပေးပါတယ်။ ကျေးရွာနေပြည်သူတွေအတွက် သောက်သုံးရေတွင်း ၁၅ တွင်း တူးဖော်ပေးပြီး၊ အ.မ.က ကျောင်းနှစ်ကျောင်းနှင့် ဆေးပေးခန်း တစ်ခန်း တည်ဆောက်ပေးပါတယ် စတဲ့ အကူအညီပံ့ပိုးမှုများနဲ့ အထောက်အကူပြုခဲ့တဲ့အခြေအနေ ဖြစ်ပါတယ်။ သံဆည်မြို့သစ်ကို မရွှေ့ပြောင်းလိုတဲ့ အိမ်ထောင်စုတွေကိုလည်းပဲ မူလကျေးရွာတွေနဲ့ အနီး ရေဝပ်ဧရိယာနှင့်ကင်းလွတ်တဲ့နေရာတွေမှာ ရွာသစ်တည်ပြီး စီးပွားရေး၊ လူမှုရေး၊ လမ်းပန်း

ဆက်သွယ်ရေးအခက်အခဲမရှိစေဖို့အတွက် ကွင်းဆင်းစစ်ဆေးစီမံဆောင်ရွက်ပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မုန်းချောင်းရေလှောင်တမံရဲ့ ရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့တဲ့ ကျေးရွာတွေကို သံဆည်မြို့သစ်တည်ဆောက်ပြီး ဌာနမှ စနစ်တကျ ရွှေ့ပြောင်းပေးခဲ့ပါတယ်။ စိုက်ပျိုးလုပ်ကိုင်ဖို့အတွက် လယ်ယာမြေတွေဖော်ထုတ်ပေးခဲ့ပါတယ်။ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့်အတူ ဆေးပေးခန်းနှင့် စာသင်ကျောင်းများစတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုအထောက်အကူပြုလုပ်ငန်းတွေကို စီမံဆောင်ရွက်အကောင်အထည်ဖော်ပေးခဲ့တဲ့အလျောက် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို လူမှုအကျိုးပြုလုပ်ငန်း(Corporate Social Responsibility–CSR)နဲ့ ဆောင်ရွက်ခဲ့မှုအခြေအနေဖြစ်ခဲ့ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ ယခုလို ပြည့်ပြည့်စုံစုံဖြေကြားသွားပေးတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်မေးမြန်းလိုတာကတော့ သံဆည်မြို့သစ်ကို တည်ဆောက်ပေးခဲ့တယ်။ ဒါပေမဲ့ လုံးဝလုပ်ကိုင် စားသောက်နေထိုင်စရာအဆင်မပြေတဲ့အတွက် အိမ်ထောင်စုငါးအိမ်ထောင်စုလောက်ပဲ အဲဒီမှာ ဆက်နေတယ်။ အဲဒီသံဆည်မြို့သစ်လည်း နောက်ဆုံးတော့ ပျက်စီးသွားခဲ့တယ်။ အခုနက ကျွန်တော်တင်ပြခဲ့သလိုပဲ မိမိတို့ရဲ့ကျေးရွာဟောင်း တောင်ကုန်းမြင့်တွေပေါ်မှာ၊ တောင်စောင်းတွေ ပေါ်မှာ၊ ချောက်ကမ်းပါးတွေအပေါ်မှာ ဖြစ်သလိုပဲ ဘဝကို ရပ်တည်ရှင်သန်ပြီးတော့ ၁၃ ရွာလုံးက မိဘပြည်သူအားလုံးဟာ အတိဒုက္ခရောက်ခဲ့ကြတာပါ။

ဒါကြောင့် အခုနတုန်းက သံဆည်မြို့သစ် ပျက်စီးသွားတဲ့၊ မအောင်မမြင်ဖြစ်ခဲ့တဲ့ သံဆည်မြို့သစ်နေရာမှာလည်းပဲ အခုနတုန်းက တစ်ကေ ဖော်ထုတ်ပေးတယ်။ လယ်ယာမြေတွေဖော်ထုတ်ပေးတယ်ဆိုတာ ၁၃ ရွာက ကျေးရွာသူကျေးရွာသား တွေ စနစ်တကျလုံးဝလက်ခံရရှိခြင်းမရှိခဲ့ဘဲနဲ့ လုပ်ကိုင်စားသောက်လို့မရလို့ သူတို့တွေ မူလနေရာ တွေကို ပြောင်းရွှေ့ပြီးတော့ အတိဒုက္ခရောက်ခဲ့ကြတာပါ။ အဲဒီမူလကျေးရွာနေရာတွေမှာပဲ မိမိကျောင်းကို မိမိဆောက်၊ မိမိဘုန်းကြီးကျောင်းကို မိမိဆောက်၊ မိမိအိမ်ကို မိမိဆောက်၊ ယခု နေထိုင်တဲ့နေရာလေးရောက်ဖို့အတွက် သူတို့တေွှဟာ ငါးကြိမ်မက အိမ်တွေကို အကြိမ်ကြိမ် ဟိုတောင်ပေါ်က၊ ဒီချောက်ကြားက၊ ဒီယာထဲက အကြိမ်ကြိမ်ရွှေ့ပြောင်းပြီးတော့ ဒုက္ခများနှင့် တည်ဆောက်ခဲ့ကြရတာပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်မေးမြန်းလိုတာကတော့ နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ဖို့အတွက် အတိဒုက္ခရောက်ခဲ့ကြတဲ့ မုန်းတမံ ၁၃ ရွာအတွက် ကျွန်တော်တို့တင်ပြထားတဲ့ Corporate Social Responsibility ဆိုတဲ့ တာဝန်သိ လူမှုအကျိုးပြုလုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်ပေးဖို့ လိုအပ်နေတဲ့အတွက် အဲဒီလို ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိကို လေးစားစွာနှင့် တစ်ဆက်တစ်စပ်တည်းမေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်ဖြေကြား ပါမယ်။ လက်ရှိလုပ်ကိုင်စားသောက်မှုအဆင်ပြေမှုမရှိတဲ့ ဒေသရေမြေအနေအထားအပေါ်မှာ တည်မှီ ပြီးတော့ ၎င်းတို့ရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ စီမံဆောင်ရွက်သွားနိုင်မယ့် နည်းလမ်းတွေ ကို မိမိတို့ပြန်လည်သုံးသပ် စီမံပေးမယ့် အခြေအနေဖြစ်ကြောင်းလည်း

တင်ပြအပ်ပါတယ်။ လက်ရှိ အနေအထားအရ စိုက်ပျိုးရေးကို အားထားရတဲ့အနေအထားမျိုး မရှိဘူးဆိုရင်လည်းပဲ အသက်မွေးဝမ်းကျောင်းအတွက် အားထားလုပ်ကိုင်နိုင်မယ့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မည်ကဲ့သို့ ဖန်တီးဆောင်ရွက်ပေးနိုင်မလဲဆိုတဲ့ကိစ္စကိုလည်းပဲ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် ညှိနှိုင်းပြီး ပြန်လည်ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေမျိုး ဖန်တီးပါမယ်။ လက်ရှိ ဆောင်ရွက်မှုအခြေအနေကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးထံ ပြန်လည်အသိပေးဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမားများအတွက် တောင်သူလယ်သမားနေ့အဖြစ် မတ်လ ၂ ရက်နေ့ကို သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးရန်နှင့် ဗြိတိသျှနယ်ချဲ့အစိုးရအား ဆရာစံဦးဆောင်ပြီး တောင်သူလယ်သမားများကိုယ်တိုင် စတင်တော်လှန်ခဲ့သည့် ဒီဇင်ဘာလ(၂၂)ရက်နေ့ကို ပြောင်းလဲသတ်မှတ်အတည်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်က ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မတ်လ ၂ ရက်နေ့ဟာ တောင်သူလယ်သမားနေ့အဖြစ်သတ်မှတ်ထားခြင်းကို ပယ်ဖျက်ပေးပါရန်နှင့် ဗြိတိသျှနယ်ချဲ့အစိုးရအား ဆရာစံဦးဆောင်ပြီး တောင်သူလယ်သမားများကိုယ်တိုင် စတင်တော်လှန်ခဲ့တဲ့ ဒီဇင်ဘာလ ၂၂ ရက်နေ့ကို ပြောင်းလဲသတ်မှတ်အတည်ပြုပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိတဲ့ တောင်သူလယ်သမားများဟာ စိုက်ပျိုးလုပ်ကိုင်မှီတင်းနေထိုင်တဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ လွန်ခဲ့သော နှစ်ပေါင်းထောင်ချီပြီး ယနေ့အထိ တောင်သူလယ်သမားများရဲ့စွမ်းအားဖြင့် ထုတ်လုပ်သော ဆန်စပါးကိုအမှီပြုပြီး ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့ကို ရှင်သန်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများကို နိုင်ငံသားအားလုံးက ကျေးဇူးရှင်များအဖြစ် ဂုဏ်ပြုလေးစားတန်ဖိုးထားခဲ့ကြပါတယ်။ ဖဆပလ အစိုးရလက်ထက်က ဇန်နဝါရီလ ၁ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် ကျင်းပခဲ့ပြီး တော်လှန်ရေးကောင်စီအစိုးရက မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားများနေ့အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အတိတ်သမိုင်းကို စိတ်ရိုင်းတွေနဲ့ အမုန်းတရား၊ အမုန်းစကားတွေ ဖြန့်ဝေလက်ဆင့်ကမ်းဖို့ မဟုတ်ပါဘူး။ အမုန်တရားကသာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုမှာဖြစ်တဲ့အတွက် အာဏာသိမ်းခံရတဲ့ မတ်လ ၂ ရက်နေ့ဆိုတာ ပြည်သူလူထုကရွေးချယ်တင်မြှောက်သော ပြည်သူ့အစိုးရ၊ ပြည်သူ့လွှတ်တော်၊ လူမျိုးစုလွှတ်တော်များကို ဖျက်သိမ်းပစ်တဲ့နေ့၊ ပြည်သူအပေါင်း ဒီမိုကရေစီနှင့် လူ့အခွင့် အရေးစတင်ဆုံးရှုံးရသောနေ့၊ အာဏာရှင်တွေအောက် ပြည်သူ၊ ကျောင်းသားပြားပြားမှောက်ရတဲ့နေ့၊ တောင်သူလယ်သမားများ မျိုးစပါး၊ ဝမ်းစာစပါးပါမကျန် မြေသိမ်းခံရပြီး ဆင်းရဲမွဲတေခြင်းဒဏ်ကို ခါးစည်းခံရဖို့ အကြောင်းဖန်လာတဲ့ အာဏာရှင်မျိုးဆက်တို့ရဲ့မွေးနေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ခြင်းဟာ နိုင်ငံရေးစံတန်ဖိုးရဲ့အနှစ်သာရကင်းမဲ့လှတာကြောင့် ပြည်သူ့အစိုးရအနေဖြင့် ဖျက်သိမ်းပေးရန် နှောင့်နှေးကြန့်ကြာမနေသင့်ကြောင်း ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေးကျွမ်းဝင်မှု(Political Socialization)ဆိုတာ နိုင်ငံတည်ငြိမ်အေးချမ်းဖို့အတွက် အလွန်အရေးပါပါတယ်။ ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းနေတဲ့နိုင်ငံတွေမှာ

အာဏာရှင်စနစ်ကလာတဲ့ နိုင်ငံရေးကျွမ်းဝင်မှုတွေကို ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုဖြစ်အောင် ကြိုးစားပမ်းစားပြောင်းလဲကြရတာ ဖြစ်ပါတယ်။ တောင်သူလယ်သမားမိသားစုများမှာရှိတဲ့ နိုင်ငံရေးကျွမ်းဝင်မှုတွေကို သိသိသာသာပြောင်းလဲသွားနိုင်တဲ့ ဆောင်ရွက်ချက်တစ်ရပ်အနေနဲ့ ပြည်သူ့အစိုးရက တပ်မတော်ကအာဏာသိမ်းတဲ့ မတ်လ ၂ ရက်နေ့အား တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ထားခြင်းကို ဖျက်သိမ်းပေးရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမိုင်းဆိုတာ လိမ်ညာလို့မရပါဘူး။ ဖျောက်ဖျက်လို့လည်း မရပါဘူး။ မြန်မာနိုင်ငံတောင်သူလယ်သမားများရဲ့ဘဝကို မှတ်တမ်းတင်လျှင် ဆရာစံနှင့် တောင်သူလယ်သမားများဟာ ခွဲခြား၍ မရပါဘူး။ သုပဏ္ဏကဂဠုန်နရာဇာဘွဲ့ခံဆရာစံ တောင်သူလယ်သမားများရဲ့ဘဝသင်္ကေတနိမိတ်ပုံ ဖြစ်ပါတယ်။ အင်္ဂလိပ်နယ်ချဲ့အစိုးရနဲ့ ဘူလင်ဂျာဘူး လို့ခေါ်တဲ့ ထိုစဉ်က စပါးဝယ်ယူခဲ့တဲ့ကုမ္ပဏီကြီးများရဲ့ဖိနှိပ်ခံ၊ တောင်သူလယ်သမားများရဲ့ဆင်းရဲနုံချာသောဘဝကို ဖော်ထုတ်ပြီး တောင်သူလယ်သမားတော်လှန်ရေးတစ်ရပ်ကို ရဲရဲဝံ့ဝံ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သူဟာ ဆရာစံ ဖြစ်ပါတယ်။ သာယာဝတီခရိုင်၊ ရေတပ်ရွာမှစ၍ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ တောင်သူလယ်သမားများရဲ့ဘဝ လွတ်လပ်ရေးတိုက်ပွဲခေါ်သံကို စတင်ခဲ့ကြပါတယ်။ သို့ပါ၍ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် ပြင်ဆင်ပြောင်းလဲသတ်မှတ်ပေးရန် အကြံပြုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မတ်လ ၂ ရက်နေ့အား တောင်သူလယ်သမားနေ့အဖြစ်သတ်မှတ်ထားခြင်းကို ပယ်ဖျက်ပေးရန် နိုင်ငံအဝန်းရှိ တောင်သူလယ်သမားများနှင့် ပြည်သူလူထုက ဆန္ဒရှိကြတယ်ဆိုတာသိရှိကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဗြိတိသျှနယ်ချဲ့အစိုးရအား ဆရာစံဦးဆောင်ပြီး တောင်သူလယ်သမားများကိုယ်တိုင်စတင်တော်လှန်ခဲ့တဲ့ ဒီဇင်ဘာလ ၂၂ ရက်နေ့အား တောင်သူလယ်သမားနေ့

အဖြစ် ပြောင်းလဲသတ်မှတ်အတည်ပြုပါရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်ရဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပါ့မယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်းပါအကြောင်းအချင်းဟာ သမိုင်းရဲ့ဖြစ်တည်မှုနဲ့ ဖြစ်ပေါ်လာခဲ့တဲ့ အတွက်ကြောင့်မို့လို့ တောင်သူလယ်သမားနေ့ဖြစ်ပေါ်လာမှုနောက်ခံသမိုင်းကို လေ့လာဆန်းစစ်ပြီးတော့ ပကတိ အခြေအနေများနှင့် ထင်ဟပ်ပြီး ဖြေကြားပါမယ်။ ရှေးယခင်ကာလ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ နိုင်ငံတော်ရဲ့ အခြေခံလူတန်းစားကြီး တစ်ရပ်ဖြစ်တဲ့ တောင်သူလယ်သမားတွေ စည်းလုံးညီညွတ်မှုရှိစေဖို့၊ တောင်သူလယ်သမားတွေဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေး သမိုင်းတစ်လျှောက် တိုက်ပွဲအင်အားစုများဖြစ်ခဲ့တဲ့အတွက် ဂုဏ်ပြုတဲ့ အနေနဲ့ တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲ အခမ်းအနားတွေကနေ မြစ်ဖျားခံလာတာ တွေ့ရှိရပါ တယ်။ ဒီလိုတောင်သူလယ်သမား နှီးနှောဖလှယ်ပွဲတွေကို ကျင်းပလာခဲ့တဲ့အခါမှာ အဲဒီကျင်းပမှုအပေါ်မှာမူတည်ပြီး တောင်သူလယ်သမားနေ့ဆိုပြီး ပေါ်ပေါက်လာကြောင်း သိရှိရပါတယ်။ မြန်မာ့လယ်ယာမြေသမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်မယ်ဆိုရင် ကျင်းပခဲ့တဲ့ လယ်သမားနှီးနှောဖလှယ်

ပွဲတွေ အနေအထားအရ ၁၉၆၂ ခုနှစ်မှာ အုန်းတောတောင်သူလယ်သမားနှီးနှောဖလှယ်ပွဲ၊ ၁၉၆၃ ခုနှစ်မှာ ဒူးယားတောင်သူလယ်သမားနှီးနှောဖလှယ်ပွဲ၊ ၁၉၆၃ ခုနှစ်မှာ ပုပ္ပားတောင်သူလယ်သမားနှီးနှောဖလှယ်ပွဲ၊ ၁၉၆၄ ခုနှစ်မှာ ခပေါင်းတောင်သူလယ်သမားနှီးနှောဖလှယ်ပွဲ၊ ၁၉၆၅ ခုနှစ်ကနေ ၁၉၆၈ ခုနှစ်အထိ ကျိုက္ကဆံတောင်သူလယ်သမားနှီးနှောဖလှယ်ပွဲဆိုပြီးတော့ နှီးနှောဖလှယ်ပွဲတွေကိုကျင်းပခဲ့ပြီး စီမံဆောင်ရွက်ခဲ့တယ်ဆိုတဲ့အနေအထားကို မြန်မာ့လယ်ယာမြေသမိုး အထောက်အထားနဲ့ တွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်။ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားနေ့ကို နှစ်စဉ်ဇန်နဝါရီလ ၁ ရက်နေ့မှာ ကျင်းပခဲ့သော်လည်းပဲ ပုပ္ပားတောင်သူလယ်သမားနှီးနှောဖလှယ်ပွဲကိုတက်ရောက်လာကြတဲ့ တောင်သူလယ်သမားကြီးများ၊ အဲဒီကာလက လေ့လာတွေ့ရှိချက်အရဆရာစံတော်လှန်ရေးမှာပါဝင်ခဲ့ပြီး ကျန်ရှိခဲ့တဲ့ ဂဠုန်တပ်သား တောင်သူလယ်သမားကြီးများလည်းပါဝင်တက်ရောက်ခဲ့တဲ့ အနေအထားမျိုးတွေ့ရပါတယ်။ အဆိုပါတောင်သူလယ်သမားတွေကဇန်နဝါရီလဟာဆိုရင် တောင်သူလယ်သမားတွေရဲ့ လယ်ယာသီးနှံရိတ်သိမ်းချိန်နဲ့ တိုက်ဆိုင်နေတယ်။ အင်္ဂလိပ်နှစ်သစ်ကူးကာလကို ဂုဏ်ပြုသလိုဖြစ်နေတယ်။ တောင်သူလယ်သမားတွေအတွက်သင့်လျော်ကောင်းမွန်တဲ့ ပွင့်လင်းရာသီဖြစ်တဲ့ မတ်လကာလ ပြောင်းလဲကျင်းပသင့်ကြောင်း တင်ပြခဲ့တဲ့အတွက် ၁၉၆၄ ခုနှစ်ကစတင်ပြီး မတ်လ ၂ ရက်နေ့ကို ပြောင်းလဲကျင်းပခဲ့ပြီးတော့မှ အဲဒီလိုကျင်းပခဲ့ခြင်းဟာ ယနေ့ကာလအထိ ၅၆ ကြိမ်အထိရှိခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားနေ့ဟာ တောင်သူလယ်သမားတစ်ဦး တစ်ယောက်ချင်းကို ဂုဏ်ပြုသတ်မှတ်တဲ့နေ့ဖြစ်တယ်။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ တောင်သူလယ်သမားထုတစ်ရပ်လုံးကို ဂုဏ်ပြုကျင်းပပေးခဲ့တဲ့ နေ့ရက်တစ်ရက်ဖြစ်တယ်ဆိုတာ သုံးသပ်တင်ပြအပ်ပါတယ်။ နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်ထားရှိမှုဟာ နိုင်ငံတော်အစိုးရအနေနဲ့ထားရှိရမယ့် နေ့ထူးနေ့မြတ်ထူးမြတ်တဲ့ဂုဏ်အင်္ဂါနှင့် သမိုင်းအခြေခံဖြစ်ရပ်တွေအပေါ်မှာ အခြေပြုပြီးတော့ စိစစ်ဆောင်ရွက်ထားရှိရတဲ့လုပ်ငန်းရပ်ဖြစ်ပါတယ်။ ၎င်းနေ့ရက်ကို ပြင်ဆင်လိုတယ်ဆိုရင် ယင်းနေ့ရက်ကို အမှန်

တကယ် ကိုယ်စားပြုတဲ့ တောင်သူလယ်သမားအများစုရဲ့ ဆန္ဒနှင့်အညီ ဖြစ်စေဖို့လည်း လိုအပ်မှာဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။ ထို့အတူပဲ ပြောင်းလဲပြင်ဆင်သတ်မှတ်မယ့်နေ့ရက်ဟာ တောင်သူလယ်သမားများရဲ့ မှီခိုအားထားရာ အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ လယ်ယာလုပ်ငန်းခွင်တွေအပေါ် ထိခိုက်မှုမရှိစေရေးအပေါ်မှာလည်းပဲ အလေးအနက်ထား စိစစ်သုံးသပ်ဆောင်ရွက်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ၎င်းနေ့ရက်ပြင်ဆင်ခြင်းကို အထက်ဖော်ပြပါအချက်တွေနဲ့အညီ အဘက်ဘက်မှ စဉ်းစားသုံးသပ်ရမယ့် အနေအထားရှိတဲ့အလျောက်ယင်းအပေါ်မှာအခြေပြုပြီး နိုင်ငံတော်က စီမံဆောင်ရွက်ရန် လိုအပ်လာမယ်ဆိုရင် မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ အစီအမံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရှိမည်ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းကို ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်မယ့် အစီအစဉ်မရှိသေးပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။မိုက်ပေးပါ။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။

ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၄၀၊ ၁၄၁ အရ မေးခွန်းမေးတဲ့အခါမှာ မေးခွန်းနှင့်ဆက်စပ်တဲ့အကြောင်းအရာ တွေကို Reference လုပ်လို့ရပါတယ်။ Code လုပ်လို့ရပါတယ်။ သို့သော် မိမိရဲ့အထင်၊ မိမိရဲ့အမြင်၊ မခိုင်လုံတဲ့အကြောင်းပြချက်တွေကို ထည့်သွင်းမေးမြန်းခွင့်မပြုထားပါဘူးခင်ဗျား။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ကိုယ်စားလှယ်ကြီးမေးတဲ့အထဲမှာ အဲဒီခေတ်၊ အဲဒီအခါ၊ အဲဒီအခြေအနေတွေကို သုံးသပ်ပြီးတော့မှ တင်ပြသွားတာကိုလည်း တွေ့ရပါတယ်။ သို့သော် အဲဒီမှာ ကျွန်တော်တို့ နားလည် လိုက်တာကတော့ ဒါဟာ အဲဒီခေတ်၊ အဲဒီအခါ၊ အဲဒီအခြေအနေတွေမှာ ရှိတဲ့ သမိုင်းဆိုင်ရာ အချက်အလက်၊

သမိုင်းဆိုင်ရာဖော်ပြချက်၊ သမိုင်းဆိုင်ရာအခြေအနေတွေဟာ ပြန်ပြီးလေ့လာလို့ ရှိရင်သိနိုင်မှာ ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့နားလည်တာက အဲဒီခေတ်၊ အဲဒီကာလ၊ အဲဒီ အခြေအနေရဲ့တစ်ပိုင်းဟာ တစ်ပိုင်းဖြစ်သလို၊ ယခုလိုကာလဖြစ်တဲ့အတွက်ကြောင့် ဒီစာသား၊ ဒီစကားလုံးဟာ မသုံးသင့်၊ သုံးသင့်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ စဉ်းစားသင့်တယ်လို့ယူဆတဲ့အတွက် ပယ်ဖျက်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ဟာ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးကို ဦးတည်နေတဲ့ကာလ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် မိမိတို့ရဲ့အသုံးအနှုန်းတွေ ကို သင့်တော်၏၊ မသင့်တော်၏ဆိုတာကို သုံးသပ်ဆင်ခြင်ဖို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကို မှာကြားလိုပါတယ်။ အခုလို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း အထောက်အထားနှင့် ပြည့်ပြည့်စုံစုံရှင်းလင်းတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ထပ်လောင်းပြီးမှာကြားလိုတာက အခုမိမိတို့နိုင်ငံဟာ အမျိုးသားရင်ကြားစေ့ရေးအတွက် မိမိတို့ ဦးတည်ပြီးဆောင်ရွက်နေတဲ့အချိန်မှာ နောက်ကြောင်းကဖြစ်တဲ့ဟာတွေကို စကားလုံး၊ စကားရပ်၊ အသုံးအနှုန်းတွေကို အထူးဆင်ခြင်ပြီးမှ သုံးစွဲဖို့ ထပ်လောင်းပြီး မှာကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှကာကွယ်ပေးမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့(၁၈-၉-၂၀၁၉ ရက်နေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးချက်နှင့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၉-၂၀၁၉ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၀။**

မူကြမ်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊ ၁၂:၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျာ။

**ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျ ကျစ်လျစ်ခိုင်မာစွာ လုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအား ပြည်ထောင်စု အဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ (၃-၉-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျ ကျစ်လျစ်ခိုင်မာစွာလုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏ စိုက်ပျိုးရေး၊

မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအား ပြည်ထောင်စုအဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်း ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေး မယ့်ကိုယ်စားလှယ် ၁၄ ဦးရှိပါတယ်။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒီနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြွရောက်လာသူအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်း အဆိုပြုတင်ပြထားတဲ့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခု ပြည်ထောင်စုအဆင့်မှာ ဖွဲ့စည်းဖို့ဆိုတဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်အချက်နှစ်ချက်နဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ ပထမအချက်က အဆိုရှင်တင်ပြထားတဲ့ ရည်ရွယ်ချက်တွေဖြစ်ပါတယ်။ အသစ်ဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်တွေဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်တွေဟာ ယခုလက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့လုပ်ငန်းများနဲ့ ဘာမှ မခြားဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေအတွက်နဲ့တော့ဖြင့် ဝန်ကြီးဌာနအသစ် တစ်ခုဖွဲ့စည်းတာ မလိုအပ်သေးဘူးလို့ သုံးသပ်ရရှိပါတယ်။ ဘာကြောင့်မလိုအပ်သေးဘူးဆိုတဲ့ သူ့ရည်ရွယ်ချက်မှာပါတဲ့ လုပ်ငန်းဆိုင်ရာကိစ္စတွေကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်း တင်ပြတဲ့အခါမှာ ကြားရမှာဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ဝန်ကြီးဌာနအသစ်တစ်ခု ပြည်ထောင်စုအဆင့်မှာ ဖွဲ့စည်းမယ်ဆိုတဲ့ အကြောင်းအရာကို ဆွေးနွေးလိုပါတယ်။ အဆိုရှင်က သမ္မတရုံးဝန်ကြီးဌာနရှိပေမယ့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာနကို ထပ်မံဖွဲ့တယ်လို့ဆိုပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနရှိပေမယ့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကို ထပ်ပြီးဖွဲ့တယ်လို့ ဆိုပါတယ်။ ထို့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိသော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနကို ထပ်ပြီးဖွဲ့တယ်လို့ဆိုပါတယ်။ အဆိုရှင်ရဲ့အဆိုကတော့ လုပ်ငန်းတွေ ပိုမိုထိရောက်ဖို့လို့ ယူဆပုံရပါတယ်။ တကယ်တမ်းကျတော့ အသွင်မတူတဲ့အတွက် ဝန်ကြီးဌာန အသစ်တွေဖွဲ့တာဖြစ်ပါတယ်။ သမ္မတရုံးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အလုပ်ချင်းမတူပါဘူး။ တစ်ခုကသမ္မတနဲ့ဆိုင်တဲ့လုပ်ငန်းတွေဖြစ်ပြီး နောက်တစ်ခုကတော့ ဝန်ကြီး ဌာနအားလုံးနဲ့ဆိုင်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ထို့အတူ နိုင်ငံခြားရေးဝန်ကြီးဌာနက သံခင်း၊ တမန်ခင်း ကိစ္စတွေဆောင်ရွက်ပေမယ့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ကတော့ သက်ဆိုင်ရာ နိုင်ငံတကာကအဖွဲ့အစည်းများနဲ့ ဆက်သွယ်တာဖြစ်ပါတယ်။ အလားတူပဲ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ကုန်စည်ကူးသန်းရောင်းဝယ်ရေး Inport၊ Export တွေကို ဆောင်ရွက်ပေမယ့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကတော့ ကိုယ့်နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံမယ့်ကုန်သည်များရဲ့ အရည်အချင်းကို ဆောင်ရွက်တာဖြစ်ပါတယ်။ တစ်ခါအဲဒီဝန်ကြီးဌာနတွေ ဖွင့်လှစ်ပေမဲ့လို့ အဲဒီဝန်ကြီးဌာနတွေဟာ ပြည်ထောင်စုအဆင့်မှာပဲ ရှိပါတယ်။ တိုင်းဒေသကြီးတွေ၊ ခရိုင်တွေ၊ မြို့နယ်တွေဖွင့်စရာမလိုတဲ့ ဝန်ကြီးဌာနဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဘတ်ဂျက်လိုငွေပြနေတဲ့ကာလမှာ လိုအပ်သလောက်ပဲ ဝန်ကြီးဌာန တွေကိုဖွဲ့ပြီးတော့မှ ဥပမာအားဖြင့် လက်ရှိအရင်တုန်းကတောင်သူလယ်သမား တစ်ယောက် စိုက်ပျိုးရေးကိစ္စသွားချင်ရင် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို သွားရတယ်။ မွေးမြူရေး

ကိစ္စသွားချင်ရင် မွေးမြူရေး ဝန်ကြီးဌာနကိုသွားရတယ်။ သမဝါယမကိစ္စတွေသွားချင်ရင် သမဝါ ယမ ဝန်ကြီးဌာနဆီပြေးရတယ်။ ဒီလိုမဖြစ်အောင်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန ဆိုပြီး ဝန်ကြီးဌာနသုံးခုကိုပေါင်းပြီးတော့ ဝန်ကြီးတစ်ယောက်တည်းနဲ့ နိုင်ငံတော်ဘတ်ဂျက်ချွေတာ ပြီးတော့မှ အကုန်အကျများမယ့်အရေးကနေ ကာကွယ်ပြီးတော့ ပိုလည်းထိရောက်အောင် ဆောင်ရွက်ထားတာဖြစ်ပါတယ်။ အခုအဆိုရှင်တင်ပြတဲ့ ဝန်ကြီးဌာနကိုသာ ဖွဲ့စည်းမယ်ဆိုရင် ပြည်ထောင်စုအဆင့်တင်မကဘဲနဲ့ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တတ်နိုင်ရင် ကျေးရွာအုပ်စုနဲ့ ကျေးရွာအဆင့်ထိအောင်ဖွဲ့စည်းရမယ့် အခြေအနေဖြစ်ပါတယ်။ အဲဒီအတွက် ရုံးတွေ၊ ရုံးဝန်ထမ်းတွေ၊ ရုံးသုံးပစ္စည်းတွေ၊ ရွာထဲတွေသွားဖို့အတွက် အနည်းဆုံး အောက်ထစ် ဆိုင်ကယ်လေးတွေတော့လိုကြလို့ အင်မတန်မှအသုံးများမယ့် ဝန်ကြီးဌာနဖြစ်ပါတယ်။ အဲဒီအတွက် ကြောင့်မို့လို့ ဘတ်ဂျက်လိုငွေပြနေတဲ့ ဒီလိုအချိန်မှာ ခြိုးခြံချွေတာနေတဲ့အချိန်မှာ ဒီလို ကုန်ကျငွေ များမယ့် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုကို ဖွဲ့စည်းဖို့ရန် သင့်တော်တဲ့အချိန်မကျသေးဘူးလို့ ယူဆရပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ဆွေးနွေးချက်ကို နိဂုံးချုပ်ရမယ်ဆိုရင် အဆိုရှင်တင်ပြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတစ်ခုကို အခုလိုအချိန်မှာ အသစ်ဖွဲ့စည်းဖို့အတွက် မလိုအပ်သေး ပါကြောင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ စဉ်းစားဆုံးဖြတ်နိုင်ဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လွှတ်တော်ကိုဆွေးနွေးတင်ပြလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်တွင် လူထုလူတန်းစားတစ်ရပ်အဖြစ် ရှေးအစဉ်အဆက်ကတည်းက ရပ်တည်ရှန်းကန်လှုပ်ရှားလုပ်ကိုင်စားသောက်လာခဲ့ရသော တောင်သူလယ်သမားမိသားစုများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျကူညီဖြေရှင်းပေးနိုင်ရန် ၎င်းတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဤအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်ရပါတယ်။ အဆိုရှင်တင်ပြခဲ့သလိုပဲ ယနေ့ ကျွန်တော်တို့နိုင်ငံရှိ တောင်သူလယ်သမားထုရဲ့ဘဝဖြစ်စဉ်များဟာ အခက်အခဲပေါင်းများစွာနဲ့ ကျင်လည်နေရဆဲဖြစ်ပါတယ်။ ခေတ်အဆက်ဆက်အစိုးရများကလည်း တောင်သူဦးကြီးများရဲ့ကဏ္ဍကို မြှင့်တင်ရန်အမျိုးမျိုးကြိုးစားခဲ့ကြပါတယ်။ မေလ ၂ ရက်နေ့ကိုပင် တောင်သူလယ်သမားနေ့ရယ်လို့ အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး စိုက်ပျိုးရေးထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတေ ွ၊ မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲတွေ၊ နယ်မြို့တွေအသီးသီးမှာ ပျော်ပွဲရွှင်ပွဲတွေနဲ့ ကျင်းပပေးခဲ့တာ ကျွန်တော်တို့ငယ်စဉ်ကတော့ မြင်တွေ့ခဲ့ရဖူးပါတယ်။ ယနေ့ခေတ်မှာတော့ ဒါတွေဟာ ကွယ်ပျောက်ခဲ့ပါပြီ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ၏အခန်းကဏ္ဍဟာ အင်မတန်ကျယ်ပြန့်လှပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင်အစဉ်တစိုက် လုပ်ကိုင်ခဲ့သူလို့ ဖွင့်ဆို

ထားတဲ့အတိုင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အဓိကလုပ်ကိုင်စားသောက်သူများကို ဆိုလို တာပဲဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာတောင် ရာသီသီးနှံ၊ ဥယျာဉ်သီးနှံ၊ နှစ်ရှည်သီးနှံရယ်လို့ ထပ်မံ ချဲ့ထွင်ထားပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများရဲ့ အခန်းကဏ္ဍဟာ လွန်စွာပဲကျယ်ပြန့် လှပါတယ်။ ဒီလိုကျယ်ပြန့်လှတဲ့ကဏ္ဍကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ဖို့ ဝန်ကြီး ဌာနတစ်ခု သီးခြားလိုအပ်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့တောင်သူလယ်သမား လူတန်းစားတစ်ရပ်လုံးဟာ မျိုးစေ့ကဏ္ဍ၊ ဈေးကွက်ကဏ္ဍ၊ သွင်းအားစုကဏ္ဍများနှင့် လယ်ယာမြေ ပြဿနာများတို့ဖြင့် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်ပါတယ်။ မျိုးစေ့နှင့်သွင်းအားစုတို့ကို အိမ်နီးချင်း နိုင်ငံများအပေါ်မှာ မှီခိုနေရဆဲဖြစ်ပါတယ်။ ခိုင်မာသောဈေးကွက်မရှိသဖြင့် ရင်းနှီးမတည်ထား သလောက် အကျိုးအမြတ်မရရှိဘဲ ဖြစ်သလိုရောင်းချကြရပါတယ်။ လယ်ယာမြေပြဿနာဆိုရင် ပြီးသင့်သလောက်မပြီးဘဲ အချိန်ကြာမြင့်စွာ စီရင်ဆုံးဖြတ်ရတဲ့အတွက် ပြဿနာဖြစ်တဲ့တောင်သူ များကိုယ်တိုင် စိတ်မချမ်းမသာဖြစ်ကြရပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ဆုံးဖြတ်ချက်များအရ အမှုတစ်ခုလျှင် နှစ်နှစ်မှသုံးနှစ်အထိ ကြာမြင့်နေတတ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁) နိုင်ငံတော်၏အခြေခံမူများတွင် ပုဒ်မ ၂၃ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ (က) အခွင့်အရေးကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်၊ (ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုး ရရှိရန် ကူညီဆောင်ရွက်မည်လို့ ဖော်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်မှ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်း ပေးခဲ့ပါတယ်။ ဤဥပဒေမျိုးကို ၁၉၆၃ ခုနှစ်ကလည်း ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါတယ်။ အဓိက လိုအပ်ချက်ကတော့ တောင်သူလယ်သမားကဏ္ဍကို အမှန်တကယ် ထဲထဲဝင်ဝင်ကူညီဆောင်ရွက် ပေးဖို့လိုအပ်နေခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ အနေနဲ့ အောင်မြင်ဖြစ်ထွန်းတဲ့မွေးမြူရေးဇုန်ကြီးတွေ၊ ယနေ့ဖော်ဆောင်နေတဲ့ အော်ဂဲနစ်ဈေးကွက်ထဲမှာ အားလုံးပါဝင်ပေးနိုင်ဖို့၊ လက်မှုလယ်ယာမှသည် စက်မှုလယ်ယာသို့ အားလုံးပါဝင်ကူးပြောင်းပေးနိုင်ဖို့ နိုင်ငံတော်မှ များစွာကြိုးပမ်းဖော်ဆောင်ပေးနေရန် လိုအပ်ပါတယ်။ ယနေ့ အားကိုးနေရဆဲ ကျွဲ၊ နွားနှင့်ထွန်တုံးများအစား ထွန်ယက်စိုက်ပျိုးသည့်ယန္တရားများ၊ ရိတ်သိမ်းခြွေလှေ့သည့် ယန္တရား များ၊ အဆင့်မြင့်သိုလှောင်နည်းစနစ်များ စသဖြင့် များစွာလိုအပ်သေးနေတာကို တွေ့ရမှာဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများရဲ့အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျကျစ်လျစ်ခိုင်မာစွာ လုပ်ဆောင်နိုင်ရန် နိုင်ငံတော် ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအား ပြည်ထောင်စုအဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်းနဲ့ ရှင်လန်းချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းထားတဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်မှသည် ယနေ့ထိ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ ရပ်တည်နေရဆဲဖြစ်တဲ့နိုင်ငံဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးအဖြစ်အသက်မွေးရပ်တည်နေကြရတဲ့ မြန်မာနိုင်ငံရဲ့အများစုသော တောင်သူလယ်သမားတို့မှာ အခက်အခဲများနှင့် ရင်ဆိုင်ကြရတဲ့အနက် လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးထွက်ကုန်များအတွက် သေချာခိုင်မာသော ဈေးကွက်ကိုပျောက်ကွယ်နေခြင်းဖြစ်ပါတယ်။ တောင်သူတို့၏ စိုက်ပျိုးသီးနှံများအတွက် ဈေးကွက်မရှိခြင်း၊ ထိုက်သင့်တဲ့ဈေးနှုန်းမရရှိခြင်းစသည့် အကြောင်းတရားတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍမှာ တဖြည်းဖြည်းနဲ့ ဆုတ်ယုတ်လာပြီလားလို့ သိစရာဖြစ်လာပါတယ်။ လယ်ယာလုပ်ငန်းက အဆင်မပြေတာ စားဝတ်နေရေးအတွက် ဇာတိဒေသကို စွန့်ခွာကာ အခြား အရပ်အလုပ်အကိုင်များဆီသို့ ကူးပြောင်းသွားကြတာ ဖြစ်ပါတယ်။ တောင်သူတို့ စိုက်ပျိုးထုတ်လုပ်တဲ့ ထွက်ကုန်အများစုမှာ ဈေးကွက်တစ်ခုတည်းကိုသာ မှီခိုကာ စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြစ်တဲ့အတွက် ၎င်းတို့မှီခိုထားတဲ့ဈေးကွက်က ဝယ်ယူခြင်းမရှိတဲ့အခါ သို့မဟုတ် ထုတ်လုပ်ထားသလောက်ဝယ်ယူခြင်းမရှိသည့်အခါ သို့မဟုတ် ဈေးနှိမ်ဝယ်ယူသည့်အခါ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတို့မှာ ထိခိုက်ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ကြရပါတယ်။ ဒါတွေအားလုံးကို ဖြေရှင်းပေးနိုင်ဖို့ဆိုရင် တောင်သူလယ်သမားရေးရာဝန်ကြီးဌာန ဖွဲ့စည်းခြင်းက အလွန်လိုအပ်တယ်လို့ တင်ပြပြောကြားလိုပါတယ်။

မြန်မာနိုင်ငံမှ တောင်သူလယ်သမားများအနေဖြင့် ပတ်ဝန်းကျင်နိုင်ငံများမှ တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်မှုချင်း ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့်အတွက် ထုတ်ကုန်သီးနှံများ၏ ထုတ်လုပ်နိုင်မှုပမာဏ၊ ထုတ်ကုန်သီးနှံများ အရည်အသွေးထုပ်ပိုးမှုပုံစံ တန်ဖိုးမြင့်

ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုစသည်တို့တွင် နောက်ကျကျန်ခဲ့တဲ့အတွက် ဈေးကွက်တွင်လည်း ဝယ်သူကသာအကဲသာတဲ့ အခြေအနေတို့နှင့် ရင်ဆိုင်ကြရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါတွေအားလုံးကို နိုင်ငံတော်အစိုးရမှ တာဝန်ယူဖြေရှင်းပေးသင့်သောအခြေအနေများ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအရ စပါးပေါ်ချိန်မှာ စပါးဈေးကျဆင်းနေချိန်နဲ့ ရင်ဆိုင်နေရတာကြောင့် စပါးစိုက်ပျိုးသူတောင်သူများအတွက် အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ဖြေရှင်းတဲ့နေရာမှာလည်း ဖြစ်သလိုမဖြေရှင်းဘဲ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုကို ဖွဲ့စည်းပေးလိုက်ခြင်းအားဖြင့် တောင်သူလယ်သမားများအတွက် အလွန်ကောင်းမွန်သောလုပ်ငန်းစဉ်တစ်ခုဖြစ်တယ်လို့ တင်ပြပြောကြားလိုပါတယ်။

တောင်သူလယ်သမားရေးရာဝန်ကြီးဌာန ဖွဲ့စည်းခြင်းအားဖြင့် ပြည်ပဈေးကွက်ရှိတဲ့ စပါးတင်ပို့မှုနှင့် အစိုးရအနေဖြင့် အရန်ဆန်ဝယ်ယူရေးနည်းလမ်းများ၊ ပြည်ပသို့တင်ပို့မှုများအတွက် Local Cooperative Finacing ပြည်တွင်းကော်ပိုရေးရှင်း ငွေကြေးထောက်ပံ့မှုကိုလည်း တွင်တွင်ကျယ်ကျယ်ဆောင်ရွက်နိုင်မှု စပါးဝယ်ယူမှု၏ အခြေအနေ၊ အချိန်အခါဈေးနှုန်းတစ်ခုသတ်မှတ်ပြီး တောင်သူလယ်သမားထံမှ ဝယ်ယူပေးနိုင်ရန် စပါးအထွက်နှုန်းတိုးမြှင့်ရေး ဆောင်ရွက်ပေးနိုင်ရန် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချရေးဆောင်ရွက်နိုင်ရန် ပို့ကုန်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းအား ပို့ကုန်တိုးမြှင့်ရေးအတွက် စဉ်းစားနိုင်ရန်နှင့် နှစ်ချုပ်အခွန်ကိစ္စတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စပါးသီးနှံအတွက်ကို တစ်ဧကလျှင် တစ်သိန်းငါးသောင်းအထိသာ ထုတ်ချေးပေးခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ သို့သော် ထုတ်ချေးပေးသော ချေးငွေနှင့်ကုန်ကျစရိတ်မှာ လွန်စွာကွာဟနေတာဖြစ်ပါတယ်။ ဝန်ကြီးဌာနကို ဖွဲ့စည်းပေးလိုက်ခြင်းအားဖြင့် ဒီလိုအခက်အခဲတွေကို ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ တောင်သူလယ်သမားတွေရဲ့ အခက်အခဲ နောက်တစ်ခုမှာ မျိုးကောင်းမျိုးသန့်ရရှိရေးဖြစ်တယ်လို့ သိရပါတယ်။ စိုက်ပျိုးသီးနှံမျိုးအချို့မှာ အရည်အသွေးအာမခံချက်

မူကြမ်း

မရှိတဲ့အတွက် ထိခိုက်ဆုံးရှုံးမှုများ တွေ့ကြုံနေကြရတာကို တွေ့မြင်နေရတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစတဲ့ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများရဲ့ အရည်အသွေးနှင့် စိုက်ပျိုးရေး အာမခံချက်စသည်ဖြင့် အာမခံချက်မရှိခြင်းဖြစ်တာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။

ဈေးကွက်အတွင်း တရားမဝင်ရောင်းချနေကြတဲ့ ပြည်တွင်းပြည်ပမှ စိုက်ပျိုးရေးသုံးဆေးဝါး များကြောင့် စိုက်ပျိုးမြေများပျက်စီးမှုဖြစ်ပေါ်ရတာတွေလည်း တွေ့မြင်နေရပါတယ်။ လယ်ယာ လုပ်ငန်းလုပ်ကိုင်သည်ထက် ပို၍ဝင်ငွေကောင်းသော၊ ပို၍သက်သာသောလုပ်ငန်းများဆီသို့ ကူးပြောင်းသွားကြခြင်းကြောင့် လုပ်သားရှားပါးမှုပြဿနာဖြစ်ပေါ်လာရတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးရေးထွက်ကုန်တစ်ခုစီအတွက် ဈေးကွက်တစ်ခုတည်းကိုသာ မှီခိုထုတ်လုပ်နေရမှုမှ လွတ်မြောက်နိုင်ရန် ဈေးကွက်သစ်များရှာဖွေရေး သီးနှံဈေးကွက်များ၏ အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ဈေးကွက်သတင်းများဖြန့်ဝေရေး အရည် အသွေးကောင်းမွန်သော သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာနှင့်အခြားလိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအတွက် တောင်သူလယ်သမား။

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ရွှင်လန်း ချမ်းမြေ့ကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင် ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတင်သွင်းတဲ့ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို

နိုင်ငံတော်အစိုးရမှ စနစ်တကျ ကျစ်လျစ်ခိုင်မာစွာ လုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တောင်သူလယ်သမားမိသားစုများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုကို ပြည်ထောင်စုအဆင့်တွင် ထပ်မံဖွဲ့စည်းသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အားကိုးယုံကြည်လို့ ပြည်သူတွေက ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်အကြံပြုချင်တာက နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် တကယ်အကျိုးဖြစ်ထွန်းစေမည့်အဆိုဆိုရင် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ အစွဲကင်းကင်းနဲ့ ဝိုင်းဝန်းထောက်ခံအတည်ပြုသင့်ကြောင်း ဦးစွာအကြံပြုဆွေးနွေးလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် ဒီအဆိုဟာမဖြစ်မနေ အကောင်အထည်ဖော်ရမယ့်အဆိုဖြစ်တယ်လို့ ကျွန်တော်ယူဆမိပါတယ်။ စိုက်ပျိုးရေးကိုအဓိကတာဝန်ယူထားတာက တောင်သူလယ်သမားများဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်နေတောင်သူလယ်သမားများဖြစ်ပါတယ်။ သူတို့ရဲ့ လူနေမှုဘဝကို မြှင့်တင်နိုင်ပြီဆိုရင် ကျွန်တော်တို့ နိုင်ငံဟာပိုမိုဖွံ့ဖြိုးလာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့နိုင်ငံရဲ့ ဝန်ကြီးဌာနဖွဲ့စည်းပုံကိုကြည့်တဲ့အခါမှာ အလုပ်သမားများအရေးကို ဆောင်ရွက်နိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာအရေးကို ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖွဲ့ထားသည်ကို တွေ့ရှိရတာ။ ဒါကြောင့် တောင်သူလယ်သမားများရဲ့ အဓိကလိုအပ်ချက်များကို ဖိဖိစီးစီးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုကို မဖြစ်မနေဖွဲ့စည်းသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

မူကြမ်း

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးအနေဖြင့် တင်ပြလိုတာကတော့ ဒုတိယအကြိမ်အစိုးရဖွဲ့စည်းပုံကို ကြည့်တဲ့အခါမှာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနရှိပေမဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနကို ဖွဲ့စည်းထားကြောင်းတွေ့ရတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနရှိပေမဲ့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကို ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါတယ်။ ဒီဝန်ကြီးဌာနတွေကို ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိသော်လည်း လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိတဲ့ တောင်သူလယ်သမားများရဲ့အရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်တွင် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုကို တိုးချဲ့ဖွဲ့စည်းသင့်ကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်(ဘောလခဲမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ရှေးယခင်ကာလများမှအစပြုကာ လယ်ယာစိုက်ပျိုးရေးကို အခြေခံလုပ်ကိုင်သည့်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသမှာနေထိုင်ကြပြီး လယ်ယာလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ကြပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသနေတောင်သူလယ်သမားများ ဘဝမြှင့်တင်ပေးနိုင်ရေးအတွက် နိုင်ငံတော်မှ အဆင့်မြင့်လယ်ယာစနစ်ကူးပြောင်းနိုင်ရေးကို ခေတ်မီစိုက်ပျိုးရေးနည်းသစ်များအသုံးပြုမှုအပြင် မျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးနိုင်ရေးဟာလည်း အရေးကြီးလှပါတယ်။ ယခုအခါ စိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့်

စိုက်ပျိုးလာနိုင်ကြပါသော်လည်း တောင်သူလယ်သမားများမှာ အဆိုပါမျိုးကောင်းမျိုးသန့်များ လုံလောက်စွာမရရှိကြ၊ ကိုယ်တိုင်မထုတ်လုပ်နိုင်ကြပါ။ ဥပမာ–ဆန်စပါးမျိုးသန့်မထုတ်လုပ်နိုင်သဖြင့် နယ်စပ်တရုတ်နိုင်ငံမှ မျိုးစပါးများဝယ်ယူအသုံးပြုရာတွင် အရည်အသွေးမှန်ကန်မှုမရှိခြင်း၊ တာဝန်ခံမည့်သူမရှိ ဝယ်ယူစိုက်ပျိုးနေရသဖြင့် တောင်သူဦးကြီးများလက်ဝယ် မျိုးကောင်းမျိုးသန့် ရရှိနိုင်ရေး၊ ကူညီပေးရေးဟာလည်း အင်မတန်မှအရေးကြီးလှပါတယ်။

လေးစားရပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ခေတ်မီအဆောက်အအုံနှင့် နည်းပညာလိုအပ်ချက်များကြောင့် ပြည်တွင်းစိုက်ပျိုးရေးထုတ်လုပ်သည့်သီးနှံဈေးကောင်းများရရှိရေးဟာလည်း နှစ်စဉ်စိန်ခေါ်မှုတစ်ရပ်နဲ့ကြုံတွေ့နေကြရပါတယ်။ လယ်ယာထွက်ကုန်သီးနှံ ပြည်ပသို့ တင်ပို့ခြင်းများကျဆင်းနေသည့်အပြင် သိုလှောင်ရေးအပိုင်း၊ အဆင့်အတန်းမီအခြောက်ခံရေးစနစ်နှင့် သယ်ယူပို့ဆောင်ရေးအပိုင်း အခက်အခဲများဖြစ်ပေါ်နေခြင်းကြောင့် သီးနှံပေါ်ချိန် ပြည်တွင်းဈေးနှုန်းကျဆင်းခြင်းကြောင့် တောင်သူများအတွက် များစွာထိခိုက်နစ်နာကြရပါတယ်။ ဥပမာ–နွေစပါးပေါ်ချိန် စပါးဈေးကျဆင်းကာ တောင်သူလယ်သမားများ မျှော်လင့်သည့်စပါးဈေးမရရှိသဖြင့် အကျိုးအမြတ်ရရှိမှုနည်းပါးပြီး အချို့သောဒေသများတွင် နိုင်ငံတော်၏စိုက်စရိတ်၊ ချေးငွေဆပ်နိုင်ရေးကိုပင် ကျပ်တည်းလာကြရပါတယ်။ အဆိုပါ အကျပ်အတည်းများကြောင့် ပြည်ပသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် ပြောင်းရွှေ့လုပ်ကိုင်နေကြသူများသည် နိုင်ငံ၏ ၁၀ ရာခိုင်နှုန်းဝန်းကျင်ရှိရာ ကျေးလက်နေတောင်သူများလည်း သွားရောက်လုပ်ကိုင်ခြင်းကြောင့် လယ်ယာကဏ္ဍတွင် လုပ်သားရှားပါးမှု၊ လုပ်အားခဈေးကြီးမှုများနှင့် ရင်ဆိုင်ကြရပါသည်။ ကျေးလက်ဒေသများတွင် လုပ်သားရှားပါးလာသည့်အတွက် စိုက်ခင်းများအစား အသုံးပြုမှုနည်းပါးသော လူဦးရေအသုံးပြုမှုနည်းပါးသော စပါးကွဲခင်းများ များပြားလာသည့်အပြင် စပါးထွက်ရှိမှု အရည်အသွေးများဟာလည်း ကျဆင်းလာရပါတယ်။

သို့ဖြစ်ပါ၍ သီးနှံပေါ်ချိန် သီးနှံစျေးကွက်အခြေအနေတည်ငြိမ်ရေး၊ တောင်သူလယ်သမား များမျှော်လင့်သည့်စျေးနှုန်းများရရှိရေးတို့အား ကူညီဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ သို့ပါသောကြောင့် ကျေးလက်နေတောင်သူလယ်သမားကြီးများမှာ နိုင်ငံတော်၏အဓိကတိုင်းပြည် ဝင်ငွေကိုတိုးတက်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်နေကြသူများဖြစ်ပါ၍ ကျေးလက်ဒေသတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ဖြင့် အဘက်ဘက်မှ ပိုမိုတိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့အတွက် တောင်သူလယ်သမားရေးရာဝန်ကြီး ဌာနတစ်ခု ပြည်ထောင်စုအဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများရဲ့စားဝတ် နေရေးလိုအပ်ချက်၊ အလုပ်အကိုင်၊ အခွင့်အလမ်းလိုအပ်ချက်၊ နေ့စဉ်လူနေမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အလို့ငှာ ကျေးလက်နေပြည်သူများရဲ့လုပ်ငန်းကဏ္ဍဖြစ်တဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာန ဖွဲ့စည်းပေးလိုက်ပါက တောင်သူ လယ်သမားများရဲ့အကျိုးစီးပွားအတွက် ဥပဒေများကို စနစ်တကျဗဟိုပြုရေးဆွဲပြဋ္ဌာန်းနိုင်မှာ ဖြစ်ပါ တယ်။ နှစ်စဉ်သဘာဝဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်ကျရောက်ခြင်း၊ အကြောင်း အမျိုးမျိုးကြောင့် လယ်ယာမြေလက်လွှတ်ခဲ့ရ၊ စွန့်လွှတ်ခဲ့ရခြင်းများကြောင့် တောင်သူလယ်သမား များရဲ့ လူမှုစီးပွားရေးနိမ့်ကျနေရခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကို

ဖွဲ့စည်းလိုက်ခြင်းအားဖြင့် ယခုလိုအခက်အခဲများကို တောင်သူလယ်သမားများရဲ့လူမှုစီးပွားဘဝ တိုးတက်မြင့်မားရန် ရေတိုရေရှည်စီမံကိန်းများကို စနစ်တကျရေးဆွဲလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ လတ်တလောသတင်းများအရ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကူညီပေး လျက်ရှိတဲ့ JICA ရဲ့နှစ်ဆင့်ချေးစီမံကိန်းကဲ့သို့ တောင်သူတစ်ဦးချင်းအလိုက် ဧက ၅၀ အထိ လုပ်ကိုင် ပါ က ကျပ်သိန်း ၅၀၀၊ အစုအဖွဲ့တစ်ခုတွင် ကျပ်သိန်း ၅၀၀၀ စသဖြင့် ငွေအရင်းဆိုင်းငံ့ကာလ ၁၀ နှစ်ထုတ်ချေးပေးမယ်ဆိုတဲ့အစီအမံများဟာ တောင်သူလယ်သမားများရဲ့အရေးဖြစ်တဲ့အတွက် ကြောင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းပြီးလုပ်ဆောင်ပါက ဒီထက်မကတဲ့ အမှန်တကယ်အကျိုးရှိပြီး အကူအညီအထောက်အပံ့များ ပိုမိုရရှိစေမှာဖြစ်တယ်လို့ တင်ပြပြောကြား လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဝန်ကြီးဌာန ကို ဖွဲ့စည်းလိုက်ခြင်းအားဖြင့်လည်း လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်းမှအစ သီးနှံရောင်းဝယ် ဖောက်ကားခြင်းအဆုံး ကိစ္စအဝဝတို့ကို စနစ်တကျ တပေါင်းတစ်စုတည်းဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် တောင်သူလယ်သမားများရဲ့အကျိုးစီးပွား ကို သတိမမူမိသည်နှင့် တောင်သူများသာမက တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် ထိခိုက်နစ်နာမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနဖွဲ့စည်းခြင်းဖြင့် တောင်သူတို့ရဲ့အဓိကအရင်းအမြစ်ဖြစ်တဲ့ လယ်ယာမြေ များဆုံးရှုံးနစ်နာမှုများမရှိအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်မှာ ဖြစ်ပါတယ်။ စိုက်ပျိုးရာသီတွေ မှာ ရာသီဥတုဖောက်ပြန်မှု၊ ရေကြီးရေလျှံမှု၊ ပိုးမွှားရောဂါကျရောက်မှု စတာတွေကြောင့် စပါးရော၊ ပဲပါအထွက်နှုန်းကျဆင်းပြီး သီးနှံဈေးနှုန်းများ ကျဆင်းမှုကြောင့် နှစ်စဉ်ဆက်တိုက်အရှုံးပေါ်ကာ ကြွေးမြီဝန်ထုပ်ဝန်ပိုးဒဏ်ကို တောင်သူလယ်သမားများအနေဖြင့် အလူးအလဲခံစားနေကြရတာ ဖြစ်ပါတယ်။ ဒါ့အပြင် ထုတ်ကုန်များကို နိုင်ငံခြားသို့တင်ပို့ရာမှာလည်း ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ အတားအဆီးများ၊ အားနည်းချက်များ၊ အခက်အခဲများစွာ ရှိနေဆဲဖြစ်ပါတယ်။ ပဲမျိုးစုံ၊ သစ်သီးဝလံ၊

ရာဘာနဲ့ ကြံစိုက်ပျိုးတောင်သူများသည်လည်း နယ်စပ်ကုန်သွယ်မှု သို့မဟုတ် သာမန်ကုန်သွယ်မှုများဖြစ်တဲ့ သက်ဆိုင်ရာကုန်သွယ်မှုလမ်းကြောင်းများမှာ ထိုးနှက်မှုများစွာရှိနေတာကိုလည်း ယနေ့တိုင် တွေ့မြင်နေကြရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနဖွဲ့စည်းလိုက်ခြင်းအားဖြင့် တောင်သူလယ်သမားများ အဓိကကြုံတွေ့နေရတဲ့ ဈေးနှုန်းမြင့်တက်လွယ်ခြင်း၊ အကောက်ခွန်နှုန်းများ၊ လိုင်စင်နဲ့တရားမဝင်လက်မှတ်များအတွက် နှေးကွေးနေတဲ့လုပ်ထုံးလုပ်နည်းများ၊ မတည်ငြိမ်တဲ့ကုန်သွယ်ရေးဆက်ဆံမှုများ၊ ရောင်းသူနဲ့ဝယ်သူများအကြား အချိုးမညီတဲ့ သတင်းအချက်အလက်များ စသည်တို့ကို ဖြေရှင်းပေးနိုင်တယ်လို့ ယုံကြည်မျှော်လင့်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ လယ်ယာကဏ္ဍမျိုးကွဲစုံလင်မှုရှိပြီး မုတ်သုံရာသီမှာ ဆန်စပါးထုတ်လုပ်ပြီး ခြောက်သွေ့တဲ့ရာသီများမှာ ပဲအမျိုးမျိုး၊ ပြောင်းနှင့် ဆီထွက်သီးနှံများစိုက်ပျိုးကြပါတယ်။ သို့သော် မြန်မာနိုင်ငံရဲ့ထုတ်ကုန်နိုင်စွမ်းမှာ နိမ့်ပါးလွန်းနေတာကို တွေ့နေရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှာ တစ်နေ့တာလုပ်ငန်းခွင်မှ ဆန်စပါးထုတ်လုပ်မှု ၂၃ ကီလိုဂရမ်သာရှိပြီး ကမ္ဘောဒီးယားနိုင်ငံ ၆၃ ကီလိုဂရမ်၊ ဗီယက်နမ်နိုင်ငံ ၄၂၉ ကီလိုဂရမ်၊ ထိုင်းနိုင်ငံ ၅၄၇ ကီလိုဂရမ်တို့နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ လယ်ယာလုပ်ငန်းလုပ်ကိုင်မှုဟာ နည်းပညာတိုးတက်လာတယ်လို့ ဆိုသော်လည်း လူ့ရဲ့လုပ်အားအပေါ်မှာ အကြီးအကျယ်မှီခိုနေရဆဲဖြစ်ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီးမှာ လယ်သမားများဟာ မိုးရာသီဆန်စပါးစိုက်ပျိုးမှုတစ်ကေမှာ ရက် ၁၀၀ ကျော် အလုပ် လုပ်နေရပြီး ကမ္ဘောဒီးယားနိုင်ငံမှာ ၅၂ ရက်၊ ဗီယက်နမ်နိုင်ငံမှာ ၂၂ ရက်နဲ့ ထိုင်းနိုင်ငံမှာ ၁၁ ရက် တို့ကို နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ်။ အာရှတိုက်ရဲ့ အခြားဆန်စပါးထုတ်လုပ်တဲ့နိုင်ငံများနဲ့နှိုင်းယှဉ်ပက မြန်မာနိုင်ငံဟာ ဆန်စပါးထုတ်လုပ်မှုမှ အကျိုးအမြတ်အနည်းဆုံးနိုင်ငံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး၊ လယ်ယာမြေဥပဒေအပါအဝင် ပြဋ္ဌာန်းမယ့် ဥပဒေတွေကို တောင်သူလယ်သမားများအတွက် ဝန်ကြီးဌာနတစ်ခုဖွဲ့စည်းပြီး လုပ်ဆောင်သင့်ပါ တယ်။ မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်တဲ့လယ်ယာကဏ္ဍမှာ ထုတ်လုပ်မှု စွမ်းအားမြင့်မားလာစေရန်အတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းလိုက်ခြင်းဖြင့် ထိရောက်ကောင်းမွန် တဲ့မူဝါဒများချမှတ်လျက် ရေရှည်စီမံကိန်းရေးဆွဲပြီးလုပ်ဆောင်ရမည့် နိုင်ငံရဲ့အကြီးဆုံးလုပ်ငန်းများကိုလုပ်ဆောင်သင့်သည်လို့ ဖြစ်ပါတယ်။

သို့ဖြစ်၍ တောင်သူလယ်သမာရေးရာဝန်ကြီးဌာနဖွဲ့စည်းပြီး ခိုင်မာမှန်ကန်တဲ့ သီးနှံဈေးနှုန်း အာမခံချက်နှင့်အတူ တောင်သူလယ်သမားများရဲ့လူမှုစီးပွားရေးဘဝမြှင့်တင်ရေးအတွက် လွှတ်တော် ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့ရဲ့ကျေးဇူးရှင်တောင်သူလယ်သမားများကို မြင်ယောင်ပြီး ဝိုင်းဝန်းလုပ်ဆောင်ပေးသင့်ပါကြောင်းပြောကြားရင်း ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းရဲ့ အဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်သိန်း(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချောင်းဆုံမဲဆန္ဒနယ်က ဦးအောင်ကြည်သိန်းဖြစ်ပြီး ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်းတင်သွင်းထားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသအသီးသီးမှာနေထိုင်ကြပြီး လယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူလယ်သမားများဟာ ၎င်းတို့ရဲ့ကျွမ်းကျင်မှုနှင့် စွမ်းအားကိုအသုံးချပြီး ပြည်သူများအစားအစာနှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး

ကို ဆောင်ရွက်ပေးနေတဲ့လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ယင်းတို့အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေတဲ့တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါတယ်။ တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ၂၀၁၃ ခုနှစ်က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ သို့ပါသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ များပြားလှတဲ့ တာဝန်ဝတ္တရားများကြောင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် အကန့်အသတ်ရှိပါတယ်။ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ပုဂ္ဂိုလ်တိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကြောင့် တိုးတက်မြင့်မားလာသော်လည်း အခြေခံတောင်သူလယ်သမားများ ရသင့်ရထိုက်သော ဈေးနှုန်းရရှိရေးကိုလည်း ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်းကောင်း၊ စိုက်ပျိုးစရိတ်ထုတ်ချေးမှုနှင့်ပတ်သက်၍လည်းကောင်း၊ သီးနှံအာမခံချက်ရရှိရေးအတွက်လည်းကောင်း၊ လုပ်ငန်းခွင်အာမခံနှင့် အသက်အာမခံရရှိရေးတို့အတွက်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ပေးနိုင်မှုထက် ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ် လိုအပ်လျက်ရှိပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားအချင်းချင်း ပူးပေါင်းသည့်အဖွဲ့အစည်းနည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးတဲ့လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှ လယ်သမားဘဝတိုးတက်လာမှာ ဖြစ်ပါတယ်။ လယ်သမားဘဝတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးချမ်းသာလာပြီး ဆင်းရဲမှုလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းပေးခြင်းဖြင့် လယ်ယာဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မြေယာလုပ်ပိုင်ခွင့်များ တည်မြဲစွာရရှိလာနိုင်ခြင်း၊ ခိုင်မာသောမြေယာပေါ်တွင် စီးပွားရေးအရ တွက်ခြေကိုက်သည့် သီးနှံပြောင်းလဲ စိုက်ပျိုးမှုဖြစ်ထွန်းလာခြင်း၊ မြေယာစီမံခန့်ခွဲမှုတွင် တောင်သူ

ကိုယ်တိုင်ပါဝင်သော စီမံခန့်ခွဲမှုလုပ်ကိုင်လာနိုင်ခြင်း၊ အစုအဖွဲ့ဖြင့်လုပ်ကိုင်နိုင်သောစိတ်ဓာတ် ခေါင်းဆောင်မှုစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ ပြည်သူများအတွက် ကျန်းမာရေးနှင့် လျော်ညီတဲ့အစားအစာများ ပြုပြင်ပြောင်းလဲသုံးစွဲနိုင်သော ကုန်ကြမ်းပစ္စည်းများကို ထုတ်လုပ်ပေး နေသူများ ဖြစ်ပါတယ်။ ဒါ့အပြင် ဇီဝမျိုးစုံနှင့် ကျေးလက်သဘာဝဝန်းကျင်ကို ထိန်းသိမ်းပြီး ကျေးလက်သဘာဝရိုးရာဓလေ့နှင့် ပတ်ဝန်းကျင်ဂေဟစနစ်များကိုပါ ထိန်းသိမ်းပြီး တိုင်းရင်းသား ရိုးရာလူနေမှုဘဝနှင့် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းသူများလည်းဖြစ်တဲ့အတွက် ကျေးလက်နေပြည်သူများအား မြို့နေလူတန်းစားကဲ့သို့ တူညီတဲ့အခွင့်အရေးရရှိစေပြီးတော့ လယ်ယာလုပ်ငန်းခွင့်နှင့်သင့်တော်သော လူနေမှုအဆင့်နေထိုင်နိုင်ဖို့ လိုအပ်ပါတယ်။

ကျေးလက်နေတောင်သူလယ်သမားများဟာ ရေရှည်အကျိုးရှိတဲ့စီးပွားရေး သဘာဝ ပတ်ဝန်းကျင်လူမှုရေးနှင့် ယဉ်ကျေးမှုတို့၏ အရင်းအမြစ်ဖြစ်တဲ့အတွက်ကြောင့် ကျေးလက်ပြည်သူ တို့၏ လူမှုအဆောက်အအုံကို ထိန်းသိမ်းရမည်ဖြစ်ရာ သန့်ရှင်းသာယာသောအိမ်ရာစနစ်၊ သန့်ရှင်း သောသောက်သုံးရေ၊ လျှပ်စစ်စွမ်းအင်၊ သွားလာမှုလွယ်ကူတဲ့ လမ်း/တံတားနှင့် ဆက်သွယ်ရေးရရှိ အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကျေးရွာအချင်းချင်း ကူးလူးဆက်ဆံနိုင်တဲ့ ကျေးရွာချင်း ဆက်လမ်းများ၊ သီးနှံများအချိန်မီသယ်ယူပို့ဆောင်နိုင်ရေးအတွက် လယ်ယာကုန်ထုတ်လမ်းများကို လိုအပ်သည့်နေရာမှာဆောင်ရွက်ပြီးတော့ တောင်သူလယ်သမားများရဲ့စီးပွားရေးကို တိုးတက်လာ စေပါတယ်။ လယ်ယာထွက်ကုန်များ တန်ဖိုးမြင့်မားလာအောင် ပြုပြင်မွမ်းမံခြင်း၊ တာရှည်ခံအောင် ပြုလုပ်ခြင်းနှင့် ဈေးကွက်သို့တင်ပို့ရောင်းချခြင်းလုပ်ငန်းတွင် ကုမ္ပဏီများနှင့် လယ်သမားများကဏ္ဍ တစ်ရပ်အနေနဲ့ ပါဝင်လာပြီး ရေရှည် Agroforestry ကိုပြောင်းနိုင်ပြီး လယ်သမားများပါဝင်နိုင်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ မြေယာမဲ့အလုပ်အကိုင်ရရှိစေရန်နှင့် မြေယာလုပ်ပိုင်ခွင့်ရရှိစေရန် အတွက် မြေယာသစ်များရှာဖွေဖော်ထုတ်ရေးကို ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး၊ မိမိထုတ်လုပ်

ထားတဲ့ သီးနှံများရဲ့ ဈေးကွက်သီးနှံအလိုက် ဈေးနှုန်းသတင်းများနှင့် ၎င်းတို့နှင့်ဆက်သွယ်တဲ့ အခြားသတင်းအချက်အလက်များသိရှိစေရန် ဆက်သွယ်ရေးကွန်ရက်များ ပြုလုပ်နိုင်အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို ကိုယ်ပိုင်ငွေဖြင့် ရင်းနှီးကျခံစေရန် ငွေကြေးအရင်းအနှီးလိုအပ်ပါက သင့်တင့်မျှတသော အတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ် ချေးငွေများကို ပိုမိုရရှိနိုင်ရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းများအား ဆက်စပ်ဆောင်ရွက် ပေးနိုင်ရေး၊ ဒါ့အပြင် သဘာဝဘေးဒဏ်ကြောင့် သီးနှံများပျက်စီးခြင်း ခိုင်းကျွဲ၊ ခိုင်းနွား၊ လယ်ယာ သုံးစက်ကိရိယာနှင့် မျိုးစေ့ဆုံးရှုံးမှုဖြစ်ပါက ပြန်လည်၍ လယ်ယာလုပ်ငန်းခွင်ကို အချိန်မီ လုပ်ဆောင်နိုင်ရန် နိုင်ငံတော်မှဦးဆောင်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်မီပေါင်းစပ် ဆောင်ရွက်ပေးနိုင်ရေး ကျေးရွာနေပြည်သူလူထု၏ အသက်အိုးအိမ်လယ်ယာလုပ်ငန်းနှင့် ဆက်စပ်တဲ့ ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး သင်တန်း ပညာပေးလုပ်ငန်းများအပြင် ကြိုတင်လေ့ကျင့်မှုများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင် ရေး၊ ကျေးလက်ဒေသတွင် အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ဝင်ငွေများပိုမိုရရှိစေရန် လယ်ယာလုပ်ငန်းအပြင် ဒေသတွင်းစိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများနှင့် အခြားဒေသတွင် သင့်လျော်သောစီးပွားရေးများ ဆောင်ရွက်နိုင်ရေး စိုက်ပျိုး ထုတ်လုပ်သည့်သီးနှံများပေါ်မှာ ရသင့်ရထိုက်တဲ့အကျိုးခံစားခွင့်များ အပြည့်အဝရရှိစေရန် သီးနှံများအား အမှန်သုံးစွဲသူ End User အထိ ရောက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခြင်းတို့ နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးနိုင်ရေးတို့ လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တောင်သူလယ်သမားများဟာ လယ်ယာကဏ္ဍနှင့် ကျေးလက်စီးပွားကဏ္ဍတို့မှ အရေးပါတဲ့သူများဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးဆိုင်ရာဖွံ့ဖြိုးရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာပေါ်လစီများတွင် ပါဝင်ရမှာဖြစ်ပါတယ်။ အစိုးရအနေဖြင့်

တောင်သူ လယ်သမားများ၏ အခွင့်အရေးကို အသိအမှတ်ပြုပြီး တောင်သူများမှပူးပေါင်း ဆောင်ရွက်ရန် လိုအပ်သော အခြေခံအဆောက်အအုံဖန်တီးပေးရန် လိုအပ်ပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ မြန်မာနိုင်ငံအတွင်း တောင်သူလယ်သမားများ အဖွဲ့အစည်းတစ်ခုကို မဖြစ်မနေထူထောင်ရန် လိုအပ်ပြီး ဖွဲ့စည်းသင့်တဲ့ တစ်ပြိုင်နက်အဖွဲ့ဝင်စုဆောင်းခြင်း၊ စိုက်ပျိုးရေးပေါ်လစီများအပေါ် ရှုမြင် သုံးသပ်ခြင်း၊ အစိုးရ၏နည်းဗျူဟာများ ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းစတဲ့ အစီအစဉ် များတွင် မှန်ကန်သောစေတနာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနတစ်ခုထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန်အဆိုအား ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဇော်မိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဇော်မိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော် ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဇော်မိုးဖြစ်ပါတယ်။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံကို အေးချမ်းတည်ငြိမ်စွာဖြင့် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက် စေရန် တည်ဆောက်ရာတွင် နိုင်ငံ၏တည်နေရာ၊ လူမျိုး၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ အလုပ်အကိုင် အခွင့်အလမ်း၊ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ ပထဝီနိုင်ငံ၏အခြေအနေ စသည့်အခြေခံအချက် များအပေါ်မူတည်၍ မိမိတို့နိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် မူဝါဒရည်မှန်းချက်နှင့်လုပ်ငန်းတာဝန် များကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံသားတို့၏အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲ များကို နိုင်ငံတော်အစိုးရမှ စနစ်တကျကျစ်လျစ်ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်

ရန်အတွက် ယခင်အစိုးရအဆက်ဆက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာနအသီးသီးကို လိုအပ်သလိုဖွဲ့စည်း၍သော်လည်းကောင်း၊ နိုင်ငံတော်၏ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ပါက ဝန်ကြီးဌာနများပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြပါတယ်။

လက်ရှိတွင်လည်း နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကြီးရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(MSDP)ကို ရေးဆွဲခဲ့ပါတယ်။ အဆိုပါစီမံကိန်းအကောင်အထည်ဖော်ရန် မဏ္ဍိုင်ကြီးသုံးရပ်၊ ရည်မှန်းချက်ပန်းတိုင်ငါးခု၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းစဉ် ၂၅၁ ခုကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး အထက်ပါလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၂ အရ ဝန်ကြီးဌာနများပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် အသစ်ထပ်မံဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအစိုးရအဖွဲ့ကို စတင်ဖွဲ့စည်းစဉ်က ဝန်ကြီးဌာနများကျစ်လျစ်စေရန်နှင့် နိုင်ငံတော်ဘတ်ဂျက်ခြိုးခြံချွေတာရေးကိုရည်ရွယ်ကာ ဝန်ကြီးဌာန၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးအရေအတွက်ကို လျှော့ချပြီး ဝန်ကြီးဌာန ၂၁ ခုဖွဲ့စည်းကာ အစိုးရယန္တရားကို မောင်းနှင်ခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်ရဲ့မူဝါဒနှင့် လုပ်ငန်းစဉ်များကိုဆောင်ရွက်ရာမှာ လစ်ဟာမှုများနှင့် အစိုးရယန္တရားပေါ်ကျရောက်လာတဲ့ ဝန်ထုပ်ဝန်ပိုးများကြောင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများကို ပြန်လည်ခန့်အပ်ခဲ့သလို ဝန်ကြီးဌာနအသစ်များ ထပ်မံတိုးချဲ့ဖွဲ့စည်း၍ လုပ်ငန်းများပိုမိုထိရောက်အောင်မြင်စေရန် ဆောင်ရွက်ခဲ့ကြတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူများဖြစ်ပြီး အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေကို တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်းကျောင်းပြုနေကြတာဖြစ်ပါတယ်။ တောင်သူလယ်သမားအများစုဟာ နိုင်ငံတော်ကရရှိတဲ့

ချေးငွေတွေ ပြင်ပမှ အတိုးကြီးကြီးနဲ့ချေးငွေတွေကို အားပြုပြီးထွန်ယက်စိုက်ပျိုးလုပ်ကိုင်စားသောက်နေကြပေမဲ့ ၎င်းတို့အတွက် တွက်ခြေကိုက်စေမည့် သင့်တင့်မျှတတဲ့ဈေးနှုန်းတွေ၊ ခိုင်မာတဲ့ဈေးကွက်တွေ၊ လယ်ယာထွက်ကုန်များ အာမခံချက်မရှိတာတွေကြောင့် တောင်သူလယ်သမားများအဖို့ အကြွေးသံသရာထဲက ရုန်းထွက်နိုင်ဖို့ ခက်ခဲနေဆဲဖြစ်တာကို တွေ့ရှိနေရမှာဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်အနေနဲ့ တောင်သူလယ်သမားများရဲ့ရပိုင်ခွင့်များ၊ အခွင့်အလမ်းများကို ကျစ်လျစ်ခိုင်မာစွာ ဖော်ဆောင်ပေးနိုင်ရန် အခက်အခဲများကိုကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ကူညီဖြေရှင်းပေးနိုင်ရန် တောင်သူလယ်သမားများနှင့် မိသားစုများရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်၏စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ ယခုထက်ပိုပြီး စီမံအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်နေကြောင်း တင်ပြလိုပါတယ်။

လက်ရှိဖွဲ့စည်းထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို လေ့လာကြည့်မယ်ဆိုရင်လည်း လုပ်ငန်းအသွင်အပြင်မတူတဲ့ ကဏ္ဍကြီးသုံးခုနဲ့ ဖွဲ့စည်းထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ယခုလိုသဘောသဘာဝမတူညီတဲ့ လုပ်ငန်းစဉ်အများအပြားပေါင်းစပ်ဖွဲ့စည်းထားတဲ့ ဝန်ကြီးဌာနတစ်ခုအနေနဲ့ ကျွန်တော်တို့နိုင်ငံလို စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံတစ်ခု တစ်မျိုးသား လုံးရဲ့ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ၃၀ ရာခိုင်နှုန်းပါဝင်နေတဲ့ လယ်ယာသားငါးကဏ္ဍကြီးတစ်ခုကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လေ့လာမှု တွေရှိလာခဲ့ရင် နိုင်ငံတော်နှင့်နိုင်ငံသားအများစုကို ထိခိုက်နစ်နာမှုတွေ ဖြစ်ပေါ်လာနိုင်ကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျစ်လျစ်ခိုင်မာစွာဖြင့် စနစ်တကျဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်အစိုးရမှ စီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း အကြံပြုလိုပါတယ်။ CSO World Bank၊ UNDP တို့ရဲ့ ၂၀၁၇ ခုနှစ်အတွင်းက ကောက်ယူခဲ့တဲ့ စာရင်းဇယားများအရ မြန်မာနိုင်ငံရဲ့

ဆင်းရဲမှုအခြေအနေဟာ လူဦးရေ စုစုပေါင်းရဲ့ ၂၁.၈ ရာခိုင်နှုန်း၊ လူဦးရေ ၁၁.၈ သန်းရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၀၁၉ ခုနှစ် ဇွန်လအတွင်းထုတ်ပြန်ချက်များအရ သိရှိရပါတယ်။

နိုင်ငံတော်အတွင်း ဆင်းရဲမှုလျှော့ချရေးအတွက်ဆိုရင် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ အထူးသဖြင့် တောင်သူလယ်သမားများရဲ့လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးဟာ အဓိကအကျဆုံးအချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားများအတွက် အဓိကလိုအပ်ချက်တွေဖြစ်တဲ့ အရင်းအနှီး၊ နည်းပညာ၊ သွင်းအားစု၊ ခိုင်မာတဲ့ဈေးကွက်၊ သင့်တင့်မျှတတဲ့ဈေးနှုန်းများရရှိနိုင်ရေး၊ ဝန်ကြီးဌာနမှကိုင်တွယ်ကျင့်သုံးရတဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာဥပဒေများနှင့်အညီ တောင်သူလယ်သမားများအတွက် ရပိုင်ခွင့်၊ အခွင့်အရေးများ၊ အခက်အခဲများနှင့် နစ်နာဆုံးရှုံးမှုများကို ထိရောက်စွာအကာအကွယ်ပေးနိုင်ရေးတို့အပြင် ဆက်စပ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့်အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်းဟာလည်း ထိရောက်အကျိုးရှိမယ့်နည်းလမ်းတစ်ခုဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ အဆိုရှင်တင်ပြထားတဲ့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းပြီး ဆောင်ရွက်ခြင်းအားဖြင့် တောင်သူလယ်သမားများရဲ့ မိသားစုများနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို နိုင်ငံတော်အတွင်း လယ်ယာမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ သို့မှသာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို လျင်မြန်စွာတည်ဆောက်နိုင်မှာဖြစ်ကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစံဝင်းခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးစံဝင်းခိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစံဝင်းခိုင် ဖြစ်ပါတယ်။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းထားတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် ၅-၉-၂၀၁၉ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ တင်သွင်းဆုံးဖြတ်ခဲ့တဲ့ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းတို့မှာ တောင်သူလယ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အဓိကကျပြီး တူညီတဲ့စကားရပ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူကို ဆိုလိုတာဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အဆိုပါဥပဒေကြမ်းမှာ ဝန်ကြီးဌာနကိုလည်း လက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို အစားထိုးပြင်ဆင်ဖို့ တင်ပြထားတာကို တွေ့ရပါတယ်။ ဓမ္မဓိဋ္ဌာန်ကျကျပြောရရင် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍက တောင်သူလယ်သမားများနဲ့ တိုက်ရိုက်သက်ဆိုင်ပြီး ဆည်မြောင်းကဏ္ဍက တာဝန်ယူမှု၊ တာဝန်ခံမှုအရ အစိုးရအဖွဲ့တွေနဲ့သာ သက်ဆိုင်မှာဖြစ်ပါတယ်။ ဆည်မြောင်း၊ တမံဆိုတာ မြန်မာပြည်အနှံ့အပြားမှာ တည်ရှိပြီး သဘာဝဘေးအန္တရာယ်ကြောင့် နှစ်စဉ်လိုလို တစ်နေရာရာမှာ ကျိုးပေါက်ပျက်စီးမှုတွေ့ကြုံရပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေ ရှိတတ်ပါတယ်။ အချို့ ဆည်၊ တာတမံကြီးတွေမှာ ရေအားလျှပ်စစ်ထုတ်ယူမှုတွေနဲ့ ဆက်စပ်နေတာကြောင့် ဒါတွေကို အနီးကပ်ကြီးကြပ်ထိန်းသိမ်းစစ်ဆေးဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေနဲ့သာ တိုက်ရိုက်တာဝန်ယူစီမံဆောင်ရွက်ဖို့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းပညာပိုင်းမှာ အင်အားဖြည့်ပါဝင်ကူညီပေးဖို့သာ လိုအပ်မှာဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ မူလပြဋ္ဌာန်းချက်ပါ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအမည်ကို ယင်းဥပဒေကြမ်းမှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး

ဌာနလို့ အစားထိုးပြင်ဆင်ဖို့ တင်သွင်းထားတာကိုလည်း တွေ့ရပါတယ်။ ကြေးတိုင်လုပ်ငန်းများမှာ လယ်ယာမြေသာမက မြေလွတ်၊ မြေရိုင်း၊ သစ်တောမြေ၊ တောရိုင်းမြေ၊ စားကျက်မြေနဲ့ အခြားမြေများပါဝင်ပြီး ကျေးရွာများမှာ မြေငှားဂရန်ထုတ်ပေးခြင်းအပါအဝင် မြေယာနှင့် သီးနှံစာရင်းဇယားအားလုံးကို မှတ်တမ်းတင်ရတဲ့ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုပေးနေသော လုပ်ငန်းဖြစ်တာကြောင့် လုပ်ငန်းသဘောသဘာဝအားဖြင့် ကျယ်ပြန့်လှပါတယ်။ ပညာရှင်တချို့ရဲ့ အကြံပြုချက်အရ ကြေးတိုင်နှင့် မြေယာစီမံခန့်ခွဲမှုဦးစီးဌာနလို့ ပြင်ဆင်သင့်ပြီး ယင်းဌာနကိုလည်း အနီးကပ်ကြီးကြပ်ထိန်းကျောင်းနိုင်မယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များရဲ့ ကွပ်ကဲမှုအောက်မှာပဲ ထားရှိစီမံဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေ မူလပြဋ္ဌာန်းချက်နဲ့ အစားထိုးပြင်ဆင်ဖို့ တင်ပြတဲ့ပြဋ္ဌာန်းချက်တွေမှာပါ တောင်သူလယ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းခွင့်ပြုထားပြီးဖြစ်တာကြောင့် တောင်သူလယ်သမားများအတွက် အဓိကကျတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းဆိုင်ရာများကိုသာ ဦးတည်ဆောင်ရွက်နိုင်ရန် ကျေးရွာ/မြို့နယ်/ခရိုင်များအလိုက် တောင်သူလယ်သမားရေးရာဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တောင်သူလယ်သမားရေးရာဦးစီးဌာနများ စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းပြီး ပြည်ထောင်စုအဆင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကိုပါ ဖွဲ့စည်းထူထောင်သွားသင့်ကြောင်း တိုက်တွန်းတင်ပြအပ်ပါတယ်။ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာပဲ လယ်ယာမြေဥပဒေမှာ ရောထွေးပါဝင်နေတဲ့ အခြားဥပဒေတွေကိုလည်း စနစ်တကျဖြစ်အောင် လိုအပ်သလို ခွဲထုတ်ပြင်ဆင်ပြဋ္ဌာန်းသွားဖို့ လိုပါတယ်။ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းဖြစ်တည်လာတာနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှာပါ တောင်သူလယ်သမားရေးရာဝန်ကြီးများ တိုးချဲ့ခန့်ထားဖို့ ဆက်လက်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(က)နဲ့(ခ)တို့မှာ တင်ပြပါအတိုင်း ပြဋ္ဌာန်းထားပြီး အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ ၈-၁၀-၂၀၁၃ ရက်နေ့မှာ ပြည်ထောင်စု

လွှတ်တော်က တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဆိုပါဥပဒေအား ကောင်းမွန်လှတဲ့ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် ပြဋ္ဌာန်းထားသော်လည်း ယင်းဥပဒေကို ပီပြင်အောင်ဖော်ဆောင်နိုင်ရန် နည်းဥပဒေများနဲ့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ တောင်သူလယ်သမားများ အသေးစိတ်သိရှိနားလည်ကြစေရန် ရှင်းလင်းချပြဖို့ လိုအပ်မှာဖြစ်ပါတယ်။

လက်ရှိဝန်ကြီးဌာနအနေနဲ့လည်း မူလရှိရင်းဌာနများအပြင် သမဝါယမဌာနများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနများပါ ပူးပေါင်းဖွဲ့စည်းထားတာကြောင့် တောင်သူလယ်သမားအရေး ထိရောက်ကျယ်ပြန့်စွာ ပညာပေးလုပ်ဆောင်နိုင်ဖို့အတွက် ခက်ခဲကြန့်ကြာမှုတွေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ တောင်သူလယ်သမားအများစုဟာ ကျေးလက်ဒေသနေပြည်သူများဖြစ်ကြပြီး စာပေပညာအခြေခံနည်းပါးကြပါတယ်။ ပညာတတ်သားသမီးတွေရှိလာရင်တောင် အခြားအလုပ်ကိုလုပ်ကြတာ များပါတယ်။ တောင်သူလယ်သမားအခွင့်အရေးတွေနဲ့ အကျိုးစီးပွားတွေအတွက် အမှန်တကယ် ကာကွယ်မြှင့်တင်ပေးမယ့် ဥပဒေအခွင့်အလမ်းတွေရှိကြောင်း သိရှိမှသာ မိရိုးဖလာအမွေဆက်ခံလုပ်ကိုင်ကြမယ့် ပညာတတ်တောင်သူလယ်သမားတွေ ရှိလာကြမှာပါ။ အဆိုပါဥပဒေအခွင့်အလမ်းတွေကို အကျိုးရှိစွာ အသုံးချ လုပ်ကိုင်နိုင်ဖို့အတွက် အနီးကပ် ဦးစီးဦးဆောင်ပြုရမယ့်အဖွဲ့အစည်းကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနအနေနဲ့ပဲ ဖြစ်သင့်ပါတယ်။ လက်ရှိမှာတော့ အလုပ်သမားတွေအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရှိပြီး တောင်သူလယ်သမားတွေအတွက်တော့ ဦးစီးဌာနအဆင့်တောင်မရှိသေးတာ အားလုံးအသိပဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် ကျေးလက်ဒေသနေသူများကို ကိုယ်စားပြုသော တောင်သူလယ်သမားများရဲ့ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ငန်းများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် တောင်သူလယ်သမားရေးရာဝန်ကြီး

ဌာနကိုဖွဲ့စည်းကာ တောင်သူလယ်သမားအရေးကို တစိုက်မတ်မတ် ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်က ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့အဆိုကို အကြံပြု ထောက်ခံဆွေးနွေးသွားပါမယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ တောင်သူလယ်သမားနဲ့နီးစပ်ပြီး အဆက်မပြတ်လုပ်နေတဲ့ဌာန ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကျတော့ ဒီလိုလေ့လာတဲ့အခါမှာ စိုက်ပျိုးရေးသည် တောင်သူလယ်သမား၊ မွေးမြူရေးသည် တောင်သူလယ်သမား၊ ဆည်မြောင်းဝန်ကြီးဌာနသည် လယ်သမားများရေရရှိရေးအတွက် အဓိကပံ့ပိုးတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ အဲဒီတော့ အဲဒီဌာန သုံးခုကို ပေါင်းစပ်ပြီးတော့၊ အပေါ်ကနေပြီးတော့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနလို့ ခေါ်လိုက်ရင်လည်း မရနိုင်ဘူးလား။ ဘာဖြစ်လို့လဲဆိုတော့ တောင်သူလယ်သမားအတွက် လုပ်ထားတဲ့ အဓိကဟာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအတွေ့အကြုံဟာ ကျွန်တော်တို့တစ်တွေအနေနဲ့ ဒီဌာနသုံးခုတင်မကပါဘူး။ ကျွန်တော်တို့က အဲဒါနဲ့ပေါင်းစပ်ရမယ့်ဟာက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ခုနလိုပေါ့ တောင်သူလယ်သမားဝန်ကြီးဌာနကို

မပံ့ပိုးရင် ဘာမှလုပ်လို့မရပါဘူး။ မဖွံ့ဖြိုးနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က အဆိုရှင် ဦးသိန်းထွန်းရဲ့ တင်ပြချက် သီးခြားတောင်သူလယ်သမားရေးရာဝန်ကြီးဌာနလုပ်မယ်ဆိုလို့ရှိရင် ခုနလိုပေါ့ စိုက်ပျိုးရေးရော၊ မွေးမြူရေးရော၊ ဆည်မြောင်းရော ဌာနကလူတွေက ပညာပေးခံရမယ်လို့ ကျွန်တော်ယူဆနိုင်ပါတယ်။ ဖြစ်လည်းဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က တောင်သူလယ်သမားရေးရာဝန်ကြီးဌာနဖွဲ့ရင်တော့ ခုနလိုပေါ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့အပေါ်က ဦးထုပ်ဆောင်းပေးသလို တင်လိုက်လို့ရှိရင်လည်း ဖြစ်နိုင်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ကျွန်တော်အကြံပေးချင်တာက ကျွန်တော်တို့တစ်တွေ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနဖွဲ့လို့ရှိရင် တောင်သူလယ်သမားရေးရာဦးစီးဌာနဆိုတာကို ဖွဲ့ရမယ်။ ဦးစီးဌာနဖွဲ့မှသာ ခုနလို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို အုပ်ချုပ်နိုင်မှာ ဖြစ်တယ်။ ဒီနည်းတစ်နည်းနဲ့ ခုနလို့ပေါ့၊ မြေယာနဲ့ပတ်သက်ပြီးတော့ သူလုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုလည်း တောင်သူလယ်သမားရေးရာဦးစီးဌာနကို မရှိမနေ ဖွဲ့ကိုဖွဲ့သင့်ပါတယ်။ တတိယတစ်ချက်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာသာ ခေတ်အဆက်ဆက်က တောင်သူလယ်သမားစပြီးတော့၊ တော်လှန်ရေးကောင်စီခေတ်က စပြီးတော့ ဗဟိုပြုလာပါတယ်။ ထို့အတူ သူတို့နဲ့တစ်ပြေးတည်းပဲ အလုပ်သမားရေးရာ ဝန်ကြီးဌာနဆိုတာပေါ်လာတယ်။ ရှိလာတယ်။

အဲဒီတော့ အလုပ်သမားရေးရာဝန်ကြီးဌာနက အစိုးရအဆက်ဆက်မှာ သူကအလုပ်သမားဆေးရုံဆိုတာရှိတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားဆေးရုံမရှိဘူး။ အလုပ်သမားဆေးရုံပဲရှိတယ်။ အဲဒီတော့ ဒါ က တောင်သူလယ်သမားဆေးရုံက အထူးလိုအပ်နေပါတယ်။ ဘာဖြစ်လို့လိုအပ်လဲဆိုတော့ (၁) တောင်သူလယ်သမားတွေက တောရွာတွေမှာဆိုရင် တဖြုတ်ဖြုတ် သေနေကြပါတယ်။ ဘာရောဂါနဲ့သေလဲဆိုတော့ ကင်ဆာနဲ့သေတယ်။ အဲဒီတော့ တောင်သူလယ်သမားတစ်ယောက်က ကင်ဆာဖြစ်ပြီဆိုလို့ရှိရင် သွားပြီးသေဖို့သာပြင်တော့။ အဲဒီတော့ ကင်ဆာကလည်း

ပြောမယ်ဆိုလို့ရှိရင် ငွေကျပ်သိန်းတစ်ဆယ်၊ နှစ်ဆယ်နဲ့မရတော့ဘူး။ သိန်းတစ်ရာ၊ သိန်းနှစ်ရာမှ ကုနိုင်မယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာန၊ Especially ကင်ဆာကုတဲ့ဌာနကို မန္တလေးမှာဆေးရုံတစ်ရုံ၊ ရန်ကုန်မှာဆေးရုံတစ်ရုံ တည်ဆောက်သင့်ပါကြောင်း အကြံပြုရပါတယ်။ နောက်ဆုံးအချက်နဲ့ အကြံပြုချင်တာကတော့ ပညာရေးပါ။ ယနေ့တောင်သူ လယ်သမားသာ ဦးစားပေးတယ်ပြောတယ်။ တောင်သူလယ်သမားတွေရဲ့ သားသမီးတွေ ဘယ်နှယောက်ဆယ်တန်း အောင်တယ်ဆိုတာကို ဘယ်သူမှ Recording မရှိဘူး။ Logistic မရှိဘူး။ ထို့အတူ တောင်သူ လယ်သမားသားသမီးတွေ တက္ကသိုလ် ဘယ်နှစ်ယောက်တက်နိုင်တယ်ဆိုတာ မရှိပါဘူး။ မရှိတဲ့ အတွက်ကြောင့် အခုမကြာသေးခင်ကာလ အတောအတွင်းမှာပဲ တောင်သူလယ်သမားသားသမီး တွေ၊ အလုပ်သမားတွေရဲ့သားသမီးတွေ တက္ကသိုလ်မတက်နိုင်ရင် ထောက်ပံ့မယ်ဆိုတဲ့ဟာ သတင်းစာထဲမှာတွေ့ရတဲ့အတွက် ဒါကို ကျွန်တော်ကြိုဆိုပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာကတော့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကို သီးခြားမဟုတ်ဘဲနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဦးစီးဌာန နှစ်ခုရဲ့အပေါ်မှာ တည်ဆောက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမဂါရဝပြု နှုတ်ခွန်းဆက် အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းထားသောအဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တို့နိုင်ငံဟာ အဆိုရှင်ပြောသွားသလို နိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေထိုင်တဲ့လူများဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြတာဖြစ်ပါတယ်။ တစ်မျိုးသားလုံးရဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး GDP ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာသားငါးကဏ္ဍမှ ရရှိတာဖြစ်တဲ့အတွက် အဓိကထုတ်လုပ်သူများဟာ တောင်သူလယ်သမားများဖြစ်ကြပါတယ်။ ဒါကြောင့်လည်းပြီးခဲ့တဲ့ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်မှာ ကျေးဇူးရှင် တောင်သူဦးကြီးများလို့ တင်စားခေါ်ခဲ့တာကိုလည်းတွေ့ရပါတယ်။ သို့သော်လည်း သူတို့ဘဝဟာ နင်းပြားကနင်းပြားပါပဲ။ အဖိနှိပ်ခံ၊ အဆင်းရဲခံဘဝနှင့် ပြီးခဲ့တဲ့အစိုးရအဆက်ဆက်မှာနွားနှင့်အတူ ပင်ပန်းရုန်းကန်ခဲ့ရတာကို လူတိုင်းသိနေပြီဖြစ်ပါတယ်။ ထိုက်သင့်တဲ့သီးနှံဈေးနှုန်း၊ သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ ရောင်းရဖို့နေနေသာသာ စားဖို့မပြောနှင့် မျိုးစပါးတောင်မချန်ဘဲ ကုန်သွယ်လယ်ယာကို ရောင်းချခဲ့တာကို သိရှိပြီးဖြစ်ပါတယ်။ စပါးတာဝန်မကျေပွန်လို့ ဖမ်းဟယ်စီးဟယ်ချုပ်ဟယ်နဲ့ လုပ်ခဲ့လို့သမိုင်းမှာမေ့ပျောက်လို့လည်း မရခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျာ။ လက်ရှိဒီမိုကရေစီစနစ်နဲ့အညီ အုပ်ချုပ်နေသော ပြည်သူ့အရပ်သားအစိုးရလက်ထက်မှာ ကျေးလက်နေတောင်သူလယ်သမားများဘဝ မြင့်မားတိုးတက်စေဖို့ ကြိုးစားလုပ်ဆောင်နေတာကိုလည်း အားလုံးသိမြင်ပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်ဆိုသည့်အတိုင်း တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ လယ်ယာမြေဥပဒေ၊ မြေသိမ်းဥပဒေ စသည့်ဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(ခ) မှာလည်း စိုက်ပျိုးထုတ်လုပ်တဲ့ ကောက်ပဲ

သီးနှံများ သင့်တင့်မျှတသည့်ဈေးနှုန်းရဖို့ ကူညီဆောင်ရွက်မယ်ဆိုသည့်အတိုင်း စပါးတစ်တင်း ပေါက်ဈေး အနည်းဆုံးကျပ် ၅၀၀၀ သတ်မှတ်ထားတာကိုလည်း တွေ့ရပါတယ်။ ထို့အတူ ပြည်တွင်း ပြည်ပဈေးကွက်များရှာဖွေပြီး ရသင့်ရထိုက်သော သီးနှံဈေးနှုန်းများရရှိရန် ဆောင်ရွက်နေတာ ကိုလည်းတွေ့ရပါတယ်။ ဥပမာ-ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအစိုးရဟာ ဂျပန်နိုင်ငံနဲ့ ချိတ်ဆက်ပြီး နှမ်းဈေးကွက်ကို ရှာဖွေပေးခဲ့ပါတယ်။ ဒါတင်မကဘဲ ဘောင်ဝင်တန်းဝင်ပြီး ဈေးကောင်းရတဲ့သီးနှံဖြစ်အောင် စိုက်ပျိုးနည်းပညာ စက်ယန္တရားအကူအညီများပါကူညီ ဆောင်ရွက်ပေးခဲ့တဲ့အတွက် ပြီးခဲ့တဲ့မိုးနှမ်းပေါ်ချိန်မှာ နှမ်းစိုက်တောင်သူတွေ ဈေးကောင်းရလို့ ပျော်ရွှင်နေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ နိုင်ငံတော်အစိုးရအနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင် အထည်ဖော်ဆောင်ရွက်ရာမှာ စီမံကိန်းများကို နိုင်ငံတော်ရန်ပုံငွေဖြင့်သာမက နိုင်ငံခြားအကူအညီ အထောက်အပံ့ချေးငွေများဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ လယ်ယာကဏ္ဍဆိုင်ရာချေးငွေစီမံကိန်း ၂၀ ခုအနက်ဆောင်ရွက်ဆဲ ၁၈ ခုရှိပါတယ်။ အထောက်အပံ့စီမံကိန်း ၂၆၄ ခုအနက် ၁၃၂ ခု ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုး စရိတ်ချေးငွေအနေနဲ့လည်း ယခင်လယ်တစ်ဧကကို ၅၀၀၀၀ ကျပ်ကနေပြီးတော့ တစ်သိန်း၊ တစ်သိန်းခွဲအထိ တိုးချေးပြီးဖြစ်ပါတယ်။ ယာတစ်ဧကကို ၂၀၀၀၀ ကျပ်ကနေ ၅၀၀၀၀ ကျပ် ခုလက်ရှိ တစ်သိန်းကျပ်ထိတိုးမြှင့်ချေးငှားထားတာကိုလည်း တွေ့ရပါတယ်။ ဒါတင်မကသေးဘဲ ပြီးခဲ့တဲ့လမှစပြီး ဆောင်းသီးနှံချေးငွေအနေနှင့် သီးနှံ ၁၂ မျိုးကို ၂၀၁၉ ခုနှစ်အောက်တိုဘာ၊ ဒီဇင်ဘာမှ ထုတ်ချေးသွား မယ်ဆိုတာကို နိုင်ငံတော်မှ ထပ်မံတရားဝင် ကြေညာထားပြီးလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ အဆိုရှင်က တောင်သူလယ်သမားများရဲ့ ဘဝမြင့်ဖို့၊ တောင်သူလယ်သမား များအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖို့တိုက်တွန်းထားတာတွေ့ရပါ

တယ်။ လက်ရှိအစိုးရဟာ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်စတင်တာဝန်ယူခဲ့ပြီး နိုင်ငံတော် ဘတ်ဂျက်ကို ခြိုးခြံချွေတာတဲ့နည်းနဲ့ နည်းနည်းနဲ့ကျဲကျဲဝိုင်းကာ ဝန်ကြီးဌာနတွေကို ပေါင်းပြီး ဝန်ကြီးဌာန ၂၁ ခုနဲ့ စတင်ဖွဲ့စည်းခဲ့တာကို အားလုံးအသိပါ။ ဒါတင်မကသေးပါ။ ဝန်ကြီး တစ်ဦးတည်းနဲ့ ဝန်ကြီးဌာန နှစ်ခု၊ သုံးခုကို တာဝန်ယူစီမံဆောင်ရွက်ခဲ့တာကိုလည်း သိပြီး ဖြစ်ပါတယ်။ ဒုတိယဝန်ကြီးနှစ်ဦးခန့်ရာမှာ တစ်ဦးမှမခန့်ဘဲနဲ့စတင်တာဝန်ယူခဲ့တာကိုလည်း အားလုံးသိပြီးဖြစ်ပါတယ်။ ယနေ့လိုအပ်ချက်အရ ဒုတိယဝန်ကြီးတွေကို ထပ်မံခန့်အပ်ခဲ့တာကို တွေ့ရပါတယ်။ လက်ရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးရုံးတစ်ခု၊ ဦးစီးဌာန ၁၁ ခုနဲ့ တက္ကသိုလ်နှစ်ခု စုစုပေါင်း ၁၄ ခုနဲ့ ဖွဲ့စည်းထားပြီး လယ်ယာချောင်းမြောင်း စိုက်ပျိုးမွေးမြူရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီလို ကျားကုတ် ကျားခဲကြိုးစားခဲ့လို့ ယနေ့တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှု ခြောက်ရာခိုင်နှုန်းကျော်ကနေပြီးတော့ ခုနစ်ရာခိုင်နှုန်း နီးပါးရှိလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ အဆိုရှင်ရဲ့ရည်ရွယ်ချက်ဟာ အမှတ်တမဲ့စေတနာကောင်းနဲ့တင်တယ်လို့ ထင်ရသော်လည်း သေချာတွေးကြည့်စဉ်းစားကြည့်တော့ ခါတော်မီအဆိုတစ်ခုလို ဖြစ်နေတယ်လို့ ယူဆရပါတယ်။ လက်ရှိအစိုးရရဲ့တာဝန်ယူဆောင်ရွက်ရမယ့် သက်တမ်းဟာလည်း တစ်နှစ်နဲ့ လေးလသာရှိတော့တာကြောင့် ဝန်ကြီးဌာနတစ်ခုထပ်မံဖွဲ့စည်းမယ်၊ တိုးချဲ့မယ်ဆိုရင် ပြင်တာ ဆင်တာရေးဆွဲတာနဲ့ အချိန်ကုန်သွားမှာဖြစ်တဲ့အတွက် အဆိုရှင်ရဲ့အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပါရန် တင်ပြဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်

တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယက တင်သွင်းထားတဲ့ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျကျစ်လျစ်ခိုင်မာစွာလုပ်ဆောင်နိုင်ရန် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရန်နှင့် တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူ လယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအား ပြည်ထောင်စုအဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ပထမဦးဆုံးအနေနဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူတွေထဲက တောင်သူ လယ်သမားတွေအတွက် စဉ်းစားပြီးတော့ အဆိုတင်တယ်လို့ပြောတဲ့အတွက် ကျေးဇူးအထူးတင် ဝမ်းမြောက်မိပါတယ်။

အဆိုကိုလေ့လာကြည့်တဲ့အခါမှာ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို အကောင်အထည်ဖော်ဆောင်နိုင်ဖို့နဲ့ တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး၊ တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်သွင်းထားကြောင်း အဆိုရှင်ကတင်ပြထားတာ တွေ့ရပါ တယ်။ အဲဒီအပြင်တောင်သူလယ်သမားတွေရဲ့ အဓိကလိုအပ်ချက်မှာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုဈေးကွက်ရရှိရေးတို့အပြင် လက်ရှိတောင်သူလယ်သမားတွေရဲ့ မြေယာ ပိုင်ဆိုင်ခွင့်၊ အသုံးချခွင့်၊ လွှဲပြောင်းရယူပိုင်ခွင့်၊ မိမိစိုက်ပျိုးလိုတဲ့ ဈေးကွက်ဝင်သီးနှံတွေကို လွတ်လပ်စွာစိုက်ပျိုးနိုင်ခွင့်၊ စိုက်ပျိုးရေးနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပ

နိုင်ငံများကို အလွယ်တကူရောင်းချပိုင်ခွင့်တို့အပြင် ဈေးကွက်ရရှိရေးတို့ပါ စီမံဆောင်ရွက် ပေးဖို့အတွက် လိုအပ်နေလို့ တောင်သူလယ်သမားများအတွက် ဝန်ကြီးဌာနအသစ်တစ်ခုကို မဖြစ်မနေဖွဲ့ဖို့လိုအပ်ကြောင်း ထပ်မံတင်ပြထားတာ လေ့လာတွေ့ရှိရပါတယ်။ တကယ်တော့ ကျွန်တော်ကိုယ်တိုင် တောင်သူလယ်သမားတစ်ယောက်ဖြစ်ပါတယ်။ လက်ရှိပြည်သူ့အစိုးရအနေနဲ့ တောင်သူလယ်သမားများအတွက်လိုအပ်နေတဲ့ စိုက်ပျိုးစရိတ်ချေးငွေကို တိုးမြှင့်ထုတ်ချေး ပေးနေတာ အားလုံးအသိပဲဖြစ်ပါတယ်။

ယခင်ကဆို မိုးစပါးတစ်ဧကကို ၄၀၀၀၀ ကျပ်ပဲရတာပါ။ ယခုဆိုလို့ရှိရင် ကျွန်တော်တို့ ကျပ်တစ်သိန်းကနေပြီးတော့ ကျပ် ၁၅၀၀၀၀ အထိတိုးမြှင့်ထုတ်ချေးပေးနေသလို ယာစိုက်တောင်သူ တွေအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေလိုအပ်လို့မလို့ ပြည်သူ့လွှတ်တော်မှာ ကျွန်တော်ကိုယ်တိုင် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးပေးဖို့ မေးခွန်းမေးမြန်းပြီးတဲ့နောက်မှာ ယခင်၂၀၀၀၀ ကျပ် ကနေ ယခုဆိုရင် တစ်ဧက ၁၀၀၀၀၀ ထိအောင် တိုးမြှင့်ထုတ်ချေးနေပြီဖြစ်ပါတယ်။ အဲဒီအပြင် ပညာပေးခြင်းလုပ်ငန်းတွေကိုလည်း စိုက်ပျိုးရေးသာမက မွေးမြူရေးလုပ်ငန်းတွေပါ တိုးချဲ့ ဆောင်ရွက်နေပြီဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ အဲဒီအပြင် တောင်သူလယ်သမားများ အတွက် အရေးကြီးလိုအပ်နေတဲ့ ရာသီဥတုနှင့်ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်ရရှိရေးကိုလည်း သက်ဆိုင်ရာဌာန တာဝန်ရှိသူတွေနှင့်ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း တွေ့မြင်နေရပြီဖြစ်ပါတယ်။

အဲဒီအပြင် လယ်ယာသုံးစက်ကိရိယာတွေကိုလည်း နှစ်ရှည်အရစ်ကျထုတ်ပေးရောင်းချရုံသာ မက Two Step Loan ချေးငွေတွေကိုလည်း လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိရေးနှင့်ပတ်သက်လို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ ကျွန်တော်ကိုယ်တိုင်

အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးဖို့ အဆိုတင်ခဲ့ရာမှာ ၂၁-၅-၂၀၁၉ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကြီးကပဲ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဆိုလိုချင်တာက လက်ရှိအစိုးရစဉ်သာမက ပြည်သူကရွေးချယ်ပေးလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကပါ ကျွန်တော်တို့နိုင်ငံ ဟန်ချက်ညီညီနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိတ်စေတနာကောင်းတွေနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း အားလုံးအသိပင်ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားသလို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်က တောင်သူလယ်သမားနှင့်သက်ဆိုင်တဲ့ ဦးစီးဌာနတွေကို စုပေါင်းပြီးတော့ ဝန်ကြီးဌာနတစ်ခုအသစ်ဖွဲ့ဖို့ဆိုလို့ရှိရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်က ဦးစီးဌာနတွေသိရှိနိုင်ဖို့အတွက် Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

ဒီမှာဆိုလို့ရှိရင် ကျွန်တော်တို့က ဒီစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်က ဦးစီးဌာနတွေဟာ တောင်သူလယ်သမားနှင့်သက်ဆိုင်တဲ့ ဦးစီးဌာနတွေချည်းပဲ။ တောင်သူလယ်သမားများနှင့်ကင်းလို့မရတဲ့ ဌာနတွေချည်းပဲဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီအပြင် ဝန်ကြီးဌာနရဲ့ နာမည်ကိုကြည့်မယ်ဆိုလို့ရှိရင် စောစောကလွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးသွားသလို တောင်သူလယ်သမားဆိုတဲ့ အဓိပ္ပာယ်ဟာဘာလဲ။ ပြန်စဉ်းစားဖို့လိုပါတယ်။ တောင်သူလယ်သမားဆိုတာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွေကို အဓိကလုပ်တယ်။ ဒီစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွေကို အဓိကလုပ်တဲ့အခါမှာ ဆည်မြောင်းကလည်း မသက်ဆိုင်လို့မရပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အစိုးရအနေနဲ့ကလည်း တောင်သူလယ်သမားတွေအတွက် လိုအပ်နေတဲ့ ဝန်ကြီးဌာနကို စနစ်တကျဖွဲ့စည်းပြီးဖြစ်ကြောင်းကိုလည်း သတိမမူ ဂူမမြင်ဆိုသလို သတိမူလျှင် မြူတောင်မြင်လာတယ်ဆိုတဲ့အတိုင်း သတိမူသည်ဖြစ်စေ၊ မမူသည်ဖြစ်စေ အမြင်သာကြီးဖြစ်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုအား

မှတ်တမ်းအဖြစ်သာထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ထီးလင်းမဲဆန္ဒနယ် ဦးမြတ်လေးဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ဦးသိန်းထွန်း တင်သွင်းတဲ့ အဆိုကို ဝေဖန်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ကတော့ တောင်သူလယ်သမားတွေရဲ့ ရပိုင်ခွင့်တွေ၊ အခက်အခဲတွေ၊ ဘဝတွေတိုးတက်အဆင်ပြေစေဖို့အတွက် ဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းပြီးဆောင်ရွက်မယ်ဆိုလို့ရှိရင် အဆင်ပြေသွားလိမ့်မယ်လို့ယူဆမိပုံရပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ ဒီလိုမထင်မိပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ကိစ္စတစ်ခုပေါ်တိုင်း၊ အရေးတစ်ခုပေါ်တိုင်း ကော်မတီဖွဲ့၊ ဝန်ကြီးဌာနတွေဖွဲ့၊ လက်ပူတိုက်ပြီးဖြေရှင်းတဲ့ဓလေ့စရိုက်၊ ဆန်စင်ရာကျည်ပွေ့လိုက်တဲ့ ဓလေ့စရိုက်၊ မရောင်ရာဆီလူးတတ်တဲ့အကျင့်စရိတ်တွေက ယနေ့အထိအရိုးစွဲနေဆဲပဲဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ ဒီလိုလုပ်လိုက်တာ ဆန်ကားမကျွတ် တိုင်းပြည်သာ ဖွတ်ဖွတ်ကျေခဲ့ရတာတွေ့ရမှာပဲဖြစ်ပါတယ်။ စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍတွေကိုလည်း တိုးတက်အောင်ဆောင်ရွက်မယ်ဆိုပြီး ချီတက်လာလိုက်တာ ယခုဆိုရင် ကျွန်တော်တို့နိုင်ငံက LDC နိုင်ငံဖြစ်သွားတာပဲ အဖက်တင်ပါတယ်။ ဘာကြောင့်မို့လို့ ဒီလိုဖြစ်သွားတာလဲဆိုတော့ ခေတ်အဆက်ဆက်မှာ တောင်သူလယ်သမားတွေရဲ့ဘဝတိုးတက်ဖို့အတွက် ဆောင်ရွက်ပေးမှုတွေမရှိဘဲ ဖိနှိပ်မှုတွေ၊ ခေါင်းပုံဖြတ်မှုတွေအပြင် လွဲမှားတဲ့စီမံခန့်ခွဲမှုတွေကြောင့်ပဲ ဒီလိုဖြစ်ခဲ့ရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၄၈ ခုနှစ်မှာလွတ်လပ်ရေးရပြီး အခုဆိုရင် နှစ်ပေါင်း ၇၀ ရှိခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တောင်သူတွေအတွက် လွတ်လပ်ရေးဆိုတဲ့ဝေါဟာရဟာ သူတို့အတွက် အဓိပ္ပာယ်ရော တကယ်ရှိရဲ့လား။ သူတို့ဘဝတွေရဲ့

အကျိုးစီးပွားတွေ၊ အခွင့်အရေးတွေအတွက် ဘယ်လောက်အထိဆောင်ရွက်ပေးနိုင်ခဲ့ပြီလဲ။ ရင်ထဲအထိ စွဲနေတဲ့အကြောက်တရားတွေ၊ ဘဝလုံခြုံမှုတွေ ဒါတွေကိုဝန်ကြီးဌာနအသစ်တစ်ခုဖွဲ့ပြီး ဆောင်ရွက်ပေးရုံနဲ့ လုံလောက်မှာလားဆိုတာ ကျွန်တော်တို့ဆန်းစစ်ရမှာပဲဖြစ်ပါတယ်။ အခုတင်သွင်းတဲ့အဆိုကို လေ့လာကြည့်မယ်ဆိုရင် ခေတ်အဆက်ဆက်ကိုပြန်ပြီးတော့မှ သုံးသပ်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလမှာ ၁၉၄၇ ခုနှစ် အခြေခံဥပဒေနဲ့အုပ်ချုပ်ခဲ့တဲ့ ဝန်ကြီးချုပ်ဦးနုဦးဆောင်တဲ့ ဒီမိုကရေစီအစိုးရလက်ထက်မှာ လယ်ယာစိုက်ပျိုးရေးနဲ့သစ်တောဝန်ကြီးဌာနဆိုတဲ့အမည်နဲ့ သခင်တင်၊ သခင်ကျော်ထွန်းတို့က တစ်လှည့်စီတာဝန်ယူပြီးစီမံခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ စစ်ဘေး၊ စစ်ဒဏ်အများဆုံးခံခဲ့ရပေမဲ့ လယ်ယာလုပ်ငန်းဟာအောင်မြင်ခဲ့ပြီး တောင်သူလယ်သမားတွေရဲ့ဘဝဟာ ဂုဏ်တင့်ခဲ့တာပဲ ဖြစ်ပါ တယ်။

အဲဒီကတစ်ဆင့် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိကာလမှာတော့ ၁၉၇၄ အခြေခံဥပဒေကိုရေးဆွဲပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တစ်ပါတီစနစ်နဲ့အုပ်ချုပ်ခဲ့တာကိုတွေ့ရပါတယ်။ အဲဒီကာလမှာ အစိုးရအဖွဲ့ကို ဗိုလ်ချုပ်ကြီးနေဝင်းကဦးဆောင်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးနဲ့သစ်တောဝန်ကြီးဌာနကို ဗိုလ်မှူးကြီးသောင်းကြည်၊ ဦးရဲခေါင်နဲ့ ဗိုလ်မှူးချုပ်သန်းညွန့်တို့က တာဝန်ယူစီမံခန့်ခွဲခဲ့တာပဲဖြစ်ပါတယ်။ အဲဒီခေတ်မှာတော့ တစ်ပါတီစနစ်ရဲ့သဘောသဘာဝအတိုင်း ပုဂ္ဂလိကပိုင်လုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းယူတာကစပြီး တောင်သူလယ်သမားတွေရဲ့ပိုင်ဆိုင်မှုတွေ၊ လုပ်အားတွေ ဒါတွေကိုခေါင်းပုံဖြတ်ပြီး အကြောက်တရားနဲ့အုပ်ချုပ်ခဲ့တာကိုတွေ့ရှိရပါတယ်။ အဲဒီခေတ်မှာ စီမံခန့်ခွဲမှုအလွဲအမှားတွေကြောင့် တောင်သူတွေရဲ့ဘဝဟာ စပါးစိုက်ပြီး ထမင်းငတ်ရတဲ့အထိဖြစ်ခဲ့တာတွေ့ရပါတယ်။ အဲဒီမှာအဆိုးဆုံးကတော့ ပူးတွဲ(၄)လို့ခေါ်တဲ့ စနစ်ပဲဖြစ်ပါတယ်။ တောင်သူတွေကိုယ်တိုင်စိုက်တဲ့စပါးတွေကို မစားရ၊ မသုံးရဘဲ တာဝန်ကျေစပါးသွင်းရတဲ့စနစ်ပဲဖြစ်ပါတယ်။ အဲဒါက စပါးသွင်း စပါးမကျေရင် လယ်ယာမြေကိုသိမ်းဆည်းတဲ့အထိ တောင်သူ

လယ်သမားတွေဟာခံခဲ့ရပြီး အဲဒီခေတ်မှာဆိုရင် တောင်သူတွေဟာ လုံးပါးပါးခဲ့ရသလို လယ်ယာကဏ္ဍမှာ စိတ်ဝင်စားမှုနည်းပါးပြီးတော့ ကျွန်တော်တို့လယ်ယာရဲ့အဆင့်အတန်းဟာလည်း နိမ့်ကျခဲ့တာပဲ ဖြစ်ပါတယ်။

နောက်တစ်ခေတ်ကျတော့ အခြေခံဥပဒေမရှိဘဲအုပ်ချုပ်ခဲ့တဲ့ အစိုးရလက်ထက်ပဲ ဖြစ်ပါတယ်။ အဲဒီခေတ်ကတော့ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးပေါ်ပေါက်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ် ကာလပဲဖြစ်ပါတယ်။ အဲဒီအချိန်မှာ လယ်ယာနဲ့သစ်တောဝန်ကြီးဌာနကို ဗိုလ်ချုပ်ချစ်ဆွေ၊ ဗိုလ်ချုပ်ညွန့်တင်နဲ့ ဗိုလ်ချုပ်ဌေးဦးတို့က တာဝန်ယူပြီး စီမံခန့်ခွဲခဲ့တာကိုတွေ့ရပါတယ်။ အဲဒီခေတ်မှာလည်း ယခင်ခေတ်ကလိုပဲ တာဝန်ကျေသီးနှံသွင်းရတဲ့ သာဓကေသာမကဘဲ တောင်သူ လယ်သမားတွေ၊ ကျေးလက်နေပြည်သူတွေရဲ့လုပ်အားကိုပါ အဓမ္မစေခိုင်းမှုတွေပါ တွေ့ရှိလာရ ပါတယ်။ မိမိလယ်ယာလုပ်ငန်းခွင်ကိုမဆင်းနိုင်ဘဲ ရထားလမ်း၊ ကားလမ်းမှာ လုပ်အားပေး လိုက်ရပြီးမှ ဘဝကိုကြုံသလို ရုန်းကန်ခဲ့ရတဲ့ အထောက်အထားတွေလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါတင်မက တစ်အိမ်ထောင်လျှင် သစ်ဆိမ့်ပင်ငါးပင်စိုက်ပျိုးခြင်းဖြင့် နှမ်းတစ်ကေစိုက်ပျိုး သကဲ့သို့ ထာဝရစားသုံးဆီဖူလုံစေရမည်ဆိုတဲ့မူနဲ့ သစ်ဆိမ့်ပင်စိုက်ရတာတွေ၊ ကြက်ဆူပင် စိုက်ရတာတွေ အစရှိတဲ့အဓိပ္ပာယ်မဲ့တဲ့လုပ်ငန်းတွေကြားမှာ ကျွန်တော်တို့တောင်သူတွေရဲ့ဘဝ အကြောက်တရားနဲ့ အချိန်ကုန်ခဲ့ရတာတွေကိုလည်း ကျွန်တော်တို့တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုနောက်ဆုံးခေတ်မှာတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့အုပ်ချုပ်တဲ့ ၂၀၁၀ ခုနှစ်မှ ယခုအချိန်ထိပဲဖြစ်ပါတယ်။ ပထမအစိုးရသစ်လက်ထက် ငါးနှစ်တာကာလမှာ နိုင်ငံတော်သမ္မတ ဒုတိယဗိုလ်ချုပ်ကြီးဦးသိန်းစိန်ဦးဆောင်တဲ့လက်ထက်မှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနကို ဗိုလ်ချုပ်မြင့်လှိုင်ကတာဝန်ယူပြီး စီမံခန့်ခွဲခဲ့တာ

ဖြစ်ပါတယ်။ ယခုလက်ရှိအချိန်မှာတော့ နိုင်ငံတော်သမ္မတကြီးဦးဝင်းမြင့်က အစိုးရအဖွဲ့ကို ဦးဆောင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဒေါက်တာအောင်သူက ယခုအချိန်မှာစီမံခန့်ခွဲနေတာ ဖြစ်ပါတယ်။ အဲဒီအစိုးရရဲ့လက်ထက်မှာ ရည်မှန်းချက်တွေ၊ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကိုကြည့်တဲ့အခါမှာ တောင်သူလယ်သမားတွေရဲ့အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ၊ အခက်အခဲတွေကို ကူညီဖြေရှင်းပေးမယ့်အချက်အလက်တေွကို ကျွန်တော်တို့တွေ့ရှိရပါတယ်။

တောင်သူတွေရဲ့ဘဝလုံခြုံဖို့၊ ဘဝမြင့်မားဖို့၊ အကျိုးစီးပွားတွေကို အကာအကွယ်ပေးနိုင်ဖို့ အတွက် ရေးဆွဲထားတာတွေချည်းပဲဖြစ်နေတာကိုတွေ့ရပါတယ်။ ဒါ့အပြင် ယခုဆိုလို့ရှိရင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ပေးရေးဥပဒေကိုလည်းပဲ ကျွန်တော်တို့ရေးဆွဲပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေကို လည်းပဲ ပြင်ဆင်နေဆဲပဲဖြစ်ပါတယ်။ ယခုဆိုလို့ရှိရင် ကျွန်တော်တို့အစိုးရအနေနဲ့ မြေသိမ်းတဲ့ အစိုးရမဟုတ်၊ မြေပြန်ပေးတဲ့ အစိုးရဖြစ်တယ်ဆိုပြီး တောင်သူလယ်သမားတွေရဲ့လက်ထဲကို မြေယာအရောက်ပေးနေတာတွေကိုလည်းတွေ့ရသလို တောင်သူတွေရဲ့ဘဝအတွက် ပတ်ဝန်းကျင် ဖန်တီးပေးတာတွေ၊ အထောက်အပံ့ ကောင်းတွေပေးနေတာကိုလည်း ကျွန်တော်တို့တွေ့ရှိနေရပြီ ဖြစ်ပါတယ်။

သို့သော်လည်းပဲ နှစ် ၅၀ လောက် အကြောက်တရားတွေနဲ့ သွားနေရတဲ့ခေတ်မှာ ခဏတာ ဆောင်ရွက်ပေးနေရုံနဲ့ ကျွန်တော်တို့ရဲ့ပြုပြင်ပြောင်းလဲမှုကိုဆောင်ရွက်ပေးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ လက်ရှိဖွဲ့စည်းထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနဟာလည်း တောင်သူလယ်သမားတေွအတွက်ဖွဲ့စည်းထားတဲ့ ဝန်ကြီးဌာနတစ်ခု ဖြစ်တာကြောင့် နောက်ထပ် ဝန်ကြီးဌာနအမည်တစ်ခုနဲ့ ဖွဲ့စည်းရန်လိုအပ်မည်မဟုတ်ပါကြောင်း ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းရဲ့အဆိုကို ကန့်ကွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မဟာ တောင်သူလယ်သမားတစ်ဦးရဲ့ သမီးပဲ ဖြစ်ပါတယ်။ ဒါဆိုဘာကြောင့် ကန့်ကွက်ရသလဲ မေးစရာရှိပါတယ်။ အရင်တောင်သူလယ်သမားဝန်ကြီးဌာနရှိစဉ်က တောင်သူလယ်သမားများ အတွက် ဘယ်လောက်အခွင့်အရေးရခဲ့ပါသလဲ။ ယခုအစိုးရလက်ထက်မှာ တောင်သူလယ်သမားများ ဘယ်လောက်အခွင့်အရေးရနေပြီလဲဆိုတာ တောင်သူများအားလုံး သိပြီးသားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ အဆိုရှင်ရဲ့ ရည်ရွယ်ချက် သုံးခုဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်များအပေါ်မှာ အခြေခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမအချက် ကတော့ လယ်သမားများရဲ့အခွင့်အရေး၊ ရပိုင်ခွင့်နှင့်အခက်အခဲများကို ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အခွင့်အရေးကာကွယ်ဖို့အတွက်လည်း ဒုတိယသမ္မတကြီးဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးလေးဦး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များပါဝင်တဲ့ အခွင့် အရေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဖွဲ့ပြီးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ တောင်သူ လယ်သမားများအတွက် မျိုးစေ့ဥပဒေ၊ အပင်မျိုးသစ်ကာကွယ်ရေးဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ အမျိုးသားမြေအသုံးချမှုမူဝါဒဖြစ်ပြီး တောင်သူလယ်သမားများရဲ့ အခက်အခဲလိုအပ်ချက်များကို ပွင့်လင်းစွာအကြံပြုနိုင်ကြခြင်းဖြစ်ပါတယ်။

မကြာသေးမီကပဲ အခြေခံစပါးဈေးနှုန်းသတ်မှတ်ပေးပြီး စပါးဈေးကျတဲ့အခက်အခဲကို ဖြေရှင်းထားတာ မှတ်မိကြအုံးမယ်ထင်ပါတယ်။ ဒါကြောင့် လယ်သမားများရဲ့ အခွင့်အရေးနှင့်

ရပိုင်ခွင့်များအတွက် ဒုတိယသမ္မတကြီးကိုယ်တိုင်ပါဝင်တဲ့ အဖွဲ့အစည်းနှင့်ဖြေရှင်းဆောင်ရွက်နေပြီ ဖြစ်တဲ့အတွက် ဝန်ကြီးဌာနအသစ်ဖွဲ့ဖို့ မလိုအပ်ကြောင်း ဆွေးနွေးလိုက်ရပါတယ်။ ဒုတိယအချက်ကတော့ တောင်သူလယ်သမားများ စိုက်ပျိုးမွေးမြူရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရန်ပဲ ဖြစ်ပါတယ်။ ဒီစိုက်ပျိုးမွေးမြူရေးကဏ္ဍကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အော်ဂဲနစ်စိုက်ပျိုးရေးနှင့် ပျိုးသစ်ကြီးစပါး မျိုးများကို အထွက်နှုန်းကောင်းတဲ့ပဲမျိုးများ၊ ဆားငန်ရေခံနိုင်တဲ့ စပါးမျိုးများစတဲ့ သီးနှံမျိုးများကို စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ စမ်းသပ်ရှာဖွေပြီး တောင်သူများထံ အရောက်ဖြန့်ဝေပေးနေပြီ ဖြစ်ပါတယ်။

ယခုမကြာခဏကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှုနှင့် သဟဇာတဖြစ်မဲ့ မဟာဗျူဟာချမှတ်ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်နေပြီးလည်း ဖြစ်ပါတယ်။ သီးနှံအလိုက် GAP စနစ်ဖြင့် စိုက်ပျိုးရန်လမ်းညွှန်စာအုပ်များကို တောင်သူများအတွက် လက်တွေ့ကျနည်းပညာ ပို့ချပေးနေပြီး ဖြစ်ပါတယ်။ မွေးမြူရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို အောင်မြင်စေရန်လည်း လက်တွေ့ သင်တန်းပို့ချလျက်ရှိပါတယ်။ ဒါကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဦးစီးဌာနမှဖြစ်ပါတယ်။ ဒီဌာနများဟာ တောင်သူများအတွက် အလုပ်လုပ် ပေးနေတဲ့ဌာနများဖြစ်လို့ တောင်သူများအမြဲလက်တွဲထားရမည့် ဌာနများလည်း ဖြစ်ပါတယ်။ ယခု အခါတောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေလည်း တိုးမြှင့်ပေးနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယအချက်ဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍ အတွက်ဆိုရင်လည်း ဝန်ကြီးဌာနအသစ်ထပ်ဖွဲ့ရန် မလိုအပ်တော့ပါကြောင်း ဆွေးနွေး လိုက်ရပါတယ်။

တတိယအချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တောင်သူလယ်သမားများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်ဒေသမှ ကျောင်းများ၊ ဆေးပေးခန်းများတွင် ရေရရှိရေး၊ တစ်ကိုယ်ရေသန့်ရှင်းများကို ဆောင်ရွက်ပေးနေသလို ကျေးလက်လမ်းများ Solar Home System များဖြင့် လျှပ်စစ်မီးရရှိရေးများ ကုန်ထုတ်လမ်းများဆောင်ရွက်နေတာတွေ့ရပါတယ်။ CDD Project၊ VDP Project နှင့် မြစိမ်းရောင် စီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပြီဖြစ်ပြီး သီးနှံဈေးနှုန်းများကိုလည်း တောင်သူများအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများမှာ ဖော်ပြထားပြီးလည်း ဖြစ်ပါတယ်။

ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တောင်သူများအတွက် ဦးစီးဌာနများစွာ ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်သလို ဆက်လက်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဝန်ကြီးဌာနအသစ်တစ်ခုဖွဲ့ဖို့ မလိုအပ်ပါကြောင်းနှင့် နိုင်ငံတော်ဘတ်ဂျက်ကို ဝန်ကြီးဌာနအသစ် တစ်ခုဖွဲ့ပြီး အကုန်အကျမခံသင့်ပါကြောင်း ဝန်ကြီးဌာနအသစ်တစ်ခုဖွဲ့မည့်အစား တောင်သူများ အဆင်ပြေမည့်လုပ်ငန်းများကို တိုးချဲ့သင့်ပါကြောင်းနှင့် ဒီအဆိုနှင့်ပတ်သက်လို့ အတည်မပြုသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ အဆိုနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြပါမယ်။ ဒီအဆိုဟာ အပေါ်မှာ လက်တွေ့ဘဝနှင့်ထင်ဟပ်ပြီး ကျယ်ပြန့်စွာသုံးသပ်ဆွေးနွေးရန် လိုအပ်လျက်ရှိတဲ့အလျောက် အချိန်အနည်းငယ်ရယူဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံမှာ အခြေခံကျတဲ့ ပြည်သူလူထုတစ်ရပ်ဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့အကျိုးစီးပွားအတွက် လက်ရှိအနေအထားမှာ မိမိတို့ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ခံအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အခြေအနေဖြစ်ပါတယ်။ ဝန်ကြီးဌာနကို ကဏ္ဍကြီးသုံးရပ်ဖွဲ့စည်းပြီး လုပ်ငန်းဦးစီးဌာန စုစုပေါင်း ၁၃ ခုနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိတဲ့ အနေအထားဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ စိုက်ပျိုးထုတ်လုပ်သူ၊ မွေးမြူသူတောင်သူလယ်သမားတွေရဲ့အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ ရပိုင်ခွင့်၊ အခွင့်အရေးနှင့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ ဒီဟာတွေကို ဖြေရှင်းဆောင်ရွက်နိုင်မယ့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ မိမိတို့ဝန်ကြီးဌာနမှာ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့်ဆက်နွှယ်ပြီး ဥပဒေပေါင်း လက်ရှိအခြေအနေမှာ ၂၃ ခု ပြဋ္ဌာန်းပြီး လိုအပ်မယ့်အဖွဲ့အစည်း Institutions များရဲ့ ဖွဲ့စည်းမှုနှင့်အတူ စီမံခန့်ခွဲဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ အခြေခံကျတဲ့တောင်သူလယ်သမားတွေရဲ့အဓိကအသက်မွေးမှုလုပ်ငန်းဟာ မြေပေါ်မှာ အခြေခံပါတယ်။ မြေကို အခြေပြုပြီး ယင်းတို့ရဲ့လူမှုစီးပွားဘဝ

ဖွံ့ဖြိုးတိုးတက်လာဖို့ ဆောင်ရွက်နေကြရတဲ့အလျောက် အဓိကကျတဲ့ မြေယာစီမံခန့်ခွဲမှုအပိုင်းကိုလည်းပဲ လိုအပ်တဲ့ဥပဒေများ ပြောင်းလဲပြီးတော့ ပြဋ္ဌာန်းဆောင်ရွက်ပေးလျက်ရှိတဲ့အခြေအနေလည်း ဖြစ်ပါတယ်။ ထို့အတူ အသက်မွေးဝမ်းကျောင်းပြုရာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေးနှင့် ၎င်းတို့ရဲ့စိုက်ပျိုးလယ်ယာမြေတွေ၊ မွေးမြူရေးအနေအထားတွေအပေါ်မှာ အကာအကွယ်ပေးနိုင်မယ့် ရေဘေးကာကွယ်ရေး တာတမံ လုပ်ငန်းတွေ၊ တစ်ဖက်ကလည်းပဲ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်တွေအတွက် ဈေးကွက်ခိုင်မာရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး၊ အကျိုးအမြတ်ဖြစ်ထွန်းနိုင်ရေး၊ တစ်ဖန် လယ်ယာလုပ်ငန်းခွင်မှာလည်းပဲ လုပ်သားရှားပါးမှုအပေါ်မှာအခြေတည်ပြီးတော့ လယ်ယာကဏ္ဍမှာ စက်မှုထွန်းကားတိုးမြှင့်အသုံးချပြီးတော့ ဆောင်ရွက်နိုင်ရေး၊ လယ်ယာကဏ္ဍရဲ့အခြေအနေတွေကို အဆင့်မြှင့်တင်ပေးနိုင်ရေး၊ အလားတူပဲ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းနှင့် လယ်ယာအရင်းအနှီးရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်တွေ ပြုစုပျိုးထောင်ရေးနှင့် ကျေးလက်အခြေခံအဆောက်အအုံ၊ လမ်းပန်းဆက်သွယ်မှု လုပ်ငန်းအစီအမံတွေနဲ့ ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်သွားတဲ့အခြေအနေရှိတယ်ဆိုတဲ့ အကြောင်းကိုလည်းပဲ တင်ပြအပ်ပါတယ်။ ဒီအချက်အလက်တွေဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးသွားတဲ့အထဲမှာ ပါဝင်တဲ့အလျောက် ငြင်းဖွယ်ရာမရှိတဲ့အကြောင်းတရားတွေလည်း ဖြစ်ကြပါတယ်။ အချုပ်အားဖြင့်ဆိုရရင် နိုင်ငံရဲ့ပြည်သူအများစု၊ တောင်သူလယ်သမားကြီးများရဲ့ ပင်မအသက်မွေးဝမ်းကျောင်းပြုတဲ့ စိုက်ပျိုးရေး၊ သားငါးကဏ္ဍ၊ မွေးမြူရေးကဏ္ဍမှာပါဝင်တဲ့ လယ်ယာကဏ္ဍကြီးဟာ သက်ဆိုင်တဲ့လုပ်ငန်းတွေကို အဓိကအားဖြင့် မိမိတို့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိနေကြောင်းနှင့် ဖွံ့ဖြိုးမှုဆက်စပ်လုပ်ငန်းတွေကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနဲ့ဆက်စပ်ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အဆိုရှင်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့တင်ပြချက်ပါ အလုပ်သမားရေးရာနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်တွေအတွက် ဝန်ကြီးဌာနသီးသန့်ထားရှိခြင်းဟာ အလုပ်သမားနှင့်တိုင်းရင်းသားရေးရာများနှင့်ပတ်သက်ပြီး စီမံဆောင်ရွက်နေတဲ့အဖွဲ့အစည်း သီးသီးသန့်သန့်ထားရှိနိုင်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ဖွဲ့စည်းထားကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ လက်တွေ့ဘဝမှာ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနရယ်လို့ အမည်နာမ တပ်မထားသော်လည်းပဲ ပကတိမြေပြင်အနေအထားမှာ၊ လက်တွေ့အခြေအနေမှာ တောင်သူတွေရဲ့အကျိုးစီးပွားကိုအဓိကထားပြီး အလုံးစုံဘက်စုံကနေ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ဝန်ကြီးဌာနတစ်ခုဖြစ်တယ်ဆိုတာ ပြည်သူအားလုံးလည်း သိရှိပြီးဖြစ်ပါတယ်။ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အခန်း(၂) ရည်ရွယ်ချက်ပုဒ်မ ၃ ပုဒ်မခွဲ(ဆ)မှာ တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရေးကိုဦးတည်ဆောင်ရွက်ဖို့ ပြဋ္ဌာန်းထားရှိမှုရှိပါတယ်။ အဆိုပါ ပြဋ္ဌာန်းမှုနှင့်အညီ ယင်းဥပဒေပြဋ္ဌာန်းဖို့အတွက်လည်း မိမိတို့ဝန်ကြီးဌာနမှ အားထုတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ရှိရင်းစွဲအရင်းအမြစ်တွေကို အသုံးချပြီး ဆက်စပ်ဝန်ကြီးဌာနတွေဖြစ်ကြတဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပုဂ္ဂလိကအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်ပေါင်းစပ်ပြီး တောင်သူလယ်သမားအကျိုးစီးပွားကို အစဉ်တစိုက်အလေးအနက်ထား ပြည်သူများရဲ့အားနှင့် ဖြည့်စွမ်းဆောင်ရွက်နေတဲ့ အခြေအနေဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံဒေသအတွင်းနဲ့ အာရှဒေသအတွင်း မိမိတို့ရဲ့နိုင်ငံအလိုက်ရေမြေသဘာဝအခြေခံတွေအပေါ်မှာတည်မှီပြီးတော့ နိုင်ငံတွေရဲ့အစိုးရအဖွဲ့အသီးသီးမှာ

မိမိတို့နိုင်ငံရဲ့ ပကတိတည်ရှိမှု အနေအထားအပေါ်မှာ အခြေခံပြီးတော့မှ နိုင်ငံဖွံ့ဖြိုးရေးအတွက် ရေးရာအဖြာဖြာကို ဆောင်ရွက်နိုင်ဖို့ အစိုးရအဖွဲ့တွေက ဝန်ကြီးဌာနတွေကို ဖွဲ့စည်းထားကြတာကို လေ့လာတွေ့ရှိရ ပါတယ်။ လေ့လာကြည့်မယ်ဆိုရင် တောင်သူလယ်သမားရေးရာကိစ္စနှင့်ပတ်သက်ပြီး လယ်ယာ စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးဌာနတစ်ခုက အဓိကထားဆောင်ရွက်နေကြောင်း တွေ့ရှိရပါတယ်။ တရုတ် နိုင်ငံမှာဆိုရင်လည်း Ministry of Agriculture and Rural Affairs ရဲ့အောက်မှာဌာနများဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသလို အိန္ဒိယနိုင်ငံမှာလည်းပဲ Ministry of Agriculture and Farmers' Welfare ဆိုပြီးတော့ လယ်ယာလုပ်ငန်းနှင့် တောင်သူအကျိုးစီးပွားကို အဓိကထား ဆောင်ရွက်နေကြောင်းလည်း တွေ့ရပါတယ်။ ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးကို စီးပွားရေးအရ အားပြုထားရတဲ့ ဗီယက်နမ်နိုင်ငံမှာဆိုရင် Ministry of Agriculture and Rural Development၊ ထိုင်းနိုင်ငံမှာဆိုရင် Ministry of Agriculture and Cooperatives ဆိုပြီးတော့ ဖွဲ့စည်းအကောင် အထည်ဖော်မှုများရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအချင်းအရာတစ်ရပ်မှာ ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဍာန်နဲ့ အနှစ်သာရ Structure and Essences ဆိုပြီးရှိကြပါတယ်။ ဖွဲ့စည်းတည်ဆောက်ပုံကို ပုံဖော်ပေးဖို့အတွက် အဓိကကျတာကတော့ အနှစ်သာရ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တစ်ဦး ဆွေးနွေးသလို မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးသမိုင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင် ဂျပန်ခေတ် လက်ထက်ကတည်းမှာလည်း လယ်ယာစိုက်ပျိုးရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန၊ တစ်ဖန် လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာန၊ ထိုမှတစ်ဆင့် တော်လှန်ရေးကောင်စီတက်ခဲ့ပြီးနောက် ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ်ပြောင်းလဲလာပြီးတဲ့နောက်မှာလည်းပဲ မိမိတို့ဒီဝန်ကြီးဌာနနှစ်ခုကို ပေါင်းပြီးတော့မှ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနအနေအထား ကနေပြီးတော့တစ်ခါ ၁၉၈၃ ခုနှစ်ရောက်လာတဲ့အခါမှာ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနအောက်

မှာရှိတဲ့ မွေးမြူရေးနှင့် သားငါးကို ဖယ်ထုတ်ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဌာန၊ တစ်ဖန် ၁၉၈၈ ခုနှစ် နဝတအစိုးရလက်ထက်၊ ၁၉၉၂ ခုနှစ်မှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ၁၉၉၆ ခုနှစ်မှာ ဌာနများပေါင်းစည်းဖွဲ့စည်းမှုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အသီးသီးဖွဲ့စည်းဆောင်ရွက်လာခဲ့တဲ့အခါမှာ နောက်ဆုံးယခုအစိုးရသစ်လက်ထက် ဌာနတွေက လုပ်ငန်းတူသဘာဝတူညီပြီး တစ်ခုတည်းသော တောင်သူလယ်သမားများရဲ့အကျိုးကို ပြုနိုင်ဖို့အတွက် ဒီအနှစ်သာရကို ဖော်ဆောင်နိုင်ဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဆိုပြီးတော့ ကျစ်လျစ်သိပ်သည်းစွာ ဖွဲ့စည်းထားတဲ့အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးအဆိုတင်သွင်းသလို တောင်သူလယ်သမားများရေးရာဝန်ကြီး ဌာနတစ်ခု ထပ်မံတိုးချဲ့ဖွဲ့စည်းမယ်ဆိုရင် လက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနရဲ့လုပ်ငန်းတာဝန်တွေအရ ဆောင်ရွက်ရမယ့်လုပ်ငန်းတာဝန်တွေ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ရောထွေးပြီးတော့ စီမံခန့်ခွဲမှုအပိုင်း မကွဲပြားဘဲနဲ့ မလိုလားအပ်သော အကန့် အသတ်နှင့် ရှုပ်ထွေးမှုအနေအထားများ ကြုံတွေ့လာနိုင်မယ့်အခြေအနေလို့ သုံးသပ်ရရှိပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းမှုမှာ လိုအပ်မယ့်လူ့စွမ်းအားအရင်းအမြစ် အပိုင်း၊ ဘဏ္ဍာငွေကြေးအပိုင်းအစရှိတဲ့ ရုပ်ဝတ္ထုအခြေခံနဲ့ အရင်းအမြစ်တွေအပေါ်မှာ တောင့်တင်း ခိုင်မာဖို့ဟာလည်းပဲ ထည့်သွင်းစဉ်းစားချင့်ချိန်ရမယ့် အကြောင်းတရားများလည်းပဲ ဖြစ်ပါတယ်။ ယခင်ကာလအတွေ့အကြုံများအရ ဝန်ကြီးဌာနအများအပြားဖွဲ့စည်းမှုအခြေအနေကို ပြန်လည် သုံးသပ်ကြည့်လိုက်တဲ့အခါမှာ ရုံးတစ်ရုံး၊ ခေါင်းတစ်စင်းနဲ့ စီမံခန့်ခွဲမှုအပိုင်း၊ ပူးပေါင်းဆောင်ရွက်မှု အပိုင်းအားနည်းပြီး မိမိတို့အကောင်အထည်ဖော်မှုအနေအထားတွေမှာ အကန့်အသတ်တွေရှိခဲ့တယ် ဆိုတဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေလည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် အထက်မှာ တင်ပြဆွေးနွေးခဲ့တဲ့အတိုင်း တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာဥပဒေ ပေါ်ပေါက်စေရေး

မူကြမ်း

ကိုလည်း ဆောင်ရွက်လျက်ရှိတဲ့အတွက်လည်းကောင်း၊ လက်ရှိနိုင်ငံတော်ရဲ့မူဝါဒအရ ဝန်ကြီးဌာနများ ကျစ်လျစ်စွာဖွဲ့စည်းဆောင်ရွက်နေမှုကြောင့်လည်းကောင်း၊ ပြည်ထောင်စုအဆင့်မှာ သီးခြားဝန်ကြီးဌာနတစ်ခုအနေနဲ့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနအဖြစ် ထပ်မံတိုးချဲ့ဖွဲ့စည်းရန်လိုအပ်မှုမရှိတဲ့အခြေအနေဖြစ်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုဟာ အတည်မပြုသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အဆိုနှင့်ပတ်သက်ပြီးတော့ ဝိုင်းဝန်းဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးစလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ အသေးစိတ်ဆွေးနွေးခဲ့တဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီထဲမှာ ဆွေးနွေးတဲ့အထဲမှာလည်း ထောက်ခံတဲ့သူများ၊ မှတ်တမ်းတင်ပေးမယ့်သူများ၊ အဆိုအတည်မပြုတဲ့သူများ အသီးသီးပါဝင်တာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဒီအဆိုကို တင်ကတည်းက တောင်သူလယ်သမားတွေအတွက် အားကိုးရာမဲ့ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်ဒီအဆိုကို တင်သွင်းခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဆိုထဲက ပါပြီးသားဖြစ်ပါတယ်။ အလုပ်သမားရေးရာ၊ အလုပ်သမားများအတွက် အလုပ်သမားရေးရာဝန်ကြီးဌာနရှိတယ်။ တိုင်းရင်းသားရေးရာအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှာလည်း ရှိကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့အဓိကအားဖြင့် တောင်သူလယ်သမားတွေဟာ ယခုအချိန်မှာဆိုလို့ရှိရင် စပါးဈေးက မကောင်း၊ ဆောင်းရာသီသီးနှံပဲဈေးတွေက မကောင်းဖြစ်နေတဲ့အခါ တောင်သူလယ်သမားတွေက ဒုက္ခပင်လယ်ဝေကြပါတယ်။ အဲဒီတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှာလည်း စောစောကဝန်ကြီးဌာနသုံးခုကို ပေါင်းစပ်ထားတဲ့အတွက်ကြောင့် တကယ်ဆောင်ရွက်နေတုန်း ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကလည်း ဒီလိုဝန်ကြီးဌာနများအားလုံးကို

ပေါင်းစပ်ပြီးတော့ စီမံခန့်ခွဲမှုဟာ ခက်ခဲတဲ့အနေအထားရှိပါတယ်။ ဒုတိယဝန်ကြီးဆိုရင်လည်း လွှတ်တော်စတဲ့အချိန်မှာဆိုရင် နယ်ထွက်လို့မရပါဘူး။ တောက်လျှောက် လွှတ်တော်ထဲလာနေရတဲ့ အမျိုးသားလွှတ်တော်ရော၊ ပြည်သူ့လွှတ်တော်ရော ရှိနေပါတယ်။ ဒါကြောင့်မို့လို့ မနိုင်မနင်းဖြစ်နေတဲ့ ဒီလို ဦးစီးဌာနလေးတွေများတဲ့အထဲထဲက တောင်သူလယ်သမားနှင့် သီးခြားသက်ဆိုင်တဲ့ အဖွဲ့အစည်းများကို ဆွဲထုတ်ပြီးတော့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုကို ဖွဲ့စည်းပေးချင်တဲ့ စိတ်ဆန္ဒသဘောအရ ဒီအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။

အဲဒီတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဓိကအားဖြင့်တော့ Seed Production၊ ဒုတိယကတော့ Training and Education နဲ့ တတိကယကတော့ Research and Development ဆိုတဲ့လုပ်ငန်းကြီးသုံးခုကိုပဲ အဓိကထားပြီးတော့ လုပ်နေတဲ့သဘောရှိပါတယ်။ ကျန်တဲ့တောင်သူလယ်သမားတွေရဲ့အခက်အခဲတွေကို လုပ်ကိုင်ပေးမယ့်သူက အင်မတန်နည်းပါတယ်။ အဲဒီတော့ စပါးဈေးတွေကလည်း ကျဆင်းနေတယ်။ စပါးဈေးသတ်မှတ်ထားသော်လည်းပဲ အခုအချိန်မှာ ရိတ်သိမ်းခြွေလှေ့တဲ့စပါးတွေဆိုလို့ရှိရင် နှစ်တင်းကို ၁၀၅ ပေါင်လောက်နဲ့ လေးသိန်းခွဲလောက်နဲ့ နယ်တွေမှာ ဝယ်ပြီးတော့ ကုန်သည်တွေ ကနေတစ်ဆင့် ပြန်ပြီးလုပ်နေတဲ့အတွက်ကြောင့် စပါးတွေလည်း တွက်ခြေမကိုက်ပါဘူး။ အဲဒီတော့ ထိုင်းနိုင်ငံကိုကြည့်မယ်ဆိုလို့ရှိရင် ၂၀၁၈–၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီတုန်းက ဆန်အမျိုးအစားငါးမျိုးကို ဈေးနှုန်းအာမခံချက်ပေးပြီးတော့မှ လယ်သမားတွေကို စိုက်ခိုင်းခြင်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် အရှေ့မြောက်ပိုင်းမှာရှိတဲ့ ဟိုးမလင်းဆန်ဆိုလို့ရှိရင် တစ်တန်ကို ဘတ်တစ်သောင်းခွဲနဲ့ ပေးမယ်။ အခြားဟိုးမလင်းဆန်ဆိုရင် ဘတ် ၁၄၀၀၀ နဲ့ပေးမယ်။ ဆန်လုံးပုဆိုရင် ဘတ်တစ်သောင်းနဲ့ပေးမယ်။ ကောက်ညှင်းဆန်ဆိုရင် ဘတ် ၁၂၀၀၀ နဲ့ပေးမယ် ဆိုပြီးတော့ ဒီလိုအာမခံစနစ်တွေနဲ့လုပ်တဲ့အတွက်ကြောင့် ထိုင်းလယ်သမားတွေလည်း တွက်ခြေကိုက်သွားတဲ့သဘောရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြောလိုတာကတော့ တောင်သူလယ်သမားတွေအတွက် သီးခြားသီးသန့်ကျစ်လျစ်ခိုင်မာတဲ့ အဖွဲ့အစည်းတစ်ရပ်ကတော့ လိုပြီလို့

ထင်တဲ့အတွက်ကြောင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနဖွဲ့စည်းဖို့ ကျွန်တော်အဆ တင်သွင်းခြင်းဖြစ်တယ်။ တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ် ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရလည်း မနေ့က ပြည်ထောင်စုလွှတ်တော်မှာ ရေကြီးနစ်မြုပ်တဲ့ ကေပေါင်း သုံးသိန်းကျော်ကို သန်းပေါင်း ၃၀၀၀ ကျော်နဲ့ ထောက်ပံ့ခဲ့တာလည်း တွေ့ရပါတယ်။ ဒါကလည်း အင်မတန်ဝမ်းသာစရာကောင်းတဲ့သဘောရှိပါတယ်။ သို့သော်လည်းပဲ လယ်တစ်ကေကို တစ်သောင်းနှုန်းလောက်ရတဲ့အခါကျတော့ လယ်သမားတွေအတွက် မျိုးစပါးဖိုးတောင်မရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားထုကြီး တစ်ရပ်လုံးအတွက် သီးခြားကျစ်ကျစ်လျစ်လျစ်၊ ခိုင်ခိုင်မာမာတည်ဆောက်ပြီးတော့ တောင်သူလယ်သမားတွေနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ဦးစီးဌာနများကို ပေါင်းစပ်ပြီးတော့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းနိုင်ဖို့အတွက် ကျွန်တော့်ရဲ့အဆိုကိုတော့ အတည်ပြုပေးသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၄ ဦးကဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား အတည်မပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဆိုရှင်ရဲ့ သဘောကွဲလွဲတဲ့အတွက် ဦးသိန်းထွန်းတင်သွင်းသွားတဲ့အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်အပေါ်မူတည်၍ မဲခွဲဆုံးဖြတ်သွားပါမယ်။ ထောက်ခံဆန္ဒမဲများလျှင် အဆိုရှင်ရဲ့ အတည်ပြုရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဝန်ကြီးဌာနရဲ့

အတည်မပြုရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲ ပေးလို့ရပါပြီ။

ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၁၂၇ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၂၁ မဲနဲ့ ကြားနေမဲ ၇ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးသိန်းထွန်းတင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်မပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အတွက် အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃:၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၃:၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့

(၇.၁၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Kyaw Linn U Nay Linn Aung




U Kyaw Linn U Maung Maung




U Kyaw Linn U Tun Tun Naing




U Hla Kyaw U Win Win




U Hla Kyaw Dr Khin Maung Maung




U Hla Kyaw U Kyaw Aung Lwin

pyithu.hluttaw.mm



U Hla Kyaw



U Win Myint Aung

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်